ရှေးဟောင်းကျော်
ကမ္ဘာ့သယမ မဟာနိမိတ်ကိုးပါး

လက်တွေ့

# ပယောဂ

ကုထုံးကျမ်း

နာယကဆရာကြီး ဦးစံသိန်း (ခနုဖြူ)
B.A Dip: E.d.

ရေးသားပြုစုသည်။

ရွှေရင်ကျော်

ကုဏ္ဍာသယ မဟိဒ္ဓိဝေဂိုဏ်းတော်ကြီး

# လက်တွေ့

# ပယောဂ

# ကုထုံးကျမ်း

နာယက ဆရာကြီး ဦးစံသိန်း

(နေမြို့)

B.A Dip: Ed

ရေး သား ပြု စု သည်။

ရွှေရင်ကျော် ကုဋ္ဌာသယ
မဟာဗိန္ဒြိစေတိယ်ဘဏ်းတော်ကြီးကို
စောင့်ရှောက်တော်မူကြကုန်သော ကျေးဇူးရှင်
''အဘဆရာဖြူး၊ အဘဆရာအေး၊
အဘဆရာပွင့်၊ အဘဆရာဟန်'' နှင့်တကွ
ဝိဇ္ဇာခိုရ် ဆရာကြီးအပေါင်းတို့အား
☆ ဦးကျိမ်းစာအုပ်ဖြင့် ရှိခိုးကန်တော့ပါ၏ ☆

မူပိုင်

ရွှေရင်ကျော် ဣန္ဒာသယ မဟိဒ္ဒိဝေဂိုဏ်းတော်ကြီး

နာယက ဆရာကြီး ဦးစံသိန်း

အမှတ်(၂၈၇/၂၈၈)၊ မြသိန်းတန်လမ်း၊ (၁၀)ရပ်ကွက်၊

မနေပြမြို့။

(တစ်ဆင့် ပြန်လည်ကူးယူပုံနှိပ်ခြင်း၊ လုံးဝခွင့်မပြု)

# " သတိပေးနှိုးဆော်စာ "

- ကံ-ဉာဏ်-ဝီရိယ၊ သုံးဌာနနှင့်
သီလမြဲစွာ၊ သစ္စာဂတိ
အမှန်ရှိ၍၊ တိတိကျကျ
စီရင်မှသာ၊ မချွတ်စွာ
ဖြစ်ကုန်ရာ၏။

- ရေးကံမပါ
ဉာဏ်မှာ မလင်း။ ဝီရိယကင်းလျက်၊
စောင့်ခြင်းသီလ၊ တကွသစ္စာ၊
ကင်းလွတ်ပါမူ၊ မှန်စွာသူမိုက်၊
စိတ်၌ ကြုံးဝါး၊ ငါ တကားဟု၊
ပြုပြား၍သာ၊ အားထုတ်ပါလည်း။
နည်းနာမကျ၊ မှန်မရဘဲ၊
ပျက်ရမည်သာ၊ ယုံကြည်ပါဟု၊
ဆရာသူမြတ်၊ မိန့်မှာအပ်သည့်
ကျမ်းမြတ်အလာ၊ နှိုးဆော်ပါသည်။

ပိဋကတ်ချုပ်ဆရာကြီး ဦးတိုးဟန်
( မနဖြူမြို့ )

ကျွန်ုပ်၏ ဖခင်ကြီးဖြစ်သော

ကျေးဇူးရှင်

ရွှေရင်ကျော် ဣန္ဒာသဃ မဟာဝိဒ္ဓိ ဇော်ဂျီဂိုဏ်းတော်ကြီး

"ဂိုဏ်းချုပ် အဖဆရာကြီး ဦးဘိုးဟန်" အား

ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရှိခိုးကန်တော့ပါ၏။

ဆရာကြီး *ဦးစံသိန်း

ဓနုဖြူမြို့

## ရွှေရင်ကျော်ဆိုသည်မှာ–

- ဝိသမနှင့်...
  လောဘကိုလည်းကောင်း။
- သက္ကာယနှင့်...
  မာနကို လည်းကောင်း။
- စွဲအတ္တနှင့် ...
  ဒေါသကို လည်းကောင်း။
- ပဋိပက္ခနှင့် ...
  အာဃာတကို လည်းကောင်း။
- ဝိရောဓိနှင့် ...
  ဒွိဟ သံသယကို လည်းကောင်း။
- ရာထူးဂုဏ်သိမ်နှင့် ...
  အရှိန်အဝါကို လည်းကောင်း။
- ပဟာသနှင့် ...
  ဂုဏ်မာနကို လည်းကောင်း။

ဥပေက္ခာပြု တစ်ခုချင်းပယ်၊
တစ်စွယ်ချင်းဖြတ်၊ အမြစ်ပြတ်မှ၊
စိတ်စာတ်နိုင်မှာ၊ ရင့်ကျက်လာမည့်၊
မေတ္တာသမား ဝိပေလိမ့်။ ။
သစ္စာတရား တည်ပေချိမ့်။ ။

ဆရာကြီး ဦးစံသိန်း
နေပြည်တော်

# ဝိ ဇ္ဇာ တ ပည့် ပိ စေ ဘို့

အဝိဇ္ဇာကိုပယ်ခွာ၍ ဝိဇ္ဇာနယ်တွင် သိဒ္ဓိမဟိဒ္ဓိ အစုံစုံကို ပိုင်စိုးသသူ အထက်ဆရာတော်ကြီး အပေါင်းတို့သည် ကာယဝစီ မနောကြည်ကြသူ တပည့်တို့၏ ခန္ဓာကလပ်အစု အစည်းစည်း တိုင်းကို သိဒ္ဓိဓာတ်များအဖြစ် လွှဲပြောင်းရစ်ခဲ့ပြားလည်း လောကဓံ၏ ဒါဏ်ကို ကြံ့ကြံ့မခံစွမ်းနိုင်သူတို့သည် ယင်းသိဒ္ဓိဓာတ်တို့ကို အလေးမမူတော့သည့်အခါ ဝိဇ္ဇာတို့၏ တပည့်ဘဝမှ ကင်းကွာ နေရရှာပေလိမ့်မည်တည်း။ ။

ဆရာကြီး ဦးစံသိန်း

(မနုဖြူမြို့)

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## နိဒါန်း

ကျွန်ုပ်သည် ရွှေရင်ကျော်ကျွဲသေယ မဟာဒိဗ္ဗစေတိဂိုဏ်းတော်ကြီး၏ ပညာကို သင်ယူခဲ့ကြသူတိုင်း တတ်သိနားလည်လိုသော လက်တွေ့ ပယောဂကုထုံးနိသျှနှင့် ပယောဂတို့၏ ပရိယာယ် အသွယ်သွယ်ကို ကျမ်းတစ်စောင်အဖြစ် ရေးသားရန်ဆန္ဒဖြစ် ခဲ့သည်မှာ ကြာပါပြီ၊ သို့ရာတွင် အခက်အခဲအမျိုးမျိုးကြောင့် ယခုမှပင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါ၏။

ဤကျမ်းကို ရေးသားပြုစုရာ၌ ကျွန်ုပ်တွင် ရည်ရွယ်ချက် နှစ်ရပ်ရှိပါသည်။ ပထမရည်ရွယ်ချက်မှာ ပယောဂဝေဒနာ များအား တကယ်လက်တွေ့ကုသလိုသူ ရွှေရင်ကျော်ဂိုဏ်းဝင် တပည့်တိုင်း အခက်အခဲမရှိ ပိုင်နိုင်ကျွမ်းကျင်စွာ ကုသနိုင်ကြစေရန် ဖြစ်ပါ၏။

ဒုတိယရည်ရွယ်ချက်မှာ ကျွန်ုပ်၏ ဖခင်ကြီး ရွှေရင်ကျော် ကုထုံးမှုများကို တိမ်းပါး၊ ချွတ်ချော်မှုများ၊ ကင်းစင်၍ ရိုးအစဉ် အလာမပျက် တစ်ထပ်တည်း၊ တစ်သားတည်း၊ တစ်မူတည်း ထိန်းသိမ်းစောင့်ရှောက်နိုင်ကြစေရန် ဖြစ်ပါသည်။

ရွှေရင်ကျော်ပညာသည် ပယောဂကို ကုသရာတွင် သဘာဝမူလ အခြေခံ အချက်ကြီးများအပေါ်တွင်သာ ဉာဏ်ရှိ သလို သိုင်းဝိုင်းချဲ့ထွင်၍ ကုသခြင်း ဖြစ်ပါသည်။ ယင်းသဘာဝ အခြေခံအချက်ကြီးများကို သိရှိနားလည်ထားခြင်း မရှိပါက မိမိ၏အတ္တနောမတိ စိတ်ကူးဖြင့် ထင်ရာမြင်ရာကို ကုသပါ သော်လည်း အောင်မြင်မည် မဟုတ်ပေ။

ရှေ့ရင်ကျော်ပညာသည် ပယောဂထိုင်းအား ယတိပြတ် ကုသနိုင်သော စေပိုင် အာဏာပိုင် ပညာစစ်စစ်ဖြစ်ပါလျက် ကုထုံး ပရိယာယ် အသွယ်သွယ်ကို နားမလည်နိုင်သဖြင့် . . .

(၁) ပယောဂဟုတ်သည်ကို ဟုတ်မှန်းမသိခြင်း။

(၂) ပယောဂကြောင့်ဖြစ်သော အနာရောဂါဝေဒနာ ကင်းပြတ်အောင် မကုသနိုင်ခြင်း။

(၃) ပယောဂအစွဲကို ကင်းပြတ်စင်ကြယ်အောင် မကုသနိုင်ခြင်းများ ဖြစ်တတ်ကြပေသည်။

ထို့ကြောင့် အချို့သော ပညာယူပြီးသူတို့သည် ပညာ၏ အနှစ်သာရ၊ ပညာ၏ အကျိုးကျေးဇူးကို မခံစား မထိတွေ့သဖြင့် စိတ်သဘောထားခံယူချက်များ လွဲမှားပေါ့ပျက်လာစေခြင်းများအထိ ဖြစ်လာနိုင်ပေသည်။

ရှေ့ရင်ကျော်ပညာစစ်စစ်မှာ သင်ကြားခံယူပြီးသူ တစ်ဦးကို တစ်နေ့တစ်ခြား စိတ်အားတက်ကြွစေခြင်း။ ယုံကြည်ရဲရင့်စေခြင်း။ ကြည်လင်ဝမ်းမြောက်စေခြင်း။ ဘုန်းကြီးစေခြင်းများ ဖြစ်ရပါမည်။ အပြစ်ကင်းစင်သော သူတော်စင်ဘဝသို့ တစ်နေ့တစ်ခြား ရောက်ရှိနိုင်မြဲစေသည်သာ ဖြစ်ရပါမည်။

ဤသို့ ဖြစ်ရန်မှာလည်း နဂိုပညာမယူမီက မိမိနှင့် လားလားမျှ မဆိုင်သော သတ္တဝါတို့၏ ဒုက္ခဝေဒနာကို ကယ်တင်နိုင်မှု စွမ်းရည်ထူးများကို စိတ်ချလက်ချ ရရှိသောကြောင့်သာ ဖြစ်ပါ၏။ ကုထုံးနည်းများကို မပိုင်နိုင် မရေရာသဖြင့် စမ်းတဝါးဝါးနှင့်သာ ရင်ဆိုင်တွေ့ကြုံလျှင်ကား ပယောဂက မိမိအား ဒုက္ခမပေးနိုင်သည်မှ

အပ စိတ်တိုင်း မပေါက်သဖြင့် ပညာကို အထင်လွဲမှားစွာ ဆုံးဖြတ်တတ်ပေသည်။ ထိုအခါ မိမိသာမက ဂိုဏ်းတော်ကြီး၏ဂုဏ်ကို များစွာ ထိခိုက်နစ်နာစေ နိုင်သဖြင့် အပြစ်များ မဖြစ်သင့်ဘဲ ဖြစ်ရလေတော့သည်။

ဤသည်တို့ကို အကြောင်းပြု၍ ရပ်ဝေးရပ်နီး ပညာယူပြီး သူတိုင်းသည် ပယောဂ စေဒနာရှင်များကို တွေ့ရှုလျှင် ချွင်းချက် မရှိ ကယ်တင်ကုသခြင်းဖြင့် ဂိုဏ်းတော်ကြီး၏ ဂုဏ်ကို မြှင့်တင် နိုင်ကြစေရန် ဤလက်တွေ့ပယောဂ ကုထုံးကျမ်းကို ပြုစုထုတ် ဝေလိုက်ရခြင်း ဖြစ်ပါသည်။

ဤကျမ်းတွင် အဆေးစိတ် ပယောဂ စမ်းသပ်ပုံများ ဆုံးဖြတ်ပုံများ။ တကယ်ကုသရာ၌ မသိမဖြစ်သော အခြေခံ အချက်ကြီးများ အစွဲအမျိုးမျိုး။ ကုသပုံအမျိုးမျိုး။ ပေါ်ပေါက်လာ တတ်သော အခက်အခဲ အမျိုးမျိုးကို ရှင်းလင်းရပုံများ။ သဘာဝ ဖြစ်ချင်တိုင်း ဖြစ်တတ်ပုံ၊ သာဓကများ။ စောင့်စည်းရမည့် အချက်များ။ လိုက်နာရမည့်အချက်စသည်များကို သဘာဝ ယုတ္တိတို့ဖြင့် ဖခင်ကြီး၏ မှုများကို အခြေခံ၍ ကျွန်ုပ်ဘဝ တစ်လျှောက် တွေ့ကြုံခဲ့ရသည့် ကုထုံးပရိယာယ် အသွယ်သွယ် တို့ကို စေတနာမှန်ဖြင့် ခြွင်းချန်ခြင်းမရှိ ရေးသားတင်ပြထားပါသည်။

ဤကျမ်းကို ဖတ်ရှုလေ့လာဆည်းပူးသူတိုင်းသည် ပယောဂ မှန်သမျှ ကင်းစင်ပြတ်သားအောင် ကုသနိုင်မည် ဖြစ်ပါသည်။ အခြေခံမှုများကို ကူးယက်ဆက်နွယ်၍ မိမိဉာဏ်ကွန့်မြူးနိုင် သလောက် တီထွင် ကုသခြင်း ပြုနိုင်ပါလိမ့်မည်။

ဤကျမ်းပါ ပယောဂ ကုသပုံနည်းပရိယာယ် များမှာ သဘာဝ အကျိုးအကြောင်းဆက်စပ်မှု အပြည့်အဝ ရှိကြောင်းလည်း မျက်မြင်မှချ တွေ့ရပါလိမ့်မည်။ အောက်လမ်းဝိဇ္ဇာတို့၏ သဘာဝသည် သူ့သဘော သူဆောင်လိမ့်မည်။ ထိုအတူအထက်လမ်း ဝိဇ္ဇာပညာသည်လည်း သူ့သဘောသူဆောင်သည့်အတွက် အောက်လမ်းဝိဇ္ဇာတို့၏ နှိပ်စက် ညှင်းပမ်းထားသမျှ ရောဂါဝေဒနာ အထွေထွေကို သဘာဝကျကျ မြင့်မြတ်သော ဝိဇ္ဇာပညာဖြင့် ပယ်ရှားသုတ်သင်နိုင်ခြင်းသာ ဖြစ်ပါချေ၏။ မည်မျှကျွမ်းကျင်သော အတတ်ပညာ စွမ်းရည် သတ္တိမျိုးမဆို မကောင်းသောစိတ်ဖြင့်ယှဉ်၍ ပြုစားဖမ်းစားခြင်းသည် အောက်လမ်းပင် ဖြစ်ပါ၏။ မိစ္ဆာအတတ်ကို ဝိဇ္ဇာအတတ်ဖြင့် နှိမ်နင်းနိုင်ပါ၏။ အထက်လမ်းဝိဇ္ဇာအတတ်ဖြစ်သော ရှေးရင်ကျော်ပညာဖြင့် မပယ်ရှား မကုသနိုင်သော ပယောဂဟူ၍မရှိချေ။ ထို့ကြောင့် ရှေးရင်ကျော် အထက်လမ်းပညာကို သင်ကြားခံယူပြီးသူ အပေါင်းတို့သည် အထက်လမ်းပီပီ ကောင်းသောစိတ်ဖြင့်ယှဉ်၍ (၁)ယုံကြည်ရမည်။ (၂)ရဲရင့်ရမည်။ ဤအချက်များဖြင့် ပြည့်စုံလျှင် ဘဝတစ်လျှောက် အခက်အခဲ အတားအဆီးဟူသ၍ ကင်းစင်ပါလိမ့်မည်။

ဤကျမ်းစာအုပ်ကို လေ့လာဆည်းပူး၍ သတ္တဝါတို့အား ဒုက္ခဝေဒနာ အပေါင်းမှ အလျင်အမြန် ကယ်တင် နိုင်ကြပြီဆိုလျှင် ကျွန်ုပ် ဤစာအုပ် ဖြစ်မြောက်ရန် ကြိုးစားရကျိုးနပ်ပြီ ဖြစ်ပါသတည်း။

ဆရာကြီး ဦးစံသိန်း (ဓနုဖြူ)

# ပယောဂကုထုံး

## ပယောဂ စမ်းသပ်နည်း

လူနာတစ်ဦးဦးကို ပယောဂဝေဒနာ ဟုတ် မဟုတ် သိလိုသဖြင့် စမ်းသပ်ရန် ပင့်ခေါ်သည့်အခါတွင် အခြေအနေ အမျိုးမျိုးဖြင့် တွေ့ကြုံရတတ်ပါသည်။

အချို့သော လူနာများမှာ ရှေးရင်ကျော်ပညာ အခြေခံစမ်းနည်း စမ်းကွက်ဖြင့် ပယောဂဟုတ်၏ မဟုတ်၏ စမ်းသပ်မှုကို ပြုလုပ်နိုင်သော အခြေအနေတွင် ရှိသော်လည်း အချို့သော လူနာများမှာမူ စမ်းသပ်၍ မရနိုင်သော အခြေအနေမျိုးတွင် ရှိတတ်ပါသည်။

ဥပမာအားဖြင့် ဝမ်းထဲမှာ အောင့်တတ်သောကြောင့် ပယောဂများ ဖြစ်လေမလားဟု ဆရာထံ လာရောက် ပြသအစမ်းသပ်ခံသူများကို အခြေခံ စမ်းနည်းစမ်းကွက်များဖြင့်-

(၁) အနံ့ပေး၍ စမ်းခြင်း။

(၂) ခြေထောက်မ ၍ စမ်းခြင်း။

(၃) ဇက်ဆွဲ၍ စမ်းခြင်း။

(၄) ဇက်လှည့်၍ စမ်းခြင်း။

(၅) ဇက်ထောက်၍ စမ်းခြင်းတို့ကို ပြနိုင်ပေလိမ့်မည်။

သို့ရာတွင် လေဖြတ်သကဲ့သို့ ဘုံးဘုံးလဲနေသော လူနာမျိုးဖြစ်စေ၊ ကြမ်းတမ်းစွာ ရူးသွပ်နေသော လူနာမျိုးကို ဖြစ်စေ၊ ခြေမဆင်းနိုင်သော လူနာမျိုးကိုဖြစ်စေ၊ ဆွံ့အ နေသော လူနာမျိုးကိုဖြစ်စေ ပယောဂကြောင့် ဟုတ်/မဟုတ် စမ်းသပ်ရာတွင် အခြေခံစမ်းနည်း စမ်းကွက်များဖြင့် စမ်းသပ်ခြင်းကို ဦးစွာပြုနိုင်မည်မဟုတ်ပေ။

ထိုကဲ့သို့သော လူနာမျိုးကို စမ်းသပ်ရာ၌ အခြေခံစမ်းနည်း စမ်းကွက်များဖြင့် စမ်းသပ်နိုင်သည့် အဆင့်ရောက်အောင် အာဏာဖြင့် အမိန့်ပေး ပြုပြင်ယူရပါလိမ့်မည်။

ဤသို့ အာဏာဖြင့် အမိန့်ပေးပြုပြင်ရာတွင် -

(က) လူနာအား နေ့နံနှင့် နာမည်ကို အတိအကျမေး၍ အနီးဆုံး လူနာရှင်အား လူနာ၏ အသက်နှင့် ခန္ဓာကိုယ်ကို အအပ်ခံ ရမည်။

(ခ) အအပ်ခံပြီးလျှင် "ဘုရားငါးဆူအမိန့် အထက်ဆရာကြီးများ အာဏာ" ဟုဆို၍ "ပယောဂမုန်ရင် - - - - - - -နေ့သား။ - - - - - -မိမွေးတိုင်။ ဖမွေးတိုင်းဖြစ်ပါစေ" အစရှိသဖြင့် မိမိအလိုရှိသော အခြေအနေရောက်အောင် အခြေအနေကို မူတည်ပြီး အမိန့်ပေးရမည်။ ဆွံ့အနေသူဖြစ်ပါက "စကား ပြောလို့ ရပါစေ" ခြေထောက်ဆန့်၍ မရသူဖြစ်ပါက "ခြေထောက်ဆန့်လို့ ရပါစေ" အစရှိသည်ဖြင့် စိတ်ကြိုက် အမိန့်ပေးရမည်။

ပယောဂ မှန်လျှင် မိမိ အလိုရှိသလို အခြေအနေမျိုးသို့ ရောက်ရှိလာမည် ဖြစ်ပါ၏။ ကြမ်းတမ်းစွာ ရူးသွပ်နေသူပင်ဖြစ်ပါစေ ပကတိလူကောင်းအတိုင်း ငြိမ်သက်သွားသည်ကို တွေ့ရပါလိမ့်မည်။

ထိုအခါကျမှ စမ်းနည်း စမ်းကွက်များဖြင့် လက်တွေ့ စမ်းသပ်ရပါမည်။ သာမန် အခြေအနေရှိသည့် လူနာများကိုမူ ရိုးရိုးပုံစံအတိုင်း အဆင့်ဆင့် စမ်းသပ်နိုင်ပါသည်။

◇◇◇◇◇

## စမ်းနည်း၊ စမ်းကွက် အဆင့်ဆင့်

ဦးစွာ ဘုရားနှင့် အဘဆရာကြီးများ နတ်မင်းကြီး ၄-ပါးနှင့် မယ်တော်ကြီးတို့အား မီး (၅)တိုင် ပူဇော်ကန်တော့ပြီးမှ စမ်းသပ်ရမည်။

၁။ လူနာ၏ နေ့နံနှင့် နာမည်ကို မေး၍ အသက်နှင့် ခန္ဓာကိုယ်ကို အအပ်ခံရမည်။

မည်သည့်အခါမျှ အအပ်မခံဘဲ မစမ်းသပ်ရပါ။ ပယောဂဆိုသည်မှာ ပေါ့လျော့ကောင်းသောအရာ မဟုတ်ကြောင်း သတိကြပ်ကြပ်ထားရမည်။ အသက်နှင့် ခန္ဓာကိုယ်ကို ဆရာ့အား အပ်နှံထားသဖြင့် စွဲကပ်နေသော ပယောဂအား တပါတည်း မိမိရရ ပိုင်ဆိုင်နေပေပြီး မိမိလက်ထဲသို့ ရောက်နေလေပြီ။ ပယောဂမှန်လျှင် မိမိ သဘောအတိုင်းသာလျှင် ဖြစ်ရပေတော့မည်။

သို့မဟုတ်ပါလျှင် ကြမ်းတမ်းသော မိစ္ဆာများ ဖြစ်ပါက မိမိလူနာ၏ အသက်ကိုပင် ရန်ရှာနိုင်ကြောင်း သတိပြုရမည်ဖြစ်ပါ၏။

လူနာ၏ အသက်နှင့် ခန္ဓာကိုယ်ဟု အအပ်ခံရပြီး ချုပ်ထားသဖြင့် မည်သည့် ပယောဂကမျှ လက်ဦးခြင်း မရှိနိုင်တော့ပါ။

၂။ ထိုးနှံထားသော ဆေးဝါး၊ သောက်ထားသော အင်းများ၊ ဆောင်ထားသော လက်ဖွဲ့များကို ပယ်ရမည်။

"ဘုရားငါးဆူအမိန့်၊ အထက်ဆရာကြီးများအာဏာ" ဖြင့် ထိုးနှံထားခဲ့ဖူးသော လက်ဖွဲ့များရှိပါက ဖယ်ထားရမည်။ ဤကဲ့သို့ ပယ်ရခြင်းမှာ ပယောဂနှင့် ယင်းဆေးများ၊ ဒွေးရောယှက်တင်ခြင်း မရှိစေရန် ဖြစ်ပါသည်။

၃။ အိမ်နှင့် ခြံ၊ မြေ ကိုးကွယ်သည့်ပွဲများ အအပ်ခံရမည်။

လူနာသည် အိမ်နှင့် ခြံပိုင်၊ မြေပိုင်ဖြစ်ပါက ယင်းအိမ်နှင့် မြေ အစရှိသည်တို့ကို အအပ်ခံရမည်၊ ယင်းအပြင် ကိုးကွယ်ထားသော ပွဲများရှိပါကလည်း အအပ်ခံရမည်။ ဤသို့ အအပ်ခံရခြင်းမှာ အိမ်တိုက်၊ မြေတိုက်များ၊ လုပ်ငန်းတိုက်များ၊ ပွဲအတိုက်အခိုက်များ ရှိပါက စက်သိမ်း၍ စမ်းသပ်နိုင်ရန်အတွက် ဖြစ်ပါသည်။

၄။ အနံ့ပေး၍ စမ်းသပ်ခြင်း။

အထက်ပါ အစီအစဉ်အတိုင်း ပြုလုပ်ပြီးပါက လူနာကို မိမိနှင့် မျက်နှာချင်းဆိုင် ကျူကျူထိုင်စေ၍ ရေသန့်သန့်နှင့် ရေစင်ခွက်တည်ပြီး ရေစင်ခွက်တွင် ညာလက်ညှိုးနှင့် နာနာမွှေ၍ ယင်းရေစင်ဖြင့် လူနာ၏ ညာဘက်လက်ခုံကို "မူလပြန်" ဟု အမိန့်ပေးပြီး ပုတ်ရမည်၊ ပြီးလျှင်

လူနာအား ထိုပုတ်ထားသော နေရာသို့ အနမ်းခိုင်းရမည်။

ပယောဂ၏ မူလ အနံ့အမျိုးမျိုး နံသည်ကို တွေ့ရတတ်ပါ၏။ မနံပါက ဘယ်လက်ခုံကို ပြောင်း၍ ပုတ်ရမည်။ မနံသေးလျှင် မိမိလက်ညှိုးကို ပင် လူနာအား အနမ်းခိုင်းကြည့်ရမည်။

အနံ့အမျိုးမျိုးရခဲ့သော် မှတ်သားထား၍ "နောက်ထပ်ဘာရှိသေး သလဲ"ဟု ဆက် အနမ်းခိုင်းပါ။ အနံ့တစ်မျိုးမျိုးသို့ ပြောင်းသွား တတ်ပါသည်။ အနံ့ပြောင်းသွားခဲ့သော်ဆက်၍ "နောက်ထပ် ဘာရှိ သေးသလဲ" ဟူ၍ပင် မေးပြီးအနမ်းခိုင်းပါ။

ပယောဂရှိသလောက် အနံ့များကွဲ၍ နံပါလိမ့်မည်။ အကယ်၍ တခြားအနံ့သို့ပြောင်း၍ မနံတော့ခြင်း၊ ပျောက်သွားခြင်း၊ မူလအစက အနံ့ကိုပင် ပြန်၍ နံခြင်းများကိုတွေ့ရလျှင် ရပ်လိုက်ပါ။

(အနံ့လုံးဝမရသော်လည်း ပယောဂမဟုတ်ဟု မယူဆရသေးပါ။)

အနံ့များနံရာ၌ ပယောဂအစွဲ အမျိုးမျိုးကို လိုက်၍ အောက်ပါ အတိုင်း သက်သေခံပါလိမ့်မည်။

ပုပ်စော်နံလျှင် သရဲစွဲ၊
ညှီစော်နံလျှင် ရွာသူရှင်။
စိမ်းရွှေရွှေအနံ့နံလျှင် အစိမ်း။
နံ့စွင်းနံ့နံလျှင် မီးနေသယ် အစိမ်း။
ရေမွှေးနံ့နံလျှင် နတ်တိုက်၊

မိုင်းကိုင်စက္ကူမီးရှို့နံ့ နံ့လျှင် ဆရာတိုက်၊
နံ့သာဖြူနံ့ မွှေးလျှင် အဖဘက်က ရီးရာ၊
ကရမက်နံ့ မွှေးလျှင် အမိဘက်က ရီးရာ၊
တောင်နံ့ကတိုးနံ့ မွှေး၍ အပုပ်နံ့ နံ့လျှင် တောင်အောက်သရဲ၊
စကားဝါ၊ စကားဖြူ၊ စကားစိမ်းနံ့ တခုခုနံ့လျှင် မြင်းဖြူရှင်နတ်၊
ရေမွှေးနံ့ မွှေး၍ အရက်စော်နံ့လျှင် –
မင်းကလေးနှင့် ကိုမင်းကျော်နတ်၊
ပန်းနံ့မွှေး၍ အစိမ်းစော်နံ့လျှင် ဥစ္စာစောင့်၊
မစင် ကျင်ငယ်နံ့ နံ့၍ ညီလျှင် ဈေးစားစုန်း။
ကောက်ညှင်းလက်ဖက်၊ ဆန်းလျက်နံ့ နံ့လျှင် ဦးရှင်ကြီး။
ယင်းအနံ့များ တစ်ခုစီနံ့ပါက အပင်း။
ပေါင်ဒြ သနပ်ခါးနံ့ နံ့လျှင် မင်းမဟာဂီရိ၊
အင်္ဂတေနံ့ နံ့လျှင် ဘုရားတိုက်၊
အိုးမီးသင်းနံ့ နံ့လျှင် အင်းတိုက်၊
မြေပုပ်၊ ရွှံ့ပုပ်နံ့ နံ့လျှင် မြေဘုတ်ဘီလူး။
အဝတ်မီးလောင်နံ့ နံ့လျှင် လူနာအဝတ်စနှင့် နတ်စင်တိုက်၊
သွေးညှီနံ့ နံ့လျှင် ရာသီသွေးနှင့် နတ်စင်တိုက်၊

အထက်ပါအနံ့များအပြင် ထွေပြားသော အနံ့များကိုလည်း ရရှိတတ်ပါ၏။ ဥပမာ ကြက်ချေး၊ ဘဲချေး စသည့်အနံ့များမှာ အပင်းနှင့် စပ်လျဉ်း၍ စားထားသော ကြက်အူ၊ ဘဲအူများ အသည်းအမြစ်များ၏ မူလပြန်သောအနံ့ပင် ဖြစ်လေသည်။

မည်သို့ပင် ဖြစ်စေ၊ ရေစင်နှင့် အနံ့ပေး၍ စမ်းသပ်သောအခါ အနံ့အမျိုးမျိုး ရသည်ဆိုပါက ပယောဂ ဟုတ် မဟုတ်နှင့် မိမိလက် လူနာလက်များမှ အနံ့တစ်ခုခု ဟုတ် မဟုတ်တို့ကို ခွဲခြား၍ အမိန့်ပေး စစ်ဆေးလိုက်လျှင် သိသာနိုင်ပါသည်။

အနံ့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပယောဂ ဟုတ် မဟုတ်ကို ဆက်လက်၍ အစီအစဉ်အတိုင်း စမ်းသပ်ရမည်။

✧✧✧✧✧

## ခြေဖျောက် မ၍ စမ်းသပ်ခြင်း

အချို့ လူနာတို့မှာ ပယောဂ ရှိငြားသော်လည်း အကြောင်းအမျိုးမျိုး ကြောင့် အနံ့မရတတ်ချေ။ သို့ရာတွင် လူနာကို ဘုရားစင်နှင့် ကျောခိုင်း လျက် ခြေဆင်းထိုင်းစေပြီး ခြေထောက် အလေးအပေါ့ စမ်းသပ်မှုကို ပြုလျှင် ပယောဂ ဟုတ် မဟုတ် ပေါ်ပေါက်လာပါလိမ့်မည်။

ခြေဆင်းစေသော ပုံသဏ္ဍာန်အနေအထားမှာ လူနာ၏ ကိုယ်ကို အနည်းငယ် နောက်သို့လှန်လျက် လက်နှစ်ဖက်ကို ကြမ်းပြင်တွင် ထောက်ထားစေရမည်။ ခြေထောက်နှစ်ချောင်းကိုလည်း ဖြောင့်ဖြောင့် ကြမ်းပြင်နှင့်တပြေးတည်း အခုင်းခိုင်း၍ ခြေထောက်ချင်း ပူးထားစေရ မည်။

ဤအနေအထားအတိုင်း လူနာ၏ ညာခြေ ဘယ်ခြေ အမနိုင်း ရမည်။ ဤနေရာတွင် ဆရာလုပ်သူကလည်း လူနာ၏အမူအရာများနှင့်

ခြေထောက် မပုံတို့ကို မျက်ခြေမပြတ်ကြည့်ရှု အကဲခတ်ရမည်။

သဘာဝ ပင်ကိုယ်ခြေထောက်သည် သာမန်လူနာများအဖို့ လွယ်လင့်တကူ မနိုင်သည်ချည်းသာ ဖြစ်ပါသည်။ ဤသို့ အမနိုင်း၍ ပေါ့ပါးသွက်လက်စွာ မနိုင်သည်ကို တွေ့မှ( ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော၊ ကောဏ္ဍညသံ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ ဘုရား။ ငါးဆူအမိန့်၊ အထက်ဆရာကြီးများ၊ အာဏာ)။

ဥပဇ္ဈာယ်ဆရာ၏ အမည်ကိုတပ်၍ ဆရာဦး ———— အမိန့် ဟု အမည်ပေးပြီးမှ (————နေ့သား။ မောင်————မှာ ပယောဂတစ်ခုရှိရင် ညာခြေထောက် ကပ်ထားဟူ၍ နိုင်းပြီးမှ လူနာ၏ ညာခြေထောက်ကို အမနိုင်းကြည့်ရမည်။

အမိန့်ပေးရာတွင် အာဏာသံပါရှိခြင်း၊ တိကျပြတ်သားခြင်း ဖြန်ကရိုထိုးကျနခြင်းများရှိလျှင် ပယောဂက ဝို၍ လေးစား လိုက်နာ သည်ကို တွေ့ရမည်။ ထို့ကြောင့် ပယောဂစတင်စမ်းသပ်သူ ပညာသင် ပုဂ္ဂိုလ်များသည် ရက်ကြောက်ခြင်းများ မရှိစေရန် ယင်းအမိန့်ပေးပုံ များကို နှုတ်တိုက်ရရှိစေရန် လေ့ကျင့်မှုများ အထပ်ထပ် ပြုလုပ်ထား အပ်ပါသည်။

အမိန့်ပေးရာတွင် တသံပေးသံမျိုး မဟုတ်ဘဲ နှုတ်မိန့် သဘော သက်ဝင်စေရပါလျှင် ဥပမာ "စနေသား၊ မောင်နီမှာ ပယောဂတစ်စုံ တစ်ရာရှိပါလျှင် ညာခြေထောက်အားကပ်ထားပါ" ဟူ၍ အမိန့်ပေးခြင်း မှာ ပယောဂ၏ လေးစားလိုက်နာမှု မဖြစ်တတ်သဖြင့် မကောင်းပါ။

နားထောင်လည်းမကောင်းပါ။ ပယောဂကို ဟန်နှင့်မာန်နှင့် ဝေါက်ငန်း နိုင်းလျှင် ပိုး၍ ရှိသေလိုက်နာသည်ကို တွေ့ရပါမည်။

လူနာ၏ခြေထောက်ကို မသောအခါ ကပ်နေပြီး မ၍မရလျှင် (ပယောဂမှန်ရင် ဖက်ကလေးလိုပေါ့)၊ (ဟုတ်ရင်ပေါ့) အစရှိသည် အပေါ့နိုင်းရမည်။

✧✧✧✧✧

## စက် သိမ်း စမ်း ခြင်း

ဤကဲ့သို့ ညာခြေ ဘယ်ခြေပြောင်းလဲ၍ မစောင့် မကာပ်ခဲ့သော် ပျံ့လွင့်နေသောစက်များကို သိမ်း၍ ဆက်လက်စမ်းသပ်ရပေဦးမည်။ အချို့သော ပယောဂများမှာ ဤကဲ့သို့ ပျံ့လွင့်နေသောစက်များကို သိမ်းယူစမ်းသပ်သောအခါတွင်မှ ပယောဂစမ်း၍မိလေသည်။ ဤသို့ စက်သိမ်းစမ်းရာ၌ ပေးရန်အမိန့်မှာ . . . ။

("စကြာဝဠာအတွင်းမှာ ပျံ့လွင့်နေတဲ့----------နေ့သားမောင်----------၏ ပယောဂစက်တွေရောက်") ဟုလူနာ၏ ဦးခေါင်းဆီသို့ လက်ညှိုးဖြင့်ရွယ်၍ အရောက်နိုင်းရမည်။ ပြီးလျှင် ဆက်လက်၍ ညာခြေ ဘယ်ခြေ အမိန့်ပေးပြီး အမနိုင်းရမည်။

အထက်ပါအတိုင်း စက်များ သိမ်းယူစမ်းသပ်၍ မမိသော်မှ ပယောဂ မဟုတ်ဟူ၍ မယူဆနိုင်သေးပေ။ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် စမ်းသပ်သွားရပေဦးမည်။

## စက်ဆွဲစမ်းခြင်း

ခြေဆင်းထိုင်နေသော လူနာ၏ ဦးခေါင်းဆံပင်များမှ ဒူးဆစ်ဆီသို့ တိုင်အောင် ဆရာ၏ လက်ဝဲဘက် လက်ဖဝါးဖြင့် ဖြည်းညင်းစွာ ရှယ်မိုးသပ်ချ ကြည့်ရမည်။ ဤသို့ သပ်ချစဉ် လူနာအား ဆရာ၏ လက်ဖဝါးအောက်၌ရှိသော ကိုယ်ခန္ဓာထဲမှ မည်သို့သောခံစားရမှုမျိုး ဖြစ်ပေါ်လာသည်ကို သေချာစွာ မေးမြန်းရမည်။

လူနာသည် လက်သွားရာတစ်လျှောက် ကိုယ်ထဲ၌ ပူခြင်း၊ အေးခြင်း၊ ကျင်ခြင်း၊ ထုံခြင်း၊ လေးခြင်း၊ အစရှိသည့် ခံစားမှုတစ်ခုခု ပေါ်သည်ဟု ပြောပါက ပယောဂစက်များ ရှိနေကြောင်း ဆရာဖြစ်သူက သိရှိနိုင်ပေသည်။

ဤမျှလောက်သော ထူးခြားမှုလေးများသည် ကြီးမားသော ရောဂါဝေဒနာမျိုးကို မဖြစ်နိုင်ဟူ၍ တထစ်ချ မမှတ်အပ်ပေ။ ကျွန်ုပ်၏ ကိုယ်တွေ့အရ ခနဲ့ဖြူနှင့် မဝေးလှသော ရွာကလေးဟုခေါ်သောရွာ၌ လူနာတစ်ဦးအား ဤကဲ့သို့ စမ်းသပ်မှုမျိုးဖြင့်သာလျှင် တွေ့ရသည့် ပယောဂဝေဒနာရှင်တစ်ဦးမှာ အသက်ရှူမရဘဲ၊ မောကျပ်နေသည့် ဝေဒနာကို ပြင်းထန်စွာခံစားနေသည်ကို တွေ့ရဖူးပါ၏။ ပယောဂ မကာရခင်မှာပင် လက်နှင့် စက်ဆွဲစမ်းသပ်ရုံမျှဖြင့် ပြင်းထန်သည့် ရောဂါဝေဒနာမှာ ယူပစ်သကဲ့သို့ ပျောက်ကင်းချမ်းသာပြီး ပကတိ လူကောင်းအတိုင်း ပြန်ဖြစ်သွားသည်ကို ကြုံတွေ့ရဖူးပါသည်။

ပယောဂဆိုသည်မှာ များစွာရှုပ်ထွေးပွေလီလှသော သဘောများ ရှိသည်ကား မှန်ပါ၏။ မည်မျှပင် ရှုပ်ထွေးပွေလီပါစေ ပယောဂ၏ သဘောမှာ သူ့သဘာဝသူ ဖော်ဆောင်ပေလိမ့်မည်။ ခန္ဓာကိုယ်တွင်းရှိ

နနယ်သိမ်မွေ့သော လှူဝီဝသဘောများမှာ အပမှ ဝင်ရောက်နှောင့်ယှက်မှုကြောင့် ပယောဂသေးသည်ဖြစ်စေ၊ ကြီးမားသည်ဖြစ်စေ ကြီးကျယ်စွာ ထိခိုက်ခံစားရနိုင်ပေသည်။

"စက်" ဟုခေါ်သော ပယောဂအငွေ့အသက် စွမ်းအင်များသည် လူ့ခန္ဓာကိုယ်အတွင်း၌ ရှိနေပြီဆိုလျှင် သွေးရိုးသားရိုး ခန္ဓာကိုယ် မဟုတ်တော့။ ပယောဂ တိုက်ခိုက်မှုများဝင်နိုင်ထွက်နိုင်သော လမ်းကြောင်းများ ပွင့်နေပြီး အညီရှိနေပြီဖြစ်ကြောင်း ကောင်းစွာသဘော ပေါက်သင့်ပေသည်။

✧✧✧✧✧

## စက် လှည့် စမ်း ခြင်း

အထက်ပါအတိုင်း စက်ဆွဲ၍ စမ်းသပ်ကြည့်သော်လည်း မထူးခြားသောအခါတွင် ဝမ်း၊ ရင်နှင့်တကွ ရောဂါဝေဒနာခံစားနေရသော နေရာများကို မိမိ၏ ညာဘက်လက်ညှိုးဖြင့် ချိန်ရွယ်၍ မွှေကြည့် လှည့်ကြည့် ရပေမည်။

ဤသို့ မွှေလှည့်ကြည့်သောအခါတွင် လူနာသည် ကိုယ်တွင်းမှ တစ်စုံတစ်ရာ လည်၍လိုက်ခြင်း၊ ပူနွေးလာခြင်း၊ အေးလာခြင်း၊ ကျင်လာခြင်း၊ နာကျင်ကိုက်ခဲလာခြင်းများ ပေါ်ပေါက်လာတတ်ပါသည်။ တစ်စုံတစ်ရာ ထူးခြားသော ခံစားရမှုမျိုး ပေါ်ပေါက်လာသည်ဆိုလျှင် ပယောဂ ဝေဒနာရှိကြောင်းကို သိရှိနိုင်ပေတော့သည်။

ဆရာက လူနာအား စက်လှည့် စမ်းသပ်သောအခါတွင် ကြိုတင်၍ "ပူလာသလား"၊ "ကျင်သလား" စသည်ဖြင့် ရေလာမြောင်းပေး မမေးအပ်

အချို့သောလူနာများမှာ စိတ်ကလှည့်စားမှုဖြင့် ဆရာပြောသည့်အတိုင်း လိုက်၍ ဖြေတတ်သောကြောင့် ဖြစ်ပါသည်။

စက်ဆွဲစမ်းခြင်း၊ စက်လှည့်စမ်းခြင်းကိုဖြင့် သိရှိရသော ပယောဂ ဖြစ်၍လည်း အစွဲသေးသည်၊ ငယ်သည်ဟူ၍ မမှတ်အပ်ပါ။ အဘယ် ကြောင့်ဆိုသော် ဤမျှလောက်သာလျှင် စမ်းသပ်၍ရသော အချို့ ဝေဒနာရှင်များသည် ထုံးစံအတိုင်း ပယောဂအစွဲကို ခေါ်ယူကုသ သောအခါတွင် ကြမ်းတမ်းစွာ ပူးဝင်၍လာတတ်သည်များကို တွေ့နိုင် သောကြောင့် ဖြစ်၏။

✧✧✧✧✧

## စက် ထောက် ၍ စမ်း ခြင်း

အထက်ပါအတိုင်း စက်လှည့်၍စမ်းသပ်ရာတွင် ထူးခြားမှုမရှိသော သူအား စက်ထောက်၍ စမ်းသပ်ခြင်း ပြုရမည်။ လူနာအား ခြေထောက် ကို အမနိုင်းစဉ်က ရိုးရိုးပင်ပေါ့ပါးစွာမနိုင်ကြောင်း တွေ့ရသော်လည်း စက်ထောက်စမ်းသပ်သောအခါတွင်မူ တကယ်ပယောဂရှိပါက မ၍မရ တော့ပဲ ကပ်နေသည်ကို တွေ့ရပါလိမ့်မည်။

စက်ထောက်စမ်းပုံမှာ ...

ဆရာက လူနာ၏ ဦးခေါင်းယာဘက်ခြမ်းမှစ၍ လက်ဝါးဖြင့် ရှယ်မိုး ထားပြီး ခြေထောက်ကို အမနိုင်းရမည်။ ဦးခေါင်း၌ ပယောဂစတ်များ ရှိပါက ဆရာ၏ လက်ဝါးဖြင့်ရှယ်မိုးထားပြီး ခြေထောက် အမနိုင်းလျှင်

ကပ်နေသည်ကို တွေ့ရပေလိမ့်မည်။ မကပ်ခဲ့သော် ဆက်လက်၍ မျက်နှာရှေ့ခြမ်း ဦးခေါင်း နောက်ခြမ်းမှစ၍ တဖြည်းဖြည်း ရင်ဘတ်၊ ဝမ်းဗိုက်၊ ပေါင်ရင်း၊ ဒူးဆစ်၊ ခြေသလုံး၊ ခြေဆစ်ဖျားများ တိုင်အောင် ရှယ်မိုးပြီး အမနိုင်း၍ ကပ်နေသည့်အခါကျမှ ပယောဂကို အမိန့်ပေး စမ်းသပ်လျှင် ဆက်၍ဟုတ်တိုင်းမှန်ရာ ကပ်ပြသည်များကိုလည်းတွေ့ရ တတ်ပါသည်။

ဥပမာ– ဒူးဆစ်ကျမှ ကပ်နေသည် ဆိုပါစို့ ယင်းဒူးဆစ် နေရာကို ရှယ်မိုးလျက်ပင် "အဲဒါ အောက်လမ်းတိုက် ဆိုရင် ကပ်ထား" "ရှာသူ ဆိုရင် ကပ်ထား" အစရှိသည့် မိမိလိုရာကိုဆက်လက် စမ်းသပ်သွားရန် ပင် ဖြစ်ပါသည်။

✧✧✧✧✧

## ခံယူထားသော
## ဆေးများ၊ အင်းများကို စမ်းခြင်း

အချို့လူနာများသည် အမျိုးမျိုးသော ဆေးဝါးများ ထိုးနှံထားခဲ့မှုခြင်း၊ အင်းများကို ဆောင်မိခဲ့မှုခြင်းများ ရှိတတ်ကြသည်။ ယင်းဆေးများ အင်းများကို ပယောဂမစမ်းသပ်မီ ခေတ္တပယ်ထားခဲ့ကြောင်း သတိရ ပါလိမ့်မည်။ ပယောဂကို စမ်းသပ်ရာတွင် စက်ထောက်၍ စမ်းသပ်သည့် တိုင်အောင် မမိသောအခါ အဆိုပါဆေးဝါးများ ထိုးနှံခဲ့မှုသူများ ဖြစ်ပါက

"ဘုရားငါးဆူ အစိမ့်၊ အထက်ဆရာကြီးများ အာဘာ၊ စနေသား မောင်နီ . . . ထိုးထားတဲ့ဆေးတွေ၊ သောက်ထားတဲ့ အင်းတွေရောက်" ဟုအစိမ့်ပေးပြီး။

"ထိုးထားတဲ့ ဆေးတွေ သောက်ထားတဲ့ အင်းတွေက အတိုက် အခိုက်ဖြစ်နေရင် ညာခြေထောက်ကပ်ထား" ဟူသည်ဖြင့် ဆေးများ အတိုက်အခိုက်ဖြစ်၊ မဖြစ်ကိုစမ်းသပ်ရပြန်သည်။ ထိုးခဲ့ သောက်ခဲ့သော ဆေးများ၊ အင်းများကြောင့် တစ်စုံတစ်ရာ ဝေဒနာကပ်ငြိ ဖြစ်ပေါ်နေမှန်း အချို့လူနာများ ကိုယ်တိုင် မသိရတတ်ချေ။ ဤသို့ စစ်ဆေးသောအခါမှ သာလျှင် ပေါ်ပေါက်တွေ့ရှိတတ်လေသည်။

ခံယူထားသော ဆေးဝါးစသည်များက အတိုက်အခိုက် ဖြစ်နေ ကြောင်းကို တွေ့ရလျှင် ထုံးစံအတိုင်း ပယောဂကုသကဲ့သို့ပင် ဆက်လက် ကုသပေးလိုက်ပါက ပျောက်ကင်းချမ်းသာသွားမည် ဖြစ်ပါ၏။ ဤနေရာတွင် ကာယကံရှင်၏ သဘောတူ ခွင့်ပြုချက် ရမှသာလျှင် ကုသ ဖယ်ရှားပစ်၍ရပါလိမ့်မည်။ ကာယကံရှင် ကိုယ်တိုင်က မက်မော တွယ်တာနေလျှင်ကား မကုသရပါ။

✧✧✧✧✧

## အိမ်တိုက်၊ မြေတိုက်၊ ဆိုင်တိုက် စမ်းခြင်း

လူနာကိုယ်တိုင် နေထိုင်သော အိမ်မြေ၊ ခြံ၊ ဆိုင်စသည်တို့ကို အအပ်ခံပြီး . . .

"စနေသား မောင်နီရဲ့ အိမ်မြေမှာ အိမ်တိုက်၊ မြေတိုက်တွေ ရှိရင် ရောက်" ဟု အစိမ့်ပေးပြီး အိမ်တိုက်၊ မြေတိုက်ရှိရင် ညာခြေကပ်ထား" ဟူသည်ဖြင့် အစိမ့်ပေးစမ်းသပ်ပါ။ ရှိလျှင်ကပ်နေသည်။ သို့မဟုတ်လေးလံ နေသည်ကို တွေ့ရပါလိမ့်မည်။

မော်တော်ကား၊ သင်္ဘော စသည်တို့တွင် အတိုက်အခိုက်များရှိပါက လည်း ယင်းနည်းဖြင့်ပင် အအပ်နိုင်ပြီး စမ်းသပ်ရပါမည်။

✧ ✧ ✧ ✧ ✧

## ပွဲအတိုက်အခိုက်စမ်းခြင်း

မိမိစမ်းသပ်သောလူနာသည် အိမ်၌ ကိုးကွယ်ပူဇော်သည့်ပွဲများရှိပါက အအပ်ခံရသည်။ ယင်းပွဲများသည် တစ်ခါတစ်ရံ အတိုက်အခိုက်များ ဖြစ်နေသောကြောင့် စီးပွားပျက်ခြင်း၊ စိတ်လေခြင်း၊ ကျန်းမာရေး ချွတ်ယွင်းခြင်း အစရှိသောအမျိုးမျိုးသော ပယောဂများကို ဖြစ်စေတတ် ပါ၏။

ပယောဂဖြစ်နေသူတို့တွင် ဆရာတစ်ဦးဦးက ထားနိုင်း၍ထားသော ပွဲဖြစ်စေ၊ သူကိုယ်တိုင်စိတ်ကူးဖြင့်ထားသော ပွဲဖြစ်စေ ရှိပါကယင်းပွဲတွင် အတိုက်အခိုက်များ ရှိ မရှိ အတိုက်အခိုက် မကောင်းသောအရာများ ရောက်ရှိစေခြင်း ရှိ မရှိကို စမ်းသပ်ကြည့်ရပါမည်။

အချို့ ဘိုးဘိုးအောင်ပွဲ၊ မယ်တော်ပွဲ၊ ဘုရားပွဲ စသည်ဖြင့် မိမိတို့ စိတ်ကူးဖြင့်ဖြစ်စေ၊ အခြား ဆရာတို့ဖြင့်ဖြစ်စေ ပူဇော်ထားရာမှ ယင်းပွဲ များတွင် အတိုက်အခိုက်များဝင်လာပြီး အမျိုးမျိုးသော အနှောင့်အယှက် များ ဖြစ်တတ်ကြသည်ကို တွေ့ရတတ်ပါသည်။

ပယောဂဝေဒနာဆိုသည်မှာ နာနေမှု၊ လဲနေမှုမဟုတ်ပါ။ စိတ်လေခြင်း၊ အိမ်၌မနေလိုခြင်း၊ ငိုချင်ရယ်ချင်နေခြင်း၊ စီးပွားရေး လုပ်ငန်းများတွင်စိတ်မဝင်စားခြင်း၊ ဒေါသကြီးခြင်း၊ မပျော်ရွှင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ကြည့်မရအောင် ရန်လိုခြင်း များသည်လည်း ပယောဂ ဝေဒနာများပင်ဖြစ်တတ်ပါ၏။

ကောင်းစေချင်၍ မိမိတို့ စိတ်ကူးဖြင့် အစဉ်အလာမရှိ စည်းကမ်းဥာကျ မဟုတ်မှုအဲ ထင်မိထင်ရာ ကိုးကွယ်ပသထားသော အရာများသည် အကောင်း မဖြစ်ဘဲ အဆိုးသာ ဖြစ်တတ်ကြပါသည်။ ထိုအခါ ရှေ့ရှင်ကျော် ပညာဖြင့် စမ်းသပ်စစ်ဆေးကြည့်လျှင် တွေ့ရှိရတတ်သဖြင့် မိမိအားအပ်နှံထားသော ပယောဂ အစမ်းခံသူ၏သဘောတူညီချက်၊ ခွင့်ပြုချက်ရလျှင် ယင်းပွဲများကို စမ်းသပ်ပြီး အဖြေရှာနိုင်ပါသည်၊ သဘောတူညီချက်မရလျှင် အတင်းတိုက်တွန်း၍ မစမ်းသပ်ပါနှင့်။ လူတစ်ဦးတစ်ယောက်၏ ယုံကြည်ကိုးကွယ်မှုကို ထိပါးစေသည့်သဘောသို့ သက်ရောက်သဖြင့် သေချာကျနစွာ ရှင်းလင်းပြောပြပြီး၍ ကာယကံရှင်က ခွင့်ပြုမှသာ စမ်းသပ်ခြင်းပြုရပါမည်။

ကာယကံရှင်က ခွင့်ပြုသဘောတူညီလျှင် . . . .

"ဘုရားငါးဆူ အမိန့်၊ အထက်ဆရာကြီးများ အာဏာ-------နေ့သား မောင်-------တင်ထားတဲ့ပွဲမှာ အတိုက်အခိုက်တွေ ရှိရင်ရောက်" ဟု အမိန့်ပေးပြီး ဆက်လက်၍ ထုံးစံအတိုင်း ညာခြေဘယ်ခြေကို အကပ်နိုင်းရမည်၊ ပွဲတွင် အတိုက်အခိုက်များကို စမ်းသပ်တွေ့ရှိလျှင်လည်း ယင်းကို ပယောဂကုသကဲ့သို့ပင် အစီအစဉ်အတိုင်း ဆက်လက် ကုသပေးရပါမည်။

## ဥစ္စာစောင့် သိုက်စွဲစမ်းခြင်း

အထက်ပါ အစီအစဉ်အတိုင်း ဝမ်းနည်းစမ်းကွက်များဖြင့် ပယောဂကို အသေးစိတ် စမ်းသပ်၍ မတွေ့ရှိခဲ့ပါက ပယောဂ၏ အမျိုးအမည်ကို သေချာစွာခွဲခြားပြီးမှ ပြန်လည်စစ်ဆေးသင့်က စစ်ဆေးရပါမည်။ အချို့သော ပယောဂများမှာ အမျိုးအမည်တပ်၍ စမ်းပါက ကပ်ပြသည်ကိုလည်း သဘောပေါက်နားလည်ထားရပါမည်။

ဤကဲ့သို့ဖြစ်ရသည်မှာ အကြောင်းအမျိုးမျိုး ရှိပေသည်။ အောက်လမ်း။ ရွာသူ နတ်တိုက် သေသည့်တို့မှာ တစ်ခါတစ်ရံ ဆရာအား ဥပါယ်တမျဉ်ဖြင့် လွှဲရှောင် တတ်ကြသည်။ ထိုအခါ အမည်နာမ နှင့်တကွ တပ်အပ်သေချာ အမိန့်ပေးကပ်နိုင်းသောအခါမှ မနေသာ၍ ကပ်ပြရသည်များကို တွေ့ရတတ်ပါသည်။

ဆရာဖြစ်သူက စမ်းသပ်ရာတွင် အစဉ် (ပယောဂတစ်ခုခုရှိရင်) ဟူသော အမိန့်ကိုပေး၍ ခြေကို ကပ်နိုင်းရပါသည်။ (ပယောဂတစ်ခုခု) ဆိုသည်မှာ မိမိတို့မသိနိုင်သော ပယောဂများစွာရှိသည့်အနက် မည်သည့် ပယောဂကိုမဆို ရည်ရွယ်၍ စမ်းသပ်ခြင်း ဖြစ်ပါသည်။ ဆရာ၏ အာဏာကို လွှဲရှောင်၍ ပုန်းနေသော ပယောဂများသည် ပြင်းထန်စွာ ခေါက်ငင်၍ စမ်းသပ်ခြင်း၊ အမည်နာမကို တိုက်ရိုက်ဖြင့်စမ်းသပ်မှ ကပ်ခြင်းတို့ကို ပြုလုပ်တတ်ကြပေသည်။

မည်သို့ဖြစ်စေ၊ နောက်ဆုံးစက်ထောက်စမ်းခြင်း၊ စက်ဆွဲ စမ်းသပ်ခြင်းများဖြင့် မိရသည်သာဖြစ်ပါ၏။ မိမိအနေနှင့် မည်သည့် အမျိုးအမည် ပယောဂကိုမမေးစမ်းမိသဖြင့် ကျန်ရစ်ပါသည်။ လွတ်သွားရပါသည်ဟူ၍

မဖြစ်လေအောင် ဝိုက်စိပ်တိုက်၍ စမ်းသပ်နည်းများကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

"ပယောဂတစ်ခုခုရှိရင်ကပ်ထား" ဟူသောအမိန့်ကို ဥပဒေလွတ်လိုးလွှဲ၍ ရှောင်နေတတ်သော ပယောဂထဲတွင် ဥစ္စာစောင့်၊ သိုက်စွဲ၊ မင်းကြီး-မင်းလေး၊ ဦးမင်းကျော်နတ်၊ သူယောင် အမျိုးမျိုးတို့သည် အတွေ့ရများတတ်ပါ၏။ အကြောင်းမှာ ဥစ္စာစောင့်၊ သိုက် စသည်တို့သည် ယင်းတို့အနေနှင့် ပယောဂမဟုတ်ဟူ၍ ရှောင်ခြင်းဖြစ်ဟန်တူချေသည်။ ထိုအခါ ယင်းတို့၏အမည်နာမတပ်၍ "သိုက်စွဲဆိုရင်ကပ်ထား" "ဥစ္စာစောင့်စွဲရှိရင်ကပ်ထား" ဟု အမိန့်ပေးသောအခါမှ လှုပ်မရအောင်ကပ်နေတတ်သည်ကို တွေ့ရလေသည်။

ထို့အတူ မင်းကြီး-မင်းလေး၊ ဦးမင်းကျော်စသည့် နတ်များမှာလည်း ယင်းတို့နှင့် လက်ထပ်ထားခြင်း၊ ကာယကံရှင်ကိုယ်တိုင် ခံယူထားခြင်းများကို ပယောဂမဟုတ် ဟူသည့်အနေအထားမျိုးဖြင့် လွှဲရှောင်တတ်ခြင်းဖြစ်၍ ယင်းတို့အမည်နာမများကို တပ်၍ စမ်းသပ်သောအခါတွင်မှ မလွန်ဆန်သာဘဲ ကပ်ပြတတ်ကြသည်ကို တွေ့ရတတ်လေသည်။

သူယောင်ဆိုသည်မှာလည်း နတ်သူယောင်၊ သရဲသူယောင်၊ ဆရာသူယောင်၊ အောက်လမ်းသူယောင်၊ ဥစ္စာစောင့်သူယောင် စသည်ဖြင့် အမျိုးအမည်များသော်လည်း ကာယကံရှင်နှင့် နှစ်ဦးသဘောတူ ဆက်ဆံပတ်သက်မှုများကြောင့် ယင်းတို့နှင့်ချည်းမဆိုင်၊ ပယောဂဟုတ် မဟုတ်ဟူသော သဘောမျိုးဖြင့် လွှဲရှောင်တတ်ခြင်းဖြစ်လေရာ

ယင်းတို့ကို "သုယောင်စွဲတစ်မျိုးမျိုးရှိရင် ကပ်ထား" ဟု အမိန့်ပေးသောအခါကျမှ ကပ်ပြတတ်သည်ကို တွေ့ရတတ်ပါ၏။

ဥစ္စာစောင့်စွဲ၊ သုယောင်စွဲ စသည်တို့ကို ကုသရာတွင် ဝေဒနာရှင်သည် ကိုယ်တိုင်ပါဝင်ပတ်သက်နေသဖြင့် ယင်း၏သဘောတူညီမှုရပါမှ ကုသ၍ ပျောက်ကင်းလေသည်။ ဝေဒနာရှင်က မကုသမဖယ်ရှားလိုလျှင် ကုသခြင်းမပြုလုပ်ရပါ။ ဝေဒနာရှင်ကိုယ်တိုင် ယင်းတို့နှင့် သံယောဇဉ်ကြိုးကို တကယ်ပြတ်ပါမှ ကုသ၍ ရနိုင်ပါသည်။

✧ ✧ ✧ ✧ ✧

## လှည့်စားတတ်သော ပယောဂ

ရောဂါဝေဒနာ တစ်မျိုးမျိုး စွဲကပ်နေသဖြင့် ပယောဂဟုတ် မဟုတ် သိလိုသောကြောင့် မိမိထံ လာရောက် အစမ်းသပ်ခံသော လူနာတစ်ဦးဦးကို စမ်းသပ်ရာတွင် တစ်ခါတစ်ရံ သွေးရိုးသားရိုးရောဂါဆိုရင် "ကပ်ထား" ဟု၍ အမိန့်ပေးလိုက်လျှင် ခြေထောက်ကိုမျှ မရလောက်အောင် ကပ်နေသည်ကိုလည်း တွေ့ရတတ်ပါသည်။

ဤသို့တွေ့ရပါလျှင် တကယ်ပင် သွေးရိုးသားရိုးရောဂါဟု၍ မမှတ်ရပါ။ ပယောဂတစ်ခုခု ရှိသည်ကို သတိပြုရပါမည်။ ကျွန်ုပ်တို့ အမိန့်ပေး၍ကပ်နိုင်းသည်မှာ ပယောဂသာလျှင်ဖြစ်၍ ပယောဂမဟုတ်တဲ့ ကပ်၍ နေမည်မဟုတ်ပါ။

"မိကျောင်းမှန် ဆန့်လိမ့်မည်၊ တုံးဖြစ်ရင် စုန်လိမ့်မည်" ဟူသော စကားကြောင့် မိကျောင်းကတုံးယောင်ဆောင်၍ စုန်ပြသကဲ့သို့ ပင်တည်း။

ဤနေရာတွင် သွေးမင်လေမင်၊ သွေးဆိပ်လေဆိပ်များနှင့် ခွဲခြား၍ စမ်းသပ်ရပါမည်။ သွေးမင်လေမင်တို့သည် ဆရာ၏ လက်နှင့် ရှယ်ခြင်း၊ လက်ညှိုးနှင့် ညွှန်ပြခြင်း၊ လက်သွားရာ ပါတတ်ခြင်း များကြောင့် ကပ်နေတတ်ပါသည်။ ယင်းကို ကွဲပြားစေရန်အတွက် ညာလက်ဝါးဖြင့် ခြေဖျားဆီမှ အထက်ဖက်သို့ ပြန်လည်ပင့်တင်လိုက်ပြီး "သွေးမင်လေမင်ဆိုရင် သူ့နေရာ သူပြန်နေ၊ ငါ့လက်အောက်မှာ လိုက်ခဲ့" ဟု အမိန့်ပေးပြီး ပြန်တင်လိုက်ရမည်။ "သွေးမင်လေမင် ဆိုရင်ပေါ့" ဟု အမိန့်ပေးပြီး အုမခိုင်းပါ။ ဤသို့ဖြင့် သေချာအောင် ခွဲခြားစစ်ဆေးကြည့်ပြီး ပယောဂမှန်လျှင် လွတ်မသွားအောင် ဖမ်းတတ် ရပါမည်။

သွေးမင်လေမင် အားကြီးသူများ (အထူးသဖြင့် မိန်းမများ)မှာ ခြေဆင်းဆင်းချင်း ကပ်နေတတ်သည်ကိုလည်း တွေ့ရတတ်ပါသည်။ သွေးမင်လေမင်ဖြစ်ပါက ဦးခေါင်းမှ ခြေဖျားတိုင်အောင် ဝဲယာနှစ်ဖက် စလုံး လက်ဝါးဖြင့် ရှယ်မိုးသပ်ချပြီး ခြေထိပ်ဖျားကို အပ်ဖြင့် ဖောက်ပစ် လိုက်လျှင် ညှိမည်းနေသော သွေးဆိုး၊ သွေးညစ်များ ထွက်လာသည်ကို တွေ့ရလိမ့်မည်။ လက်ဖြင့် အကြိမ်ကြိမ် ဆွဲချ၍ပစ်ခြင်း၊ ခြေထောက် အောက်ပိုင်းကို ရေမွှေ၍ စိမ်ခိုင်းခြင်းများ ပြုလုပ်ပေးရပါမည်။

## ရောဂါဝေဒနာနှင့် ပယောဂခွဲခြားပုံ

အထက်ပါ စမ်းနည်းစမ်းကွက်များဖြင့် အဆင့်ဆင့်စမ်းသပ်၍ ပယောဂ ဟုတ်မှန်သည်ကို တွေ့ရလျှင် မကုသမီ လူနာ ခံစားနေရသော ဝေဒနာနှင့် ပယောဂဝေဒနာကို ခွဲခြားစမ်းသပ်ရပါမည်။

ဥပမာအားဖြင့် ခြေထောက်နာကျင်ကိုက်ခဲနေသူတစ်ဦးသည် ပယောဂ ရှိ/မရှိ စမ်းသပ်သောအခါ ပယောဂမရှိကြောင်း တွေ့ရပြီဆိုပါစို့။ ထိုအခါ ဆရာက ပယောဂကြောင့် ဤခြေထောက် ကိုက်ခဲရသည်အထင်ဖြင့် တာဝန်ယူကုသလိုက်ရာ၊ ခြေထောက်ကိုက်သောဝေဒနာမပျောက်သော် ပြဿနာ ပေါ်ပေါက်တတ်ပါသည်။

မိမိကလည်း သတိလက်လွတ် မုချပျောက်ပါ့မည်ဟု အာမခံထား၏။ တကယ်ကုသပြီးသောအခါတွင် ပယောဂအား စမ်းသပ်၍ မရှိတော့ပြီဖြစ်သော်လည်း ခြေထောက်ကား ကိုက်မြဲတိုင်း ကိုက်နေတတ်ပါက ဆရာကို များစွာ အထင်သေးသွားတတ်ပါသည်။

ဤသို့ ဖြစ်ရသည်မှာ ပယောဂက တခြား၊ ဝေဒနာက တခြားဖြစ်နေသောကြောင့်တည်း။ ခြေထောက်ကိုက်ခြင်းသည် နဂိုကတည်းက ပယောဂမဟုတ်ဘဲ တစ်ခါတစ်ရံ ဗိုက်အောင့်တတ်ခြင်းသာ ပယောဂဖြစ်နေလျှင် ဗိုက်အောင့်ခြင်းသာ ပျောက်ကင်းသွားပေမည်။ ခြေထောက်ကိုက်ခြင်းကား ပျောက်မည်မဟုတ်ချေ။

ထို့ကြောင့် လူနာအား မကုသမီကတည်းက မည်သို့သော ရောဂါဝေဒနာများ ဖြစ်တတ်ပုံ အလုံးစုံကို ကုန်စင်အောင်မေးမြန်းထားရမည်။ ခြေထောက် ကိုက်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ခေါင်းမူးခြင်း၊ ဇက်ကြောတတ်ခြင်း စသည် တို့ကိုသိရှိထားပြီးမှ . . .

"စနေသား မောင်နီ ဗိုက်အောင့်တာ ပယောဂ ဆိုရင်ကပ်ထား"

"ခြေထောက် ကိုက်တာ ပယောဂ ဆိုရင် ကပ်ထား" စသည်ဖြင့် အမိန့်ပေး၍ စမ်းသပ်ကြည့်ရမည်။ ထိုအခါ ဗိုက်အောင့်တာသည် ပယောဂဖြစ်ပြီး၊ ခြေထောက်ကိုက်ခြင်းမှာ ပယောဂ မဟုတ်ပါက ဗိုက်အောင့်ခြင်းသာ ကပ်ပြလိမ့်မည်။ ခြေထောက်ကိုက်ခြင်းကိုမူ ကပ်ပြလိမ့်မည်မဟုတ်ချေ။ ထိုအခါ ဓိဓိက လူနာအား ခြေထောက် ကိုက်ခြင်းမှာ ပယောဂ မဟုတ်၍ကုသခဲ့လျှင် ပျောက်ကင်းမည် မဟုတ်၊ ဗိုက်အောင့်ခြင်းသာ ပျောက်ကင်းလိမ့်မည်ကို ရဲရဲတင်းတင်းတာဝန် ယူနိုင်ပေလိမ့်မည်။

ဤကြားထဲပင်လျှင် တစ်ခါတစ်ရံ "ဗိုက်အောင့်တာပယောဂကြောင့် ဆိုရင် ကပ်ထား" ဆို၍ ကပ်နေသည်ကို ကုသပြီးသောအခါ ဗိုက်အောင့်တာ သက်သာ၍သာသွား၏။ လုံးဝမပျောက်ဘဲ အနည်းငယ် အောင့်နေတတ်သေးသည်ကိုလည်း တွေ့ရတတ်သေးသည်။

ဤသို့ဖြစ်ရသည်မှာလည်း ပယောဂ မပျောက်သောကြောင့် မဟုတ်သောကြောင့် မဟုတ်ပါ။ ပယောဂမှာ စင်ကြယ်အောင် ပျောက်ကင်းသွားသော်လည်း သွေးရိုးသားရိုးပါ ရောပါနေ၍ သက်သာရုံ

နေသာရုံ သက်သာသွားပြီး သွေးရိုးသားရိုး အောင့်မှုသည် ကျန်ရှိနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ပယောဂကို စမ်းသပ်၍မိသောအခါ "သွေးရိုးသားရိုးပါ ပါခဲ့ရင်ကပ်ထား" ဟု အမိန့်ပေးကြည့်ရမည်။ သွေးရိုးသားရိုး မည်မျှ ပါဝင်နေသည်ကိုလည်း စမ်းသပ်၍ ရပါသည်။ တစ်ဝက်ပါသည်။ တစ်စိတ်ပါသည် စသည်ဖြင့် စမ်းသပ်ကြည့်လျှင် တကယ့်ပယောဂတွင် စမ်း၍ရပါ၏။

သွေးရိုးသားရိုးပါ ရောနေပါလျှင် လူနာအား ကြိုတင်၍ ပြောထားသာ ကုသပြီးသွားသောအခါ၌ လူနာက သွေးရိုးသားရိုးကို ဆေးဝါးများဖြင့် ဆက်ကုနိုင်မည် ဖြစ်ပါသည်။ သို့မဟုတ်ခဲ့ပါက ဆရာအား "ပယောဂကုတာသက်သာရုံပါပဲ လုံးဝမပျောက်ပါဘူး၊ သိပ်မနိုင်ဘူးနဲ့ တူတယ်" အစရှိသဖြင့် ပြစ်တင် ပြောဆိုခြင်းကို ခံရပေလိမ့်မည်။

ဤကဲ့သို့ ပယောဂနှင့် ရောဂါဝေဒနာကို ခွဲခြားစမ်းသပ်ရာတွင် စမ်းသပ်တွေ့ရှိမှု၌ တိကျပြတ်သားခြင်း မရှိသော ပယောဂမျိုး ဖြစ်လျှင် မူကား ကြိုတင်၍ စကားခံထားတတ်ရမည်။

"ဆရာကတော့ ပယောဂကို ပျောက်အောင်ကုပေးမည်။ စမ်းကြည့်လို့ ပယောဂ လုံးဝမရှိတော့တဲ့အထိ ကုပေးမည်။ ကျန်တာကတော့ သွေးရိုးသားရိုးပဲ၊ ဆေးဝါးနဲ့ ဆက်ကုရလိမ့်မယ်" အစရှိသည်တို့ကို ပဌာမ စကားခံထားပြီးမှ ကုသသင့်ပါသည်။

✧ ✧ ✧ ✧ ✧

## ပယောဂရှိကြောင်း တွေ့ရလျှင်

ခြေထောက်တွင် စမ်းသပ်၍ ပယောဂ တစ်ခုခုရှိကြောင်းတွေ့ရပြီ ဆိုလျှင် အောက်ပါအတိုင်း တစ်ခုချင်း မေးမြန်းစစ်ဆေးပြီး (အဓိက) အစွဲ (အဓိကအတိုက်အခိုက်) ကို စုံစမ်းရမည်။

အစီအစဉ်အတိုင်းမေးရာတွင် (အောက်လမ်း)၊ (ရှာသူ) တို့ကို ရှေ့ကထား၍ ဦးစွာ ကြိုတင်မေးရ၏။ အဘယ်ကြောင့် ဆိုသော် ယင်းအောက်လမ်းနှင့် ရှာသူတို့မှာ သက်ရှိလူများ ဖြစ်ပြီး ဓါတ်တကဲ့သို့ ကြိုးကိုင် နိုင်းစေတတ်သောကြောင့် ယင်းတို့၏စနက်၊ ယင်းတို့၏ ပယောဂ ဟုတ် မဟုတ် သိလိုသောကြောင့် ဖြစ်လေသည်။

ဥပမာ-ရိုးရာပယောဂတွေ့ရသည် ဆိုကြပါစို့၊ ရိုးရာအဓိက အတိုက်အခိုက်မဟုတ်ဘဲ အောက်လမ်းနှင့် ရှာသူတို့က နိုင်သဖြင့် မိမိရိုးရာနတ်က ကိုင်ရတတ်သည်ကို တွေ့ရတတ်သောကြောင့်လည်း ဖြစ်၏။ ဤနည်းအတူပင် သရဲ အစိမ်း စသည်တို့မှာလည်း ယင်းတို့၏ နိုင်းစေချက်ကြောင့် လုပ်ရသည်များရှိလေရာ အောက်လမ်းနှင့် ရှာသူကို ဦးစားပေး၍ စစ်ဆေးရပေမည်။

အစီအစဉ်မှာ . . . .

၁။ အောက်လမ်းဘိုက်ရှိရင် ကပ်ထား။

၂။ ရှာသူ ။

၃။ အပင်း ။

၄။ သရဲ ။

၅။ အစိမ်း ။

၆။ နတ်တိုက် ။

၇။ ဆရာတိုက်ရှိရင် ကပ်ထား။
(ညာခြေနှင့် ဘယ်ခြေ ခွဲစမ်း)
၈။ အဘ၊ အမိ ရိုးရာ ။
၉။ ဥစ္စာစောင့်ခွဲ ။
၁၀။ သိုက်ခွဲ ။
၁၁။ သူယောင်ခွဲ တစ်ခုခု ။
၁၂။ မင်းကြီး-မင်းလေး ။
၁၃။ ဦးမင်းကျော် ။
၁၄။ ကတော် ၄-ပါးစက် ။
၁၅။ ခြေရာကောက်စက် ။
၁၆။ အင်းတိုက် ။
၁၇။ ကွင်းပိုင် ။
၁၈။ မြေပုတ်ဘီလူး ။
၁၉။ အိမ်တွင်းနတ် ။

အထက်ပါ အမည်မှာများဖြင့် မည်သည့် ပယောဂခွဲဖြစ်ကြောင်းကို စမ်းသပ်၍ ပါဝင်သမျှ တွေ့ရှိသမျှ အစွဲများကို မှတ်သားထားပြီး အဓိက အစွဲကိုစစ်ဆေးရမည်။

ဥပမာ ။ "အောက်လမ်းရှိရင် ကပ်ထား" ဟု အမိန့်ပေးကြည့်၍ လူနာခြေထောက်မှာ လေးနေခြင်း၊ ကပ်နေခြင်းများကို တွေ့ရလျှင် အောက်လမ်းကို ဦးစွာ မှတ်ရမည်။ ပြီးမှ "ရှာသူပါရင်ကပ်ထား" စသည်ဖြင့် ဆက်လက် စစ်ဆေးရာပါသမျှကို မှတ်သားထား၍ ယင်းပယောဂများမှာ မည်သည့် အစီအမံ၊ မည်သူ့လက်ချက် အဓိက ဖြစ်သည်ကို သိရန်လိုသည်။

ထို့ကြောင့် အဓိက အတိုက်အခိုက်ပယောဂရှာရာတွင်
"အောက်လမ်း အဓိကဆိုရင် ကပ်ထား"
"ရှာသူ အဓိကဆိုရင် ကပ်ထား"
"ရိုးရာ အဓိကဆိုရင် ကပ်ထား"
အစရှိသည်ဖြင့် စစ်မေးသွားရမည်။ အချို့လူနာများမှာ အဓိက ၂-မျိုး။ ၃-မျိုး တွေ့ရှိရတတ်ပါသည်။ အောက်လမ်းက သရဲ အစိမ်းတို့ဖြင့် တိုက်ခိုက်ထားခြင်းကြောင့် အောက်လမ်း အဓိကဖြစ်သလို ရှာသူကလည်း သရဲ အစိမ်း။ နတ်တို့ဖြင့် တိုက်ခိုက်ထားသော ရှာသူပါ အဓိကအဖြစ် စမ်း၍ တွေ့ရတတ်လေသည်။

မည်သို့ပင်ဖြစ်စေ မိမိကုသရသည်မှာ ရှိသမျှ အစွဲအားလုံး လိုက်ကုရန်မဟုတ်ဘဲ အဓိကဖြစ်သော အစွဲကိုသာ ကုသလိုက်ပါက ကျန်နောက်ပါ အားလုံးပါ ကုသပြီးဖြစ်လေတော့သည်။ အပင်ကို လှဲလိုက်လျှင် အကိုင်းအခက်များပါ တပါတည်း ပါသွားတတ်သကဲ့သို့တည်း။

အကိုင်းအခက်များကို စတင်မှတ်ခြင်း၌ အတွင်းစက်ခေါ်သော ဝင်ပူးသည့် ပယောဂများဖြစ်လျှင် အစွဲအမျိုးမျိုးကို ထင်ရှားစွာ မြင်တွေ့ရသဖြင့် ပရိသတ်အားလုံးက လက်ခံယုံကြည်မှုကို အံ့ထူး ရရှိတတ်ပါသည်။ သို့ဖြစ်၍ ဉာဏ်ရှိသလို ကုသနိုင်ပါသည်။ သို့ရာတွင် အဓိကကို မသိနားမလည်ပါက လုံးဝပျောက်ကင်းမည် မဟုတ်ကြောင်းကို သဘောပေါက်ထားရမည်။

************

## စမ်းသပ်ဆဲကာလ ဖြစ်ပေါ်တတ်သော အခြေအနေများ

အထက်ပါအတိုင်း ပယောဂကို စမ်းသပ်ရာ၌ လူနာသည် သာမာန်ဖြစ်ရိုးဖြစ်စဉ်အတိုင်းမဟုတ်ဘဲ ထူးထူးခြားခြားဖြစ်ပေါ်လာတတ်သည်လည်း ရှိလေရာ ကုထုံး မကျွမ်းကျင်သူများမှာ အခက်အခဲပြဿနာများနှင့် ကြုံတွေ့ရတတ်ပါသည်။

ဖြစ်ပေါ်တတ်သော လက္ခဏာများမှာ ....

၁။ ခြေဆင်းကတည်းက ခြေထောက်များကြွမရတော့ဘဲကပ်နေခြင်း။

၂။ စမ်းသပ်ဆဲ လူနာသည် ဘေးသို့ တုံးလုံးလဲကျသွားခြင်း။

၃။ စမ်းသပ်စဉ် ပူးဝင်လာဘိသကဲ့သို့ တုန်လှုပ်ပြီးကြမ်းတမ်းလာခြင်း။

၄။ သတိလစ် တက်ချက်သွားခြင်း။

ဤကဲ့သို့သော ဖြစ်ရပ်များကို ပယောဂကုသသူဆရာများမကြာခဏကြုံရတတ်ပါသည်။ ဤသို့ဖြစ်သွားသော လူနာအား မည်သို့ပြုရမှန်းမသိတော့သဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြသူများကို ကျွန်ုပ်ကြားသိခဲ့ရသည်မှာ အတော်ပင် များပြားလှပါသည်။

ထို့ကြောင့် စေတနာရှေ့ထား၍ ဂိုဏ်းတော်ကြီး၏ ဂုဏ်ကို မထိခိုက်မနစ်နာစေရန် ရေးသားဖော်ပြလိုက်ရပါသည်။

၁။ ခြေဆင်းကာတည်းက ကပ်နေခြင်း

အချို့သော လူနာများကို ပယောဂ စမ်းသပ်ရာတွင် ခြေထောက်ကို အလေးအပေါ့စမ်း၍ ဆင်းခိုင်းလိုက်ကတည်းက မ၍ မရတော့ဘဲ ကြမ်းနှင့် ကပ်နေသည်ကို တွေ့ရတတ်သည်။ ဤသို့ ကပ်နေခြင်းကို ကွာသွားစေရန် မည်သို့မျှအမိန့်ပေး၍မရဘဲ ရှိတတ်သည်။ အချို့မှာ ခြေဆင်းစက ပေါ့သော်လည်း (ပယောဂရှိရင် ကပ်ထား) ဟုအမိန့်ပေး ပြီး ကပ်နေသည်မှစ၍ (ဟုတ်ရင်ပေါ့) ဆိုသော်လည်း မပေါ့တော့ဘဲ မ လေ ကပ်လေ ဖြစ်နေတတ်ပါသည်။

ဤသို့ဖြစ်နေသော လူနာအား ခြေထောက်များ ကွာသွားစေရန် (ပယောဂမှန်ရင် ဖက်လိုပေါ့) (အာခံရင် မီးစက်) (တန်ပြန်) စသည်စသည် အမိန့်များပေးသော်လည်း မပေါ့တော့ပဲ ကပ်နေ တတ်ပါသည်။ ဤသို့ ကပ်နေခြင်းမှာ အကြောင်းသုံးမျိုးကြောင့်ပင် ဖြစ်ရပါသည်။

ပထမအကြောင်းမှာ သွေးမင်းလေမင်များကြောင့် ကပ်နေခြင်းဖြစ်ပြီး ဒုတိယအကြောင်းမှာ ပယောဂ အစွဲကြီးသဖြင့် ဖြစ်တတ်၏။ တတိယအကြောင်းမှာ ကာယကံရှင်ကိုယ်တိုင် မကောင်းသည့်ပညာရပ် များရှိနေသောကြောင့် (ဝါ) ပညာသည်မှု။ ပညာသည်စက်များကြောင့် ဖြစ်လေသည်။

သွေးမင်း လေမင်ကြောင့် ဟုတ် မဟုတ်ကို အမိန့်ပေး၍ လက်တင် ပြီး အပေါ့ခိုင်းလျှင် ပေါ့သွားမည်ဖြစ်၍ ပယောဂမဟုတ်သောကြောင့် အမိန့်ပေး၍ မရခြင်းဖြစ်သည်။ သွေးမင်း လေမင်ကြောင့် ကပ်နေသည့် ...လာမှာ လူနာ၏မျက်နှာ အကဲခတ်လျှင် ထူးခြားသော ပြောင်းလဲ

မှုများ မတွေ့ရတော့ဘဲ ငိုရှိုး မပြတ်ငိုင်း မ နေသည့် အမူအရာသာလျှင် တွေ့ရတော့လေသည်။

ဒုတိယနှင့် တတိယအချက်များကြောင့် ကပ်နေခြင်းမှာမူ ပယောဂ စက်များကြောင့် ကပ်နေခြင်းဖြစ်၍ မျက်နှာအမူအရာ ပျက်နေသည်ကို တွေ့ရပေလိမ့်မည်။ ထူးခြားသည်မှာ လူနာသည် သတိလွတ်နေ သလိုဖြစ်နေခြင်း၊ ဒေါသကြီးစိတ်ထန်နေခြင်း စသော မျက်နှာထားများသို့ ရုတ်ခြည်းပြောင်းလဲနေသည်ကို တွေ့ရပါလိမ့်မည်။ မျက်နှာပျက် နေတတ်ပါသည်။

ဤသို့သောအကြောင်းများကြောင့် ကပ်နေခဲ့ပါက ပထမဦးစွာ ခြေထောက်ဆီမှစက်များကို ယာဘက်လက်ဖြင့် ရှယ်မိုးပြီး အထက်ပိုင်း ဆီသို့ ဆွဲတင်လိုက်ရမည်။ နှုတ်မှလည်း(ဟဲ့…သူ့စက်တွေ သူ့နေရာ ပြန်နေ) ဟု အမိန့်ပေးရပါသည်။ ထိုသို့ပြုလုပ်ပြီးမှ အမနိုင်းလျှင် ပျောက်သွားသည်ကို တွေ့ရတတ်ပါသည်။

သို့သော်လည်း ဤမှုဖြင့် မပျောက်သောအခါ လူနာအားသတိပြန်ဝင်လာ စေရန် ဦးခေါင်းကိုလက်ညှိုးဖြင့် စက်ထောက်၍ နာမည်ကို ခပ်ဝေါက် ဝေါက် ခေါ်လိုက်ရမည်။ ထိုအခါ မျက်နှာအမူအရာလည်း ပြန်လည် ပြောင်းသွားတတ်ပါ၏။

ဤအခါကျမှ(မောင်နီ မင်းရဲ့စိတ်တွေကို တင်းမထားဘဲ လျှော့ပြီး မ လိုက်စမ်း) ဟု ပြောလိုက်လျှင် လွယ်ကူစွာ ပျောက်သွားသည်ကို တွေ့ရပါလိမ့်မည်။

ထိုသို့ဖြစ်ရသည်မှာ ပယောဂအစွဲကြီးခြင်းကြောင့် ဆိုရာ၌ အစွဲကြီး သောသူမှာ ပညာသည်တို့၏ စိတ်ထားများကိုယ်တိုင်ဝင်နေခြင်း ကြောင့်ပင် ဖြစ်လေသည်။

ကျန်အချက်ဖြစ်သည့် ပညာသည်မှူး ပညာသည်စက်ရှိသူများကား ဆရာ့ရှေ့မှောက်၌ ပညာမာန်ထကြွနေသဖြင့် အလိုလိုချွပ်ငြီး တုပ်ငြီး ဖြစ်နေသောကြောင့် ခြေထောက်များ ကြွမရတော့အောင် ကုပ်နေခြင်း ဖြစ်လေသည်။ ထိုလူနာမျိုးသည် မေးသည့်ပယောဂတိုင်းကို ကပ်တတ်ခြင်း။ ခြေထောက်များဆင်းလျှင် ဆင်းချင်း မ မရအောင် ကပ်နေတတ်ခြင်းများ ဖြစ်တတ်ရာ စိတ်ကိုလျှော့နိုင်းပြီးမှ မ နိုင်းလျှင်လွယ်ကူစွာပင် ပျော့ပါးသွားပါလေတော့သည်။

ဤအချက်များကို မသိသဖြင့် ဆိုင်ရာနှင့်အမိန့်ပေး၍ ကြွနိုင်းလည်း မရ မီးစက်နှင့် ပစ်လည်းမရ တန်ပြန် ဓမကြီးများဖြင့် မျက်စဉ်းခပ်လည်းမရဖြစ်ပြီး အခြားမည်သည့် အမိန့်အာဏာနှင့်မျှ နိုင်းစေ၍ မပေါ့တော့သောအခါ လူနာရှင်တို့က များစွာအထင်အမြင်သေးခြင်းကို ဖြစ်စေပါသည်။ သဘာဝကို သိရှိနားလည်လျှင် ရှေ့ရင်ကျော်ပညာသည် ပယောဂ ကုသရာ၌ အခက်အခဲ အကျပ်အတည်းဟူ၍ မည်သည့်အခါမျှ မရှိနိုင်ပါ။

၂။ စမ်းသပ်စဉ် လဲကျခြင်း

ပယောဂ စမ်းသပ်စဉ် ရုတ်တရက် လူနာသည် ဘေးသို့ တုံးလုံးလဲကျသွားခြင်း။ မူးတယ်မူးတယ်ဟု ပြောပြီး သတိလစ်လဲကျသွားခြင်းများလည်း တစ်ခါတစ်ရံ ဖြစ်တတ်ပါသည်။ ဤသို့ ဖြစ်သော်လည်း ဆရာလုပ်သူသည် စိုးရိမ်ထိတ်လန့်စိတ်များ ဝင်လာရန် မလိုပါ။ မိမိအား အသက်နှင့်ခန္ဓာအပ်နှံထားသော လူနာဖြစ်သောကြောင့် မည်သို့မျှ အသက်အန္တရာယ် မထိနိုက်နိုင်ပါ။ မိမိက အမှုအရာများပျက်၍

တုန်လှုပ်ချောက်ချားနေလျှင် လူနာရှင်များက ပို၍ စိုးရိမ်လာတတ်ပြီး အမျိုးမျိုးသော ပြဿနာများ ပေါ်ပေါက်လာတတ်ပါသည်။ လူနာမှာ ဤသို့ လဲကျသွားသော်လည်း အတွေ့အကြုံရှိခဲ့ပြီး မည်သို့ ပြုလုပ်ရမည်ကို သိသောသူဖြစ်လျှင် အပူပင် ပျက်စရာမလိုပါချေ။ အလွန်လွယ်ကူချောမောစွာဖြင့် ပကတိ အကောင်းအတိုင်း ပြန်ဖြစ်လာမည်မှာ မလွဲပါ။

ဤသို့ ဖြစ်လာသော လူနာများမှာလည်း ပညာသည်ဖူး ပညာသည်စက် ရှိသူဖြစ်သောကြောင့် ဆရာ့အား လှည့်စားရန် ကြိုးစားခြင်းမျှသာ ဖြစ်ပါ၏။ အခြားသောပယောဂများ၏ တိုက်ခိုက်မှုများကြောင့် ထိုသို့ဖြစ်ရသည်မဟုတ်ကြောင်း သိရှိနားလည်ထားရန် လိုအပ်ပါသည်။

ထို့ကြောင့် ဤသို့လဲကျသွားသော လူနာများကိုလည်း ဦးခေါင်းကို ဖိဖိလက်ညှိုးဖြင့် နာနာထောက်၍ နာမည်ကိုခေါ် အထုခိုင်းရမည်။ (စက်ထောက်ရာတွင် တစ်နေရာတည်းမဟုတ်ဘဲ ဦးခေါင်းနေရာစုံသို့ ပြောင်းရွှေ့ထောက်ပါက မခံမရပ်နိုင်ပါသဖြင့် ထလာမည်မှာချဖြစ်ပါသည်) ဤသို့ ဖြစ်သွားသောလူနာများအား အခြားနည်းဖြင့် အမိန့်ပေးသော်လည်း မရတတ်ပါချေ။

## ၃။ စမ်းသပ်စဉ် ဖောက်ပြန်လာခြင်း

ပယောဂဝေဒနာရှင်အား စမ်းသပ်နေစဉ်အတွင်း ပယောဂ ပူးဝင်သကဲ့သို့ တုန်လှုပ်လာခြင်းများ ကြမ်းတမ်းခက်မာလာခြင်းများကိုလည်း တစ်ခါတစ်ရံ တွေ့ရတတ်ပါသည်။

စမ်းသပ်ဆဲ ကာလ၌ ပယောဂအစွဲသည် ပူးဝင်လာခြင်း အမှန်ဖြစ်ပါက နဖူးကို လက်ဝါးနှင့် ပုတ်၍ ထွက်နိုင်းလိုက်လျှင် ထွက်သွားမည်ဖြစ်သော်လည်း တစ်ခါတစ်ရံ မထွက်ဘဲ ဆက်လက် လှုပ်ရှားနေတတ်ပါသည်။

ဂုန်းဂုန်းနိုင်းနိုင်း ထဖြစ်ချင်ဖြစ်မည်။ သို့သော်လည်း စိုးရိမ်ထိတ်လန့်စရာမလိုပါ။ များသောအားဖြင့် မိမိကိုယ်ကို မိမိ ဘိုးတော်-မယ်တော် ဝင်သည်ဟု ဆိုတတ်သောသူများ ဖြစ်တတ်ကြပါသည်။ ဤသို့ ဖြစ်လာလျှင် လူနာ၏ခေါင်းကိုလက်ညှိုးဖြင့် စက်ထောက်၍ ယင်း၏ နာမည်ကို ခေါ်လိုက်လျှင် ပြန်လည် သတိရလာပါလိမ့်မည်။

ဤသို့ဖြစ်တတ်သည်မှာလည်း ပညာသည်မှု၊ ပညာသည်စက်များ ရှိသောကြောင့် ပညာသည်မာန်ဝင်လာပြီး လူစိတ်ပျောက်သွားခြင်းသာ ဖြစ်ပါ၏။ ထို့ကြောင့်ပင် စက်ထောက်လိုက်သောအခါ မခံမရပ်နိုင်သဖြင့် အကောင်းအတိုင်း ပြန်ဖြစ်လာခြင်း ဖြစ်လေသည်။

## ၄။ သတိလစ် တက်ချက်သွားခြင်း

ပယောဂ စမ်းသပ်စဉ်မှာဖြစ်စေ လူစိတ်ပျောက်အောင် တက်နေသဖြင့် ပယောဂစမ်းသပ်ရန် လာရောက် ပင့်ခေါ်သဖြင့် စမ်းသပ်ရန် လိုအပ်သောအခါတွင်ဖြစ်စေ (ပယောဂမှန်ရင် မတက်နဲ့) ဟူသော အမိန့်ပေးရုံမျှဖြင့် တက်နေရာမှ သတိရလာလိမ့်မည် မဟုတ်ပါချေ။

ထိုသို့ဖြစ်နေသော လူနာအား အသက်နှင့် ခန္ဓာကိုယ်ကို အပ်စေပြီးလျှင် စက်ထောက်၍ နာမည်ခေါ် ထနိုင်းလိုက်လျှင် ချက်ချင်း ကောက်ကာငင်ကာ အကြောင်းပကတိ ထထိုင်သည်ကို တွေ့ရလိမ့်မည်။ ဤသို့ တက်တတ်သူများကို သတိရလာသောအခါ မေးကြည့်လျှင် လုံးဝ လူစိတ်ပျောက်၊ သတိလစ်နေခြင်း မဟုတ်ဘဲ၊ ပြောဆိုသောစကားများကို ကြားခြင်း၊ လုပ်ကိုင်ကြသမျှ သိနေခြင်းများကို မေးကြည့်လျှင် ဟုတ်မှန်ကြောင်း ပြောလိမ့်မည်။ ပြင်ပအမြင်၌ တက်နေသူသည် လူစိတ်ပျောက် သတိလစ်နေသည်ဟု ထင်ရသော်လည်း ကာယကံရှင်ကမူ သတိမလစ်ကြောင်း၊ သိနေကြောင်းကို ပြောပြလိမ့်မည်။

ထိုလူမျိုးမှာလည်း ပညာသည်ဖုံး၊ ပညာသည်စက်ကြောင့် တက်တတ်ခြင်းဖြစ်ပြီး တက်နေစဉ် ဆရာက စက်ထောက်ထနိုင်းလျှင် ချက်ချင်းထထိုင်သည်ကို တွေ့ရှိလိမ့်မည်။

ပယောဂဝေဒနာအပေါင်းတွင် ပညာသည်ဖုံး၊ ပညာသည်စက်သည် သူမတူအောင် လှည့်စားတတ်သော ပယောဂဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေကာမူ ရှေးရင်ကျော်ပညာဖြင့် ကုသရာ၌ လှည့်စား၍ မရနိုင်တော့ပါ။ ကုထုံးကုနည်းပိုင်နိုင်ကျွမ်းကျင်မှု တတ်သိသဘောပေါက်မှုသာ လိုပါသည်။ (ယင်းပညာသည်ဖုံး ပညာသည်စက်ကုထုံးများမှာ များစွာရှုပ်ထွေးများပြားလှသဖြင့် သီးသန့်ကျမ်းတစ်စောင်အဖြစ် ထုတ်ဝေပါမည်။)

## စက်ပြောင်းစမ်းသပ်ခြင်း

အချို့သော ပယောဂ ဝေဒနာရှင်များမှာ အသက်အရွယ် ကြီးရင့်ထွန်းသောကြောင့်ဖြစ်စေ၊ ရောဂါပြင်းထန်သဖြင့် ကျန်းမာရေး ချို့တဲ့လွန်းသောကြောင့်ဖြစ်စေ စမ်းသပ်ရာတွင် ခက်ခဲမှုများစွာ ရှိတတ်ပါမည်။

ဤလူနာမျိုးကို ပယောဂဝေဒနာရှိ၍ ကုသသောအခါ၌လည်း တဖြည်းဖြည်း ကုသယူရပါမည်။ သွေးရှိသားရှိကျန်းမာရေး ပျက်ကွက်ချွတ်ယွင်းနေသဖြင့် ပယောဂကိုကုသပျောက်ကင်းသွားသည့်တိုင် ဆေးဝါးဓာတ်စာများဖြင့် ဆက်လက်ကုသရန် လိုအပ်ကြောင်းကို လူနာရှင်များအားကြိုတင် ပြောပြထားရပါမည်။ ပယောဂအမှန်ရှိ၍ ကုသပျောက်ကင်းသွားလျှင် သွေးသား ဝေဒနာများမှာလည်း လျင်မြန်စွာ ကုသ၍ ပျောက်ကင်းနိုင်ပါသည်။

ဤသို့သော အခြေအနေမျိုး ရှိသည့် လူနာများကိုပယောဂ ဟုတ်မဟုတ် စမ်းသပ်သောအခါ စက်ပြောင်းလဲ စမ်းကြည့်ရပါမည်။ စက်ပြောင်းရွှေ့မှုကို ခံယူရမည့်သူသည် သွေးသားအရင်းအချာထဲမှ ဖြစ်စေ၊ ဇနီး ခင်ပွန်းစသည်တို့ဖြစ်စေ ဖြစ်ရပါမည်။

စက်ပြောင်းရွှေ့၍ အစမ်းခံမည့်သူကို အသက်နှင့် ခန္ဓာ အအပ်ခံရမည်။ လူနာ၏အသက်နှင့်ခန္ဓာလည်း အအပ်ခံရမည်။ ပြီးလျှင်

လူနာ၏ ပယောဂစက်များကို သိမ်းယူ၍ အစမ်းခံရသူထံသို့ ပြောင်းထား ရပါမည်။

ပြောင်းပုံမှာ . . .

"ဘုရားဝါးဆူ အမိန့်၊ အထက် ဆရာကြီးများ အာဏာ ကြာသပတေးသား ဦးဖြူမှာ ပယောဂစက်တွေရှိရန် အကုန်အစင် ဖိုလက်ထဲလိုက်ခဲ့" ဟူ၍ ဦးခေါင်းမှ ရိုက်သွင်းရမည်။

သို့တည်းမဟုတ် . . .

ကြာသပတေးသား ဦးဖြူရဲ့ ပယောဂစက်တွေ စနေသားမောင်နီ ဆီရောက်" ဟု အမိန့်ပေးရမည်။ ထိုသို့ စက်များ ပြောင်းယူပြီးနောက် အပြောင်းခံရသူအား ထုံးစံအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် အစီအစဉ် မပျက် ဆက်၍ စမ်းသပ်ရ၏။

ဤသို့ စမ်းသပ်သဖြင့် လွယ်လင့်တကူ ပယောဂ မိသည်လည်းရှိ ၏။ မမိသည်လည်း ရှိတတ်ပါ၏။ စက်အခံရှိသူထံသို့ ပြောင်းရွှေ့စမ်းသပ် ရလျှင် မိသည်သာဖြစ်ပါ၏။ ထို့ကြောင့် ပြောင်းရွှေ့စမ်းသပ်ရမည့်သူကို လည်း ပယောဂစက်များရှိ၊ မရှိ ဦးစွာစမ်းသပ်ကြည့်ထားသင့်ပေ၏။ ပယောဂစက်ခံမရှိသော်မှ သွေးသားချင်းတူသူများ ပယောဂဝင်လွယ်သူ များဖြစ်လျှင် စမ်းသပ်၍ ရနိုင်ပေရာ တစ်ဦးနှင့်မမိလျှင် နောက်တစ်ဦးသို့ ပြောင်းရွှေ့စမ်းသပ်လိုက စမ်းသပ်ကြည့်နိုင်ပါ၏။

စမ်းသပ်၍ မိခဲ့လျှင် လူနာရော အစမ်းခံရသူကိုပါ ပယောဂစက် များ စင်ကြယ်သွားသည့်တိုင်အောင် ကုသဖယ်ရှားပစ်ရမည် ဖြစ်ပါသည်။

## ပယောဂဝေဒနာကို ချုပ်ပုံ

ပယောဂမကုသမီ စမ်းသပ်ရာတွင် ပယောဂကို တွေ့ရှိပြီးသည့် အခါတွင် ဝေဒနာကို ချုပ်ထားနိုင်ပါသည်။ ဤသို့ချုပ်ရာတွင် အချို့ဆရာ များသည် မြင်ပတွင် ချုပ်တတ်ကြသည်။ ဥပမာ-မောင်နီသည် ပယောဂ ကြောင့် အောင့်သောဝေဒနာ ခံစားနေရသည် ဆိုပါစို့။

"စနေသားမောင်နီဆီက အောင့်နေတာတွေ ငါ့လက်ထဲလိုက်ခဲ့" ဟု၍ညာလက်ဖြင့် သိမ်းယူလိုက်လျှင် အောင့်သော ဝေဒနာ ချက်ချင်း ပျောက်သွားပေလိမ့်မည်။ ဤသို့ သိမ်းယူလိုက်ပြီးလျှင်- "ဟောဒီတိုင်မှာ ချုပ်ထားတယ်" ဟု၍ တိုင်တစ်တိုင်တွင်ချုပ်ထားခြင်း၊ သစ်ပင်စသည် တို့တွင် ချုပ်သောခြင်းများကိုမပြုလုပ်အပ်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းအောင့်သည့်စက်များသည် ကြေဝဠာအတွင်းသို့ ပျံ့လွင့်သွားတတ် သဖြင့်ကုသည့်အချိန်တွင် ပြန်လည်ခေါ်ယူသည့်အခါ စက်အားကောင်း သင့်သလောက် မကောင်းသောကြောင့် ပူးဝင်နိုင်သော အတွင်းစက် ပယောဂသည် ပူးဝင်နိုင်လောက်သော အင်အားမရှိတော့ခြင်း၊ မြင်နိုင် သော အပြင်စက်တို့သည် မမြင်နိုင်တော့ခြင်းများကို ဖြစ်စေ တတ်ပါ သည်။ ထိုအခါ ပယောဂကုသကွက် ကောင်းသင့်သလောက် မကောင်း နိုင်တော့ပါ။

ထို့ကြောင့် ပယောဂဝေဒနာကို ချုပ်မည်ဆိုလျှင် ဝေဒနာရှင်၏ ခေါင်းကိုယ်ထဲ၌သာ ချုပ်ထားရပါမည်။

"တစ်ပတ်အတွင်း မအောင့်စေနဲ့ စနေသားရဲ့ အသက်နဲ့ခန္ဓာ ငါချုပ်ထားတယ်"

စသည်ဖြင့် ကုသမည့်ရက်တိုင်အောင် အချိန်ကာလ ပိုင်းခြား၍ အမိန့်ပေး ချုပ်ထားလိုက်လျှင် ပယောဂ စက်များပျံ့လွင့်ခြင်း မရှိသဖြင့် ကုသသောအခါ ကုကွက်များကောင်းမွန်နိုင်ပါသည်။

စမ်းသပ်စဉ် ဆရာကသမားဂုဏ်ပြလိုသောကြောင့် အောင့်သည့်နေရာကို ရွှေ့ပြောင်းပြခြင်းပြုလုပ်ရာတွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်ပါ၏။ လက်နှင့်သိမ်းယူလိုက်ပြီး "ဒူးခေါင်းထဲရောက်၊ ခြေသောက်ထဲရောက်" ဟုရွှေ့ပြောင်းလျှင် စက်များ အဆင့်ဆင့် ပျံ့လွင့်တတ်ပါသည်။

ထို့ကြောင့် လက်ညှိုးနှင့်ညွှန်၍ ဖြစ်စေ၊ လက်နှင့် ရှယ်မိုး၍ဖြစ်စေ အမိန့်ပေး ပြောင်းရွှေ့ပါက စက်များ ပျံ့လွင့်ခြင်း မရှိနိုင်တော့ပါ။

နိုးရာတိုက်နှင့် ဥစ္စာစောင့် သိုက်စွဲများကို စမ်းသပ်တွေ့ပြီးသောအခါများတွင် လူနာ၏ အသက်နှင့် ခန္ဓာကိုယ်ကို အသေအချာ ရက်လပိုင်းခြား၍ ချုပ်ထားရန် လိုအပ်ပါသည်။ စမ်းပြီး မကုမီ ဤအတိုင်းလွှတ်လိုက်လျှင် သတ်တတ်ဖြတ်တတ်သဖြင့် ဂရုတစိုက် ချုပ်ထားရန် မမေ့ပါနှင့်။

"စနေသား မောင်နီရဲ့ အသက်ခန္ဓာကို ငါ ချုပ်ထားတယ်၊ တစ်ပတ်အတွင်း ဘာမှမဖြစ်စေနဲ့" စသည်ဖြင့် အလိုရှိသော ကာလအပိုင်းအခြားအထိ သတ်မှတ် ချုပ်ထားရပါမည်။ လူနာ အားလည်း ဂရုကျနစွာ သတိပေး မှာကြား၍ ကုသမည့် ရက်ချိန်းအတိုင်း မပျက်မကွက် ...ရန်နှင့် အကယ်၍ မကုသဖြစ်သေးပါက ဆရာ့ထံ

အကျိုးအကြောင်းလာပြောရန်တို့ကိုပါ သတိပေးရပါသည်။

လူနာက ပေါ့ဆသဖြင့် ကုသရမည့်ရက် (၃)ချုပ်ထားသောရက် လွန်သွားသဖြင့် အသက်ဗိဇ္ဇာဥ်ကိုနုတ်သွားသော ဥစ္စာစောင့်စွဲ၊ သိုက်စွဲများ၊ ရိုးရာများကို ယင်းကြွမ်းတမ်းသော ပညာသည်များ၊ မိစ္ဆာများအကြောင်းများကို မကြာခဏ ကြားရတတ်ပါ၏။ ပယောဂတို့ကို ကုသရာတွင် ဆရာရော လူနာပါ ဂရုတစိုက် လေးလေးစားစားနှင့် ကုသရမည်သာ ဖြစ်ပါသည်။ ဝေဒနာ မကြီးမားသော်လည်း ပေါ့ဆစွာ မပြုလုပ်သင့်ပေ။

✧✧✧✧✧

## ပယောဂမဟုတ်သော စမ်းသပ်မှုများ

အချို့သောသူများသည် ပယောဂနှင့် မသက်ဆိုင်သော ယင်းတို့၏ အဆောင်လက်ဖွဲ့ များ၊ ဓာတ်လုံးများ၊ အင်းများ၊ အစီအရင်များကို ဆရာ့ထံသို့ လာရောက် စမ်းသပ်ခြင်းများပြုလုပ်တတ်ပါသည်။ စမ်းသောသူသည် ပယောဂဝေဒနာတစ်ရပ်ရပ်နှင့် ပတ်သက်၍ သိချင်သဖြင့် စမ်းသပ်ရာမှ ယင်းတို့၏ အဆောင်အယောင် လက်ဖွဲ့ ပစ္စည်းများက အတိုက်အခိုက် ဖြစ် မဖြစ်ကိုသာလျှင် စမ်းသပ် ပေးအပ်ပါ၏။

အကြောင်းမဲ့ ယင်းတို့၏ လက်ဖွဲ့များ၊ အင်းများ၊ စသည်တို့ကို အစောင့်ရှိ မရှိ၊ သိဒ္ဓိ ရှိ မရှိ စမ်းသပ်ခြင်း မပြုလုပ်သင့်ချေ။ ဤကဲ့သို့ စမ်းသပ်သဖြင့် အကယ်၍ မကောင်းသောစက်များမကောင်းသော အစောင့်များ၊ အတိုက်အခိုက်များကို စမ်းသပ် တွေ့ရှိကြသည်ဆိုကြပါစို့

ယင်းတို့ကိုစီရင်ပေးသူများ၏ ဂုဏ်သိက္ခာကို ထိခိုက်ခြင်းများ ဖြစ်ရပေလိမ့်မည်။ ထိုအခါ လာစမ်းသူနှင့်ဖြစ်စေ၊ စီရင်ပေးကြသူများနှင့် ဖြစ်စေ ပဋိပက္ခ ဖြစ်ရလေသည်။ အကယ်၍ စမ်းသပ်၍ မည်သို့မျှ မထူးခြားသဖြင့် ဘာအာစောင့်မျှမရှိပါဟူ၍ ဆိုပြန်လျှင်လည်း ထိုအတူပင် ပြဿနာပေါ်ပေါက်လာနိုင်ပါသည်။ ပြဿနာများမှာ မပေါ်လျှင် အကောင်းဆုံးသာဖြစ်သဖြင့် သိက္ခာရှိရှိဖြင့်သာ ဆောင်ရွက်သင့်ပါသည်။ တွေ့ရာမြင်ရာကို စမ်းသပ်ခြင်း၊ လွယ်လင့်တကူ ပြောဆို လုပ်ကိုင်ခြင်း အမှုများကို အထူး ဆင်ခြင်ရပါမည်။

ဤအဆောင်ပစ္စည်းများကို စမ်းသပ်ကြည့်ရာ၌ အတိုက်အခိုက် ဖြစ်နေသော ပစ္စည်းများမှာ လူတိုင်းဖြင့် စမ်းသပ်ကြည့်၍ မမိတတ်ပါ။ တကယ် အတိုက်အခိုက် ဖြစ်နေသောလူများနှင့် စမ်းသပ်ပါမှသာ မိတတ်လေသည်။

ဥပမာ။ ။ပယောဂ ဝေဒနာ ဖြစ်နေသူ တစ်ဦးက ယင်းအား ဆရာတစ်ဦး ပေးထားသော အင်းတစ်ချပ်ကိုစမ်းသပ်ကြည့်ပေးပါဆို၍ စမ်းသပ်ကြည့်သောအခါ ထိုအင်းချပ်သည် အမှန်တကယ် အတိုက်အခိုက်များ ဖိပြီဆိုပါစို့။

ယင်းအင်းချပ်ကိုပင် အခြားတစ်ဦးဦးနှင့် ပြောင်း၍စမ်းသပ်သောအခါ အတိုက်အခိုက်များ မမိတော့ပါ။ ပထမ စမ်းသပ်စဉ်က ယင်းအင်းတွင် "မကောင်းတာရှိရင်ကပ်ထား" ဟု အမိန့်ပေး၍ ခြေထောက် ကပ်နေကြောင်း တွေ့ရသော်လည်း အခြားတစ်ဦးဦးနှင့် စမ်းသပ်သောအခါ ကပ်နေသည်ကို မတွေ့ရတတ်ပါချေ။

ဤသို့ဖြစ်ရခြင်းမှာ စမ်း၍ ကပ်နေသူတွင် ထိုအင်းနှင့်ပတ်သက်၍ အမှန်တကယ် အတိုက်အခိုက်ဖြစ်လျက်ရှိသောကြောင့် စမ်း၍မိပါသည်။ ထိုသူကိုယ်တိုင်လည်း ထိုအင်း၏မကောင်းသောစက်များ ဝင်ရောက်နေသဖြင့်သာ စမ်း၍မိခြင်း ဖြစ်ပါသည်။ အခြားသူတစ်ဦးဦးနှင့် ပြောင်း၍ စမ်းသည့်အခါတွင်မူယင်းအင်းသည်ပင်လျှင် (မကောင်းသော အစောင့်များ) မရှိသကဲ့သို့ ခြေထောက်ကို ကပ်နိုင်း၍ မရတတ်ပါ။ မရသည်ကများပါသည်။ သဘောမှာခန္ဓာကိုယ်တွင်း၌ စက်များမရှိပါဘဲ ခြေထောက်ကို ကပ်နိုင်း၍ မရနိုင်ကြောင်းပင် ဖြစ်ပါသည်။

ထိုသဘောမျိုးပင် အိမ်တိုက်၊ မြေတိုက်၊ အင်းမြှုပ်ခြင်းခံထားသော အိမ်တစ်အိမ်၌ ပယောဂရှိသော လူနာအားစမ်းသပ်ရာတွင် အင်းမြှုပ်ထားကြောင်း စမ်းသပ်၍ ကပ်နေပါသော်လည်း ယင်းအိမ်တွင်ပင်နေထိုင်သော မိသားစုတစ်ဦးဦးက ယင်းကိုပါ စမ်းသပ်ပြပါဟု၍ ပြောသဖြင့် စမ်းသပ်ကြည့်သောအခါ ဤအိမ်တွင် အမှန်တကယ်မြှုပ်ထားသောအင်းမှာ စမ်း၍မမိတတ်သည်ကို သတိပြုရပါမည်။

ထိုအချက်ကို ဆရာလုပ်သူတို့သည် သဘောတရား ရှင်းလင်းပြတ်သားစွာ ပေါက်ပါမှ ပရိသတ်၏ အထင်အမြင် လွဲမှားမှုကင်း၍ ယုံကြည်လေးစားမှုကို ရပါလိမ့်မည်။

"စက်"ဟုခေါ်သော ပယောဂအကြောင်းတရားကို ဂဃနဏ သဘောပေါက် သိထားလျှင် ဤအချက်မှာ ရှင်းလှပါ၏။

အချို့သောလူများသည် မိမိအိမ်တွင် အင်းမြှုပ်ထားတာ တကယ်ရှိလျှင် သူ့ကိုပါ စမ်းသပ်ပြပါဟု၍ ပြောလာတတ်ပါသည်။ လူနာကို စမ်းသပ်ရာတွင် အထင်အရှား ကပ်နေသဖြင့် အခြားသူကိုပါ စမ်းသပ်လျှင် ဤ အိမ်တိုက် မိမည်ဟု အထင်ဖြင့် စမ်းသပ်လျှင်

ဤအိမ်တိုက် မိမည်ဟု အထင်ဖြင့် စမ်းသပ်ပြလျှင် မမိသောအခါ အထင်အမြင်သေးခြင်း ဒွိဟသံသယ ဖြစ်စေတတ်ခြင်းများကို ခံရပါလိမ့်မည်။

လူနာကို၊ကုသရာတွင် အမြင်ပြ၍ ကုသသော အပြင်စက်ဖြစ်၍ ထိုအင်းကို သေချာမြင်ရသည်ပင် ဆိုကြပါစို့။ သွား၍ တူးကြည့်သော အခါလည်း တကယ်ပင် တွေ့ရသည်ဆိုပါစို့။ အင်း၏ စက်များ မဝင်ရောက်သောသူများ စမ်းသပ်လျှင် ခြေထောက်ကပ်မည် မဟုတ်ကြောင်း သဘောပေါက်ရမည်။

စမ်းသပ်တွေ့ရှိထားသော လူနာအား အပြင်စက်ဖြစ်၍ အမြင်ဖွင့်သောအခါ မြင်သဖြင့် ကျန်လူနာများကလည်း ကြည့်ချင်ပါသည်ဟု ဆိုပြီး၊ အမြင်ဖွင့်ပြသော် ရပါသလော။ လုံးဝမရနိုင်ပါ။ ဤသဘောပင် ဖြစ်ပါသည်။ မြင်ရသူမှာ အတိုက်အခိုက်ခံရသော စက်များရှိနေ၊ ဝင်နေပြီဖြစ်၍ မြင်ရခြင်းဖြစ်သော်လည်း ပယောဂမဖြစ်သောသူ (ဝါ) စက်မရှိသူများမှာ မြင်နိုင်ခြင်းမရှိကြောင်း သဘောပေါက်ရမည်။

ထိုသဘောအတိုင်းဖြစ်သည့် အင်း၊ လက်ဖွဲ့၊ ခါတ်လုံး စသည်များကို စမ်းသပ်ရာတွင်လည်း စက်တို့သဘာဝကို သိနိုင်လောက်ပြီဟု ထင်ပါသည်။

************

## ကုသသည့်အခါ ပွဲပြင်နည်း

ပယောဂကို စမ်းသပ်၍ တွေ့ရှိပြီဆိုလျှင် ကုသမည့်ရက်ကို ချိန်းဆို၍ ပွဲကို တစ်ဖက်ပါအစီအစဉ်အတိုင်း ပြင်ရမည်။ ပွဲပြင်သောအခါတွင် မိမိအိမ်၌ ပြင်ဆင်သကဲ့သို့သာလျှင် ပြုရသည်၊ ပယောဂကုသသောအခါ

တွင် အချို့က ကုပွဲဆိုပြီးတစ်မျိုး ပြောင်းလဲ ပြင်တတ်ကြသည်။ မိမိအိမ်၌ပြင်သော ပွဲအတိုင်းသာ ပြင်ဆင်၍ ဘုရားနှင့် အဘ ဆရာကြီးကို အပ်နှံပူဇော်ရပါမည်။ ကျွန်ုပ်၏ ဖခင်ကြီး ကုသသောအခါများတွင်လည်း ဤသို့သော တစ်ပုံစံတည်း ပြင်ဆင်ကုသပါသည်။

ပွဲပြင်ပုံ အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဘုရားပွဲတစ်ပွဲ၊ ဝိဇ္ဇာပွဲ (၃) ပွဲပြင်ရမည်။ ဘုရားပွဲနှင့် ဝိဇ္ဇာပွဲများကို ပြင်လျှင် တစ်ပွဲလျှင် ငှက်ပျောဖီး (၃) ဖီး၊ အုန်းသီးကြွက်မြီးကောင်းကောင်း(၁)လုံး၊ ဖယောင်းတိုင်(၁) တိုင်၊ လက်ဖက်အသားချည်းကွမ်းရွက်နှင့်ထုပ်၍ (၁)ထုပ် (ပုံစံမှာ ကွမ်းယာ ယာပုံအတိုင်းဖြစ်၏) ကွမ်းယာ (၂) ယာ၊ (၁) ယာလျှင် ကွမ်းသီးစိပ် (၂) စိပ်စီ ထည့်ရမည်။ ဝိတ်ဖြူ (၅) တောင်ပါ ထည့်နိုင်သူများ ထည့်ပေးရမည်။

ငှက်ပျောသီး၊ အုန်းသီးများကို ပွဲဇလုံသန့်သန့်တွင် နေရာတကျထားပြီးလျှင် ကွမ်းရွက်တစ်ရွက်ကို အဖျားမဆိတ်ဘဲ လက်ဖက်အသားချည်း သင့်ရုံထည့်၍ ဝဲဘက်မှ ဦးစွာခေါက်ပြီးမှ ယာဘက်မှ ခေါက်ရမည်။ ပြီးလျှင် အရိုးဘက်အောက်မှ အထက်သို့ ခေါက်ပြီး ထုပ်ရမည်။ ကွမ်းရိုး၊ အဖျားကလေးကိုသာ ဆိတ်ပယ်ပစ်ရပါသည်။ ဤအနေအထားမှာ ကွမ်းရိုးသည် ကွမ်းရွက်အဖျားအချွန်နှင့်အတူ အပေါ်သို့ ညွှန်နေရမည်။ ယင်းလက်ဖက်ထုပ်ကို ဤအတိုင်းပင် အုန်းသီးဘက်သို့ မျက်နှာမူ၍ ငှက်ပျောတစ်ဖီးတွင် ညှပ်၍ စိုက်ထားရမည်။

ကွမ်းယာကို ယာသောအခါ၌လည်း ထုံးသန့်သန့်ဖြင့်ယာ၍ ဖီမွှော်ခြမ်းပုံသဏ္ဍာန်ကွမ်းသီးစိပ် (၂)စိပ်ထည့်ပြီး လက်ဖက်ကို ယ-

စဉ်သကဲ့သို့ပင် ဝဲဘက်မှ ဦးစွာ ချိုးခေါက်၍ သုံးပြီး ယာဘက်မှ ချိုးခေါက်ပြီး အောက်ဖက်မှ အထက်သို့ ခေါက်၍ အရိုးကို အပေါ် ညွှန်နေရမည်။ ပြီးလျှင် ကွမ်းရိုး အဖျားလေးကိုသာ ဆိတ်ပစ်ပြီး လက်ဖက်ကဲ့သို့ပင် အနန်သီးဘက် မျက်နှာမူ၍ အဖျားအညွှန့်ရော အရိုးထံပါ အထက်သို့ညွှန်၍ ငှက်ပျောသီး တစ်ဖီးစီတွင် ညှပ်၍ စိုက်ပါ။

အချို့ကမူ ကုပွဲဟုဆို၍ ကွမ်းယာများနှင့် လက်ဖက်ထုပ်အားလုံးကို အနန်သီးဖက်သို့ မျက်နှာမမူ၍ အပြင်ဖက်သို့လှည့်စိုက်တတ်ကြသည်ကို လွဲမှားစွာ တွေ့ရတတ်သည်။ အစဉ်အလာ မဟုတ်သဖြင့် ဤသို့ မပြင်အပ်ပါချေ။

✧✧✧✧✧

## နတ်မင်းကြီး ၄ပါးနှင့် သူရဿတီ မယ်တော်ပွဲ

ယင်းပွဲမှာ ငှက်ပျောသီး (၂)ဖီး၊ အုန်းကြွက်မြီးကောင်းကောင်း တစ်လုံးကို ပွဲလုံသန့်သန့်ဖြင့် ပြင်ဆင်၍ လက်ဖက်အသား ကွမ်းရွက်နှင့်(၁)ယာ၊ ကွမ်းသီး (၂)စိပ်ထည့်သော ကွမ်းယာ(၁)ယာ သာ ထည့်ရပါသည်။ ဝိဇ္ဇာပွဲများကဲ့သို့ပင် ကွမ်းယာ လက်ဖက်များကို ပြင်ဆင်ရပါသည်။

နတ်မင်းကြီး(၄)ပါးနှင့် သူရဿတီမယ်တော်ကြီးတို့အား တစ်ပွဲတည်း ပေါင်း၍ ပြင်ခြင်း ဖြစ်ပါသည်။ အပ်သည့်အခါမှာလည်း ပေါင်း၍ အပ်ရပါမည်။

✧✧✧✧✧

## ပွဲပြင်ရန်အချိဳ့အစဥ်း အထားအသို

ဘုရားပွဲကို အခြားပွဲများထက် အနည်းငယ်မြှင့်၍ ထားပြီး လက်ယာဘက် အစွန်မှာ ထားရပါမည်။ ဘုရားပွဲ၏ လက်ဝဲဘက်တွင် အဘဆရာ ပြူးပွဲ (၁)ပွဲ၊ အဘဆရာမ (၁)ပွဲ၊ အဘဆရာပွင့်နှင့် အဘဆရာဟာန် (၁)ပွဲ၊ နတ်မင်းကြီးများနှင့် မယ်တော်ကြီး (၁)ပွဲ အစဥ်အတိုင်း ထားရမည်။

(သင်္ခေပနယျကုထုံးကျမ်း စာအုပ်ငယ်၌ ဖယောင်းတိုင်ကို အုန်းသီးပေါ်တင်၍ ထွန်းပါ ဟူ၍ မှတ်ချက်ပါသည်။)သို့ရာတွင် ကျွန်ုပ်၏ ဖခင်ကိုယ်တိုင် ပယောဂများကို ကုသသောအခါတွင် အုန်းသီးပေါ်၌ မီးတင်ထွန်း၍ ကုသခြင်းကို မတွေ့ရသလောက်ပင် ဖြစ်ပါသည်။

အုန်းသီးပေါ်သို့ မီးတင်ထွန်းသော အဓိပ္ပာယ်မှာ အာခံ၍ ခေါင်းမာလွန်းသော အစွဲပယောဂကို အာမခံနိုင်ဘဲ မိမိအလိုသို့ ချက်ချင်းလိုက်နာရန် ဖြစ်ပါ၏။ ဤသို့ မီးထွန်းသဖြင့် အစွဲသည် အုန်းသီးအား မီးဟပ်သည်နှင့် အလွန်မခံနိုင်အောင် ပူလောင်ပြီး အုန်းသီးကို မီးစွဲလျှင် အစွဲများဗိဝိန်ချုပ်ရလေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဦးစွာ မေတ္တာကိုသာ ရှေ့ထား၍ ကုသရပါမည်။ ပြော၍မရသော်မှ ဆိုင်ရာကို နိုင်းစေ၍ နာကျင်ကြောက်လန့်အောင် ဆုံးမရပါမည်။ ဤနည်းဖြင့် ကြောက်လန့်၍ လိုက်နာလာသောအခါတွင် လိုရင်းဖြစ်သည့် ပယောဂဝေဒနာ ပျောက်ကင်း ချမ်းသာဖို့သာ အဓိက ဖြစ်ပါသည်။

အထက်ပါအတိုင်း ပွဲကို (၅)ပွဲပြင်၍ ကုသခြင်းမှာ ငွေကြေးဥစ္စာ တတ်နိုင်သူများကို ကုသသည့်အခါတွင် ပြင်ရန်ဖြစ်ပါသည်။ ငွေကြေးများစွာ မတတ်နိုင်သူများ ဘုရားနှင့် အနေအထား၊ အခက်အခဲ အကျပ်အတည်းရှိသူများကို ကုသသောအခါ အခြေအနေအရ (၃)ပွဲ၊ (၂)ပွဲ၊ (၁)ပွဲ စသည်ဖြင့် ပြင်၍ ကုသပါကလည်း ရပါသည်။

*************

## မီးပူဇော်ပုံ ပူဇော်နည်း

ပွဲကို အသင့်ပြင်ဆင်ပြီးသောအခါ ဘုရားနှင့်တကွ အဘဆရာတော်ကြီးများကို မီးကပ်လှူပူဇော်ရပါမည်။ မီးကပ်လှူပူဇော်ရာတွင် ဖယောင်းတိုင် (၅)တိုင်ကို ဝဲဘက်မှစ၍ (၁)တိုင်ချင်း စိုက်ထူထားပြီး ပထမဆုံး ဝဲဘက်အစွန်ရှိ ဘုရားမီးကို ဦးစွာထွန်းညှိရပါမည်။ ဘုရားမီးကို မီးခြစ်ဖြင့် ထွန်းညှိသည်ဖြစ်စေ၊ ဖယောင်းတိုင်တစ်တိုင် အပိုဖြင့် ထွန်းညှိသည်ဖြစ်စေ၊ ဘုရားမီး ညှိပြီးသည်နှင့် မီးခြစ်ကို မီးငြိမ်းသတ်လိုက်ရပါမည်။ ဆက်၍ မထွန်းညှိရပါ။ ပြီးရင် အသစ်ပြန်ခြစ်၍ အဘဆရာကြီးများမီးကို (၃)တိုင်ဆက်၍ ညှိရပါမည်။ ပြီးလျှင် ငြိမ်းသတ်ရပါမည်။ နောက်ဆုံးမှ နတ်မင်းကြီးများနှင့် မယ်တော်ကြီးမီးတိုင်အား မီးပြန်ခြစ်၍ ညှိရပါမည်။ ဖယောင်းတိုင်အပိုဖြင့် မီးညှိလျှင်လည်း အစီအစဉ်အတိုင်း သီးသန့်ငြိမ်းသတ်ပြီးမှ အသစ်မီးဖြင့်သာ တစ်ဆင့်ပြီး တစ်ဆင့် မီးထွန်းညှိပူဇော်ရပါသည်။

ပွဲကို ကပ်လှူပူဇော် ကန်တော့သောအခါ ဘုရားကို ကပ်လှူပူဇော်ပါမည်။ ဘုရားကို ကပ်လှူပူဇော်ပြီးသောအခါ အဘဆရာကြီးများအား ထုံးစံအတိုင်းကပ်လှူပူဇော်ကန်တော့ရမည်။ အစီအစဉ်အတိုင်းပင် နတ်မင်းကြီး (၄)ပါးနှင့် သူရဿတီမယ်တော်ကြီးများအား ကပ်လှူပူဇော် ကန်တော့ပြီးမှ ကုသရန် စတင်ရပေမည်။

✧✧✧✧✧

## ပယောဂကုသရာတွင် လိုက်နာရန် အချက်များ

ပယောဂကုသရာတွင် လိုက်နာအပ်သော အချက်များကို သိထားရပါမည်။ ဤအချက်များကို အလေးမမူဘဲ ခပ်ပေါ့ပေါ့ဖြင့် ကုသခဲ့ပါလျှင် အခက်အခဲ အကျပ်အတည်းများမပေါ်ပေါက်သင့်ဘဲ ပေါ်ပေါက်လာပြီး မကြန့်ကြာသင့်ဘဲကြန့်ကြာတတ်ပါသည်။ သို့ဖြစ်၍ မကုသမီ ဤအချက်များ ဂရုတစိုက် မှတ်သားလိုက်နာ ကြစေလိုပါ၏။

၁။ ညဘက်တွင် ပယောဂကုခြင်းထက် နေ့ခင်းဘက်တွင် ကုသင့်ပါ၏။ အရေးပေါ်အခြေအနေများကြောင့် ကုသရန်လာခေါ်ခြင်းများ ကိုမူ အချိန်ပိုင်းခြားကန့်သတ်၍ ပယောဂဝေဒနာကို ချုပ်ထားပြီး နေ့ခင်းပိုင်းကျမှ ကုသနိုင်ပါသည်။

ညဘက်ကုသခြင်းသည် ပယောဂအဖို့ အကူအညီများစွာ ရတတ်ပါ၏။ အကူအညီများကို ထိန်းချုပ်ရန်ကုသစဉ် လူဝင်လူထွက် များ ခဏခဏ မပြုလုပ်စေဘဲ ရှိရင်းစွဲ လူများအတိုင်း တံခါးပိတ်ပြီး အကူအညီတက်မှုဖြတ်ခြင်းကို ပြုလုပ်နိုင်၏။ သို့ရာတွင် ဆရာဖြစ်သူက

ပယောဂအာပေါ်၌သာစိတ်ဝင်စားနေခိုက် လှုပ်ဝင်လာခြင်း။ လူနာအား ထိကိုင်ခြင်းများကြောင့် အကူအညီများ နှောင့်ခံဘက်ထက် ပို၍ထိမ်းချုပ်ရခက်ပါတတ်ပါ၏။

ပယောဂအစွဲသည် အကူအညီများများရလျှင် အားကောင်းလာတတ်သဖြင့် အာမခံသင့်ဘဲ အာခံနေတတ်ခြင်း၊ နိပ်စက်ညှဉ်းပန်းရာတွင်လည်း ပို၍ခံနိုင်ရည်ရှိခြင်း၊ ပယောဂ၌အရုပ်အထွေးပိုမိုများပြားလာရခြင်းများကို ဖြစ်စေတတ်၏။

ထို့ကြောင့်, အတွေ့အကြုံ အထူးဝါရင့်ပြီး အကင်းပါးလိမ္မာလွန်းသော ဆရာများမှတပါး ကုသခါစ ပုဂ္ဂိုလ်များမှာညတက်ကုသခြင်းကို ရှောင်ရှားသင့်ပါ၏။ ဆရာက မိမိအိမ်တွင် ကုသစေခဲ့ပါမှ မတော်းတာပါ။ လူနာအိမ်သို့လိုက်၍ကုသရာတွင်မူ ပိုမိုရှုပ်ထွေးသော အကြောင်းအရာများစွာဝင်ရောက်တတ်ပြီး ကုသရာတွင် အခက်အခဲ များ ဖြစ်စေနိုင်၏။

၂။ ပယောဂသည် အတွင်းစက်ဖြစ်၍ ဝင်ပူးသောသူအား လက်ဝါးဖြင့် ထိပ်ကိုမပုတ်ရပါ။ အထူးကြပ်ကြပ်သတိထား၍ ဆင်ခြင် ရပါမည်။ ရှေးရင်ကျော် ပညာသည် စေပိုင်၊ အာဃာပိုင် ပညာ ဖြစ်သောကြောင့် ပယောဂ ဝင်ပူးသူအားလက်ဖြင့် ရိုက်ခြင်းကို ရှောင်ကြဉ် သင့်ပါသည်။ မိမိ နိုင်းတိုင်း လိုက်နာနေရသော ပယောဂကို ရိုက်လျှင် ကြီးမားသည့် အခွင့်အရေးကို လက်လွှတ်ရာကျပေသည်။

ပူးဝင်သော ပယောဂအား လက်ဖြင့်ထိပ်ကိုပုတ်ခြင်းသည် ဆရာအနိုများစွာ အပြစ်ဖြစ်စေပါ၏။ အဘယ့်ကြောင့်ဆိုသော် ပညာသည်များကို အမောက်(ဝါ)ဝိညဉ်သည်ဦးခေါင်းထိပ်တွင်ရှိသောကြောင့် ဆရာ၏ လက်ဖြင့် ဦးခေါင်းကို ပုတ်ခြင်း၊ ရိုက်ခြင်း ပြုသောအခါ အမောက်ကျိုးပြီး

ပညာသည်တို့ သေကြေတတ်သောကြောင့် ဖြစ်ပါ၏။

တစ်ဦးဝေဒနာ ပျောက်ကင်းရန် တစ်ဦးကို သတ်ဘိသကဲ့သို့ ဖြစ်သောကြောင့် ကြီးလေးသောအပြစ်များ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သတိကြပ်ကြပ်ထား၍ ဆင်ခြင်ရပါမည်။

၃။ ပယောဂ အစွဲကို မခေါ်မီ လူနာတွင် ဆောင်ထားသော လက်ဖွဲ့များ၊ ခါး၌ချည်ထားသော အဆောင်များရှိ မရှိကို မေးစစ်ပြီး ရှိခဲ့ပါလျှင် ဖြုတ်နိုင်း ဖယ်နိုင်းထားရပါမည်။ မည်သည့် အဆောင်မျိုးကိုမှ မရှိစေရပါ။ အကာယ်၍သတိလစ်၍ ဆောင်ထားသော အဆောင်များ ကျန်ရှိနေခဲ့ပါလျှင် ပယောဂကုသရေး၌ တခါတရံ အစဉ်းစားရ ကျပ်အောင် ဖြစ်ပေါ်လာတတ်ပါသည်။

၄။ ပူးဝင်လာသော ပယောဂက ရေ ဆေးလိပ် စသည်တို့ တောင်းလျှင် ဘောပရိသတ်ထဲမှ လုံးဝ မပေးစေရပါ။ ထို့အတူ ပူးဝင်နေသူအား ဘောပရိသတ်မှ ဝင်ရောက် ကိုင်တွယ်ခြင်း မပြုရပါ။ ဆေးလိပ်၊ ရေ စသည်တို့ပူးဝင်နေသောသူအား ဘောပရိသတ်ထဲမှ ပေးခဲ့ပါလျှင် အကူအညီဖြစ်ပြီး ပယောဂအား ပိုကောင်းလာ၍ ခေါ်းမာခြင်း၊ အနိုပ်စက်ခံရသော်လည်း၊ မည်သို့မျှ မကြောက်ရွံ့ခြင်း၊ စသောမဖွယ်မရာများ ဖြစ်လာတတ်သောကြောင့် ဖြစ်ပါသည်။

၅။ ပယောဂဝင်ပူးသူက အာခံ၍ အာဏာဖြင့် နှိပ်စက်သောအခါများတွင် "မသေစေနဲ့" ဟူသောအမိန့်ကို ထည့်ပြောရပါသည်။ ဥပမာအားဖြင့် ရွာသူပယောဂ ဝင်ပူးနေသူသည် ဆရာအား မကြောက်ဟု ဆို၍ အာခံနေသောကြောင့် "ဆိုင်ရာက ဆင်နဲ့နင်းချလိုက်စမ်း"

ဟူသော အာဃာဖြင့် ဆိုင်ရာကို ခိုင်းစေလိုက်သောအခါ တပါတည်း ပင် "မသေစေနဲ့" ဟူ၍ ထည့်ပြောရပါမည်။ ဤကဲ့သို့ မပြောလျှင် ရှာသူသည် သေသွားနိုင်သဖြင့် အပြစ်မဖြစ်စေရန် ပယောဂအသက်ကို မသေစေနဲ့ဟု ချုပ်ထားခြင်းဖြစ်ပါသည်။

၆။ ပယောဂအစွဲကို ခေါ်ပြီးပြီးချင်း။

"အတွင်းဆိုင်ရာ အတွင်းချုပ်အပြင်ဆိုင်ရာ အပြင်ချုပ် အကူအညီ စက်တွေ အားလုံးဖြတ်တယ်" ဟု ပြော၍ စက်များကိုဖြတ်ထားရမည်။ အကူအညီစက်များမဖြတ်ဘဲ ကုသခြင်းပြုလျှင် ပယောဂ၌အကူအညီ များ ဝင်ခွင့်ထွက်ခွင့် ရှိသဖြင့် ဆရာခိုင်းသည်ကို အာခံခြင်း၊ နိုင်စက်မှု မကြောက်ခြင်း စသည်တို့ဖြစ်တတ်လေသည်။ ထို့ကြောင့် အကူအညီ စက်များကို ဖြတ်၍ထားရမည်။

၇။ ပယောဂဝေဒနာခံစားနေရသူမှာ အရွယ်အားဖြင့်ဖြစ်စေ၊ ကျန်းမာရေးဖြင့်ဖြစ်စေ၊ ချိနဲ့ချူချာလွန်းနေပါက အပင်းချဆေး ဝမ်းနုတ် ဆေးများကို တိုက်သင့် မတိုက်သင့် ချင့်ချိန်၍ မတိုက်သင့်က မတိုက်ဘဲ ရေဖြင့်သာလျှင် တဖြည်းဖြည်းတိုက်၍ ကုသသွားရပါမည်။ အလျင်စလို အပင်းချဆေး ဝမ်းနုတ်ဆေးများကိုတိုက်၍ကုပါက လူနာသည် မခံအရပ်နိုင်သဖြင့် အသက်အန္တရာယ် ဖြစ်စေတတ်ပါသည်။ ထို့ကြောင့် လူနာ၏အခြေအနေကို ကြည့်ပြီးမှဆေးကို တိုက်သင့်ပါသည်။ ဆေးမတိုက်ဘဲ ရေကို လက်ညှိုးစိုက်၍ အဓိဋ္ဌာန်ပေးတိုက်သွားပါကလည်း အပင်းများ ကျသည်သာဖြစ်ပါ၏။

၈။ အပြင်စက် ပယောဂကို အမြင်ပေး၍ ကုသလျှင် လူနာအား မြင်ရသောပညာသည်ကို မည်သူမည်ဝါဟူ၍ မပြောရန် ကြိုတင်ကတိ ရယူထားရပါမည်။ ထိုသို့ ကတိရသူသော်လည်း စိတ်မချရသောသူမျိုးဟု ယူဆရလျှင် အမြင်မပေးခင်ကထည်းက မြင်ရမည့် ရှာသူအောက်လမ်း သေသူတို့၏မျက်နှာကို ကွယ်၍ အမြင်ပေးသင့်ပါ၏။

ဤသို့ပြုလုပ်ခြင်းမှာ မြင်ရသော ပယောဂသည် သရဲ၊ အစိမ်း၊ ဥစ္စာစောင့်၊ နတ် အစရှိသော ဝိဉာဉ်လောကမှမဟုတ်ဘဲ တကယ် သက်ရှိသူများဖြစ်သည့် အောက်လမ်းရှာသူပညာသည်များဖြစ်လျှင် အမြင်ပေးသောအခါ၌ လူနာသည်မည်သူမည်ဝါဖြစ်သည်ကို ထုတ်ဖော် ပြောဆိုခဲ့လျှင် ရပ်ရွာထဲ၌ပြဿနာများ ဖြစ်တတ်သည်။

ဓိမိကြောင့် တစုံတရာပြဿနာများ ပေါ်ပေါက်လာစေခြင်းကို လုံးဝအလိုမရှိအပ်သောကြောင့် အထက်ပါအတိုင်း စောင့်စည်းရခြင်း ဖြစ်ပါသည်။ အချို့ လူနာရှင်များသည် မည်သူလုပ်ထား၍ ပယောဂ ဖြစ်ရသည်ကို သိလိုကြပေသည်။ ဆရာအနေနဲ့ လုံးဝ အသိမပေး ရပါချေ။ လူမှုရေးအရ ပညာသည်တို့ကို မေတ္တာရှေးရှု၍ ထောက်ထား ညှာတာရမည်ပင် ဖြစ်လေသည်။

✧✧✧✧✧

## အစွဲခေါ်ကုသခြင်း

ပယောဂကုရန် ဘုရားစင်ရှေ့ ပွဲရှေ့တွင် လူနာသည် အသင့်ရောက်ပြီဆိုလျှင် ပယောဂအစွဲကို ခေါ်၍ ကုသရပါမည်။ အစွဲကိုခေါ်ရာတွင် အမျိုးသမီးလူနာဖြစ်ပါက ဆံပင်များ ထုံးထားသူဖြစ်ပါလျှင် ဆံထုံးကို ဖြေချခိုင်းရမည်။ အချို့သားရေကွင်းများ၊ ကြိုးများနှင့် ကလစ်များ ထိုးထားချည်ထားခြင်းများကို တွေ့ရတတ်၏။ ယင်းပစ္စည်းများကို တွေ့ရလျှင် အဖြုတ်ခိုင်းရမည်။

ဤသို့ ပြုလုပ်ခြင်းမှာ အထုံးအဖွဲ့အဖုအထစ်များတွင် စက်များသည် ခိုကပ်ခြင်း၊ တစ်ငေ့ခြင်းများကို ပြုစေတတ်၍ လွယ်ကူစွာ စက်များ တစ်စည်းတစ်လုံးတည်း ရောက်စေခြင်းငှာ ပြုလုပ်ရခြင်း ဖြစ်ပါသည်။

အနေအထားအသင့်ဖြစ်လျှင် ပရိသတ်များအား ကြိုတင်၍ ပယောဂပညာတွင် (စက် - ၄ မျိုး)ရှိကြောင်းနှင့် ယင်းသဘောတရားများကို ကြိုတင်ရှင်းလင်း ပြောပြထားရပါမည်။ သို့မှသာ ပရိသတ်အနေနဲ့ မည်ကဲ့သို့ဖြစ်လာလျှင် မည်သည့်စက်အမျိုးအစားဖြစ်ကြောင်း ကြိုတင်သိရှိထားပြီးဖြစ်၍ ဆရာအား ဝေဖန်မှုအမျိုးမျိုးမှ လွတ်ကင်းစေမည်။

## စက် (၄) မျိုးအကြောင်း

ပယောဂ ဝေဒနာရှင်တစ်ဦးကို ရှေ့ရင်ကျော် ပညာဖြင့်ကုသသောအခါ ပယောဂစက် (၄)မျိုးသာ ရှိပေသည်။ ကုသသောအခါတွင် ယင်း၊စက် (၄)မျိုးအနက် မည်သည့်စက်ဖြစ်လျှင် မည်သို့ကုရမည်ကို သိရှိထားရပေမည်။

ပယောဂစက် (၄)မျိုးကို မကုသခင် ကြိုတင်၍ သိနိုင်ခြင်း မရှိချေ။ ထို့ကြောင့် အစီအစဉ်အတိုင်း တစ်ဆင့်စီ တစ်ဆင့်စီကုသသွားရပါမည်။ ပရိသတ်နှင့် လူနာရှင်များအားလည်း စက် (၄)မျိုး ဆိုသည်မှာ မည်သို့မည်ပုံ ဖြစ်သည်ကို ရှင်းလင်းပြရပါမည်။

### ၁။ အတွင်းစက်

ပယောဂအစွဲကို "စွဲရင်းတိုင်းရောက်" ဟု ခေါ်လိုက်သည့်အခါ လူနာသည် မကြာခင် လူစိတ်ပျောက်ကင်းသွားပြီး အစွဲက ဝင်ပူးလာလျှင် ယင်းသည် (အတွင်းစက်) ပယောဂဟုခေါ်၏။ ထို့ကြောင့် တကယ်ခေါ်သော အခါမှသာ အတွင်းစက် ဟုတ်မဟုတ်ကို သိရလေသည်။

မူလ ပင်ကိုယ်စိတ်များ ပျောက်ကွယ်ပြီး သတိလစ် မူးဝင်လာပါက အတွင်းစက်စစ်စစ် ဖြစ်ပါသည်။ အသားတုန်ခြင်း၊ လက်လောက်တွင်သာ စီးခြင်းဖြစ်ပါလျှင် အတွင်းစက်စစ်စစ် မဟုတ်ပါ။ သို့ရာတွင် "ခွဲရပ်းတိုင်းရောက်" ခေါ်ပြီးနောက် မည်သို့မျှ မထူးခြားဟု ထင်ရသော်လည်း အချို့သော အစွဲတို့မှာ ဝင်နေကြောင်း မသိရတတ်သဖြင့် ရေစင်ဖြင့် မျက်စဉ်းခတ်ကြည့်ခြင်း၊ ကွမ်းရွက်ကို စမရိုက်၍ ခတ်ကြည့်ခြင်းများ ပြုရပါသည်။ ထိုအခါကျမှသာ ဘုရားကိုဦးတိုက်နိုင်းပြီး ပယောဂကို ချုပ်ထားရပါမည်။

အတွင်းစက် ပယောဂသည် ပညာသည်များက ဆရာနှင့် ကုတော့မည်ကို ကြိုတင်သိရှိပြီး ယင်းတို့ မနိုင်မှန်းသိ၍ မိမိစက်ကို မိမိပြန်သိမ်းသွားနိုင်သဖြင့် ပယောဂ စမ်းသပ်စဉ်က အတွင်းစက် ဟုတ် မဟုတ်ကို ထည့်သွင်း စမ်းသပ်ထားသော်လည်း တကယ်ကုသ သောအခါ တစ်မျိုးတစ်ဖုံ ပြောင်းသွားတတ်သဖြင့် ကြိုတင် ပြော၍ မရခြင်း ဖြစ်ပါသည်။ ပူးမည်၊ မပူးမည်ကို ကြိုတင် မပြောထားနိုင်ပါ။

နဂိုက အတွင်းစက်ဖြစ်သော်လည်း ပညာသည်က လျှင်သဖြင့် ပြန်လည် ရုပ်သိမ်းသွားသောအခါ၊ အပြင်စက် (သို့မဟုတ်) လက်လွှတ်စက်များသာ ကျန်ရှိတတ်ပါသည်။

ပရိသတ် အများစုတို့သည် ပယောဂမှန်လျှင် ပူးရမည်ချည်း ထင်တတ်ကြပါသည်။ ရွှေရင်ကျော် ဂူရုဿသယ မဟာိဒ္ဓိဇေဂိဏ်းသားများ အနေနှင့်ပယောဂကုသောအခါ အခံသော ပယောဂ၊ ပညာကြီးသော

ပယောဂ များမှာ အလွန်ရှားပါးသဖြင့် ယင်းတို့၏ စက်များကို ဝေဒနာနှင့် အတူ သိမ်းဆည်းသွားတတ်သောကြောင့် အတွင်းစက်ဘဝမှ အပြင်စက် နှင့် အပြင်စက်လက်လွတ်များသာ ကျန်ရှိနေတတ်သဖြင့် ပူးဝင်သော ပယောဂထက် မပူးဝင်သော ပယောဂများကိုသာ အကုရ များတတ် ပါသည်။

ရှေးရင်ကျော်ပညာကို သိရှိပြီးသောပယောဂများဆိုလျှင် စမ်းရင်း နှင့်ပင် ပြေသွား ပျောက်ကွယ်သွားလေ့ ရှိပေသည်။ ထို့ကြောင့် ရှေးရင်ကျော်ဂိုဏ်းဝင် ဆရာများသည် ပယောဂကုသသောအခါ ပညာသည် ကြမ်းကြမ်းနှင့် တွေ့ရန်ကိုသာ တောင့်တနေရပေ၏။ ပယောဂနှင့်လည်း ပို၍ကု၏။ ပရိသတ်များ တဖြည်းဖြည်း များလာ၏။ ရှေးရင်ကျော် ပညာကိုလည်း အသဲစွဲ နှစ်မြို့က်သွားရမည်သာ ဖြစ်ပေ တော့သည်။

အတွင်းစက် ပယောဂကို ကုသရသည်မှာလည်း အစွဲက ဆရာ့အား ကြောက်ပြီး ဆရာ့စကား နားထောင်ပါတော့မည်ဆိုလျှင် ယင်းတို့ ပြုလုပ်ထားသမျှ ဝေဒနာစက်များအား ဆရာ့ရှေ့မှောက်၌ပင် ပြန်လည် သိမ်းဆည်းသွားသဖြင့် ပယောဂ ထွက်သည်နှင့် မိမွေးတိုင်း ဖမွေးတိုင်း လူကောင်းပြန်ဖြစ်သွားခြင်းကို အံ့ဩဖွယ်ရာ တွေ့ရပေမည်။

ဤအချက်ကိုကြည့်လျှင် ပယောဂသည် အတွင်းစက်ပင် ဖြစ်သော်လည်း ဆရာ့အား မနိုင်မှန်း သိထားလျှင် မကုမီကတည်းက ဝေဒနာစက်များကို ပြန်၍ နုတ်သိမ်းယူဝင်သွားနိုင်ခြင်းကို သိလောက်

ပါသည်။ ဝေဒနာကို တိုးအောင်၊ လျော့အောင် ယင်းတို့ကိုယ်တိုင် ပြုနိုင်သည်မှာ အတွင်းစက်ပင် ဖြစ်ချေသည်။

*************

## ၂။ အပြင်စက်

"စွဲရင်းတိုင်းရောက်" ဟု ခေါ်လိုက်ပြီးနောက် လူနာသည် လက်ဖျားလောက်သာ တုန်ယင်လာခြင်း၊ မည်သို့မျှ ပြောင်းလဲသော အမူအရာ မပြခြင်းများကို တွေ့ရလျှင် မျက်စဉ်းခတ်ကြည့်ခြင်း၊ ကွမ်းရွက်တွင် စမရိုက်၍ မျက်စဉ်းခတ်ခြင်းများ ပြုရမည်ကို အထက်တွင် ဖော်ပြပြီးလေပြီ။ ဤသို့ မျက်စဉ်းခတ်ကြည့်သော်မှ တစ်စုံတစ်ရာ ထူးခြားမှုမရှိလျှင် လူနာအား လက်အုပ်ချီထားသော လက်များကို အောက်သို့ချခိုင်းပြီး မျက်စိကို မှိတ်ခိုင်းထားရမည်။

မျက်စိမှိတ်ခိုင်းရာတွင် အဝတ်စ၊ သဘက်၊ လက်ကိုင်ပုဝါ စသည်များဖြင့် စည်းထားလိုက စည်းနိုင်သည်။ ထို့နောက် မိမိလက်ညှိုးဖြင့် လူနာ၏ နှာရောင်တည့်တည့်သို့ ထောက်လျက်ဖြစ်စေ၊ လက်ဝါးဖြင့် မျက်စိရှေ့မှ ရွယ်မိုးသပ်ချ၍ဖြစ်စေ၊ "ဆိုင်ရာက ------နေ့သား ------ရဲ့ စွဲရင်းတိုင်း အမြင်ဖွင့်ပေးပါ" (သို့မဟုတ်) "စွဲရင်းတိုင်း မြင်ပါစေ" စသည်ဖြင့် အမိန့်ပေးလိုက်လျှင် အပြင်စက်ပယောဂ ဖြစ်ပါက လူနာသည် ပယောဂကို ထင်ရှားစွာ မြင်တွေ့ရပါလိမ့်မည်။

ဤသို့ မြင်ရသည်ကို အပြင်စက် အမြင်ပေး ကုသခြင်းဟု ခေါ်၏။ (ကုသနည်း အမျိုးမျိုးကို ရှေ့တွင် သီးခြားဖော်ပြမည်။) ဤသို့ မြင်ရသော လူမှာ ရှာသူစုန်း၊ အောက်လမ်းသရဲ အစိမ်း စသည်တို့ကို ပယောဂနှင့် ဆိုင်သမျှ မြင်ရပါလိမ့်မည်။

မြင်ရပြီဆိုလျှင် ပယောဂကုစား၊ ဖမ်းစားခြင်းနှင့် ဆိုင်သောသူများသာ မြင်ရခြင်းဖြစ်၍ မဆိုင်သူများကို မမြင်ရပါ။ အချို့ ဝတ်ဖြူစင်ကြယ်နှင့် ဘိုးတော်ကိုမြင်ခြင်း၊ ဘိုးဘိုးအောင်ကဲ့သို့ ပုဂ္ဂိုလ်များကို မြင်ရခြင်းများ ရှိတတ်သည်။ ဤသို့မှာလည်း ပယောဂ၏ လှည့်စားမှုတစ်ရပ်သာ ဖြစ်ပါသည်။ တကယ်ရင်စစ် ဘိုးဘိုးအောင်နှင့် တကွ အထက်ပုဂ္ဂိုလ် များကို မြင်တွေ့ရခြင်း မဟုတ်ပါ။ ထို့ကြောင့် "မူလပြန်လိုက်စမ်း" ဟု နဂိုမူလရုပ်ကို ပြခိုင်းလိုက်လျှင် အောက်လမ်းမိစ္ဆာရဲ့ နဂိုရုပ်ကို အတိုင်းသား မြင်တွေ့ရပေမည်။

ကျောက်တုံးများ၊ အိုးကြီးများ၊ သစ်ပင်များ စသည်ဖြင့်လည်း သင်္ကေတ များကို မြင်တွေ့ရတတ်သည်။ ထိုသို့ မြင်တွေ့ရသောအခါ "မူလပြန်" ဟု အမိန့်ပေးကြည့်ရမည်။ သက်ရှိသို့ ပြောင်းလဲသွားခြင်း မရှိပါမှ "ပိုင်ရှင်ကိုပြလိုက်" စသည်အမိန့်မျိုးပေးကြည့်ရပါမည်။ ပြောင်းလဲသော အမြင်ကို မတွေ့ရလျှင် အတိုက်အခိုက်ပစ္စည်းများ ဖြစ်ကြောင်း သိရပါမည်။ မိမိစိတ်ကြိုက် အမိန့်အမျိုးမျိုး ပေးကြည့်နိုင်ပါသည်။

အပြင်စက် ပယောဂလည်း ဆရာကို မနိုင်မှန်းသိသောအခါ ကြိုတင် ၍ ဝေဒနာစက်များ သိမ်းသွားခြင်းပြုတတ်ပါသည်။ တစ်ခါတစ်ရံ ကုသ နေစဉ်မှာ သိမ်းယူခြင်းပြုတတ်ပါသည်။ ထို့ကြောင့် အပြင်စက်ကို သည်း ကြိုတင်၍ ဆရာဖြစ်သူက သိရှိထားနိုင်ခြင်း မရှိပါ။

ကုသသောအခါတွင်မှသာ အပြင်စက် ပယောဂဖြစ်ကြောင်း သိရပေသည်။

အတွင်းစက်ဟုခေါ်သော ပူးဝင်နိုင်သည့် ပယောဂဖြစ်လျှင်မူကား အပြင်စက်ကဲ့သို့ အမြင်ပေးလျှင် မြင်နိုင်ပါသည်။ အပြင်မကာ အတွင်းစက် မကျတကျ ပယောဂမျိုး ဖြစ်၍ လူစိတ်ပျောက်အောင် ပူးဝင်နိုင်သော ပယောဂ မဟုတ်ဘဲ အပြင်စက်ဖြင့်သာ အမြင်ပေး၍ ကုသရာတွင် မြင်နေရသော ပယောဂစက်များကို သိမ်းယူ၍ ဦးခေါင်းတွင်းသို့ ရိုက်ထည့်ပြီး အတွင်းစက်အဖြစ်နှင့် ကုသသောအခါ အတွင်းစက်အတိုင်း လူစိတ်ပျောက် ပူးဝင်လာသည်များကိုလည်း တွေ့ရတတ်ပါသည်။ သို့ရာတွင် အခါမလပ် အပြင်စက်ကို အတွင်းစက် ပြုလုပ်၍ရသည်ဟု မယူဆအပ်ပါ။

## ၃။ အပြင်စက်လက်လွှတ်

ပညာသည်က လက်လွှတ်ပြုထားသည်ဖြစ်စေ၊ အတွင်းစက်များ၊ အပြင်စက်များကို ပြန်လည်သိမ်းဆည်းထားပြီး လက်လွှတ်စက်များကိုသာ ကျန်နေသောအခါတွင် ဖြစ်စေ၊ အစွဲကို ခေါ်သောအခါ ဝင်ပူးမလာတော့ချေ။ ဝင်ပူးမလာသကဲ့သို့ အမြင်ပေး၍လည်း မမြင်ရတော့ချေ။ ဤသို့သော ပယောဂသည် လက်လွှတ်ပယောဂပင် ဖြစ်တော့၏။ ပညာသည်တို့တွင် အတတ်ပညာအမျိုးမျိုး ရှိကြလေရာ မည်သည့်နည်းဖြင့် ပြုလုပ်ပမ်းစားမည်ကို မသိနိုင်ချေ။

မည်သည့်နည်းဖြင့် ပြုလုပ်ဖမ်းစားသည်ပင်ဖြစ်စေ၊ ရှေးရင်ကျော် ပညာမှာ စေပိုင် အာဏာပိုင် ပညာဖြစ်သောကြောင့် လက်လွှတ်ကို လည်း ကုသဖယ်ရှားနိုင်ပေသည်။

လက်လွှတ်ပယောဂမျိုးမှာ ဝေဇနာနှင့် ပယောဂစက်များကို ပြုစား ဖမ်းစားသူ မိစ္ဆာများက ပြန်လည်၍ မနုတ်ယူနိုင်သော ပယောဂမျိုးပင် ဖြစ်လေသည်။

ရှေးရင်ကျော်ပညာသည် လက်ဆယ်ချောင်းက ဆေးဆယ်လက် အတိဖြစ်၍ ရေအတိက ဆေးအတိဖြစ်ပြီး ရေကို လက်နှင့် မှုတ်လိုက် ရုံမျှဖြင့် ပယောဂအပေါင်းသည် ဆင်းဆိုဆင်း၊ တက်ဆိုတက်၊ ကြေဆို ကြေ၊ ပြေဆိုပြေ ပျောက်ကင်းအောင် ကုသနိုင်သဖြင့် လက်လွှတ် ပယောဂများကို ကုသနိုင်ခြင်း ဖြစ်လေသည်။

လက်လွှတ်ပယောဂကို ကုသရာတွင် ဆရာ၏စွမ်းအား သက်သက် မျှဖြင့်သာ ကုသရခြင်း ဖြစ်စေသည်။ ပြုစား ဖမ်းစားသူတို့နှင့် မသက် ဆိုင်တော့ချေ။

◇◇◇◇◇

## ၄။ ပညာသည်စက်

ပညာသည်စက်ဆိုသည်မှာ အကုခံရသော လူနာကိုယ်တိုင်ပင်လျှင် ပညာသည်ဖူး ရှိခြင်း၊ ပညာသည် အတတ်မျိုးရရှိနေခြင်း၊ ပညာသည် စက်မျိုး ဝင်နေခြင်းကို ဆိုလိုပေသည်။

ပညာသည်စက် ရရှိဖြစ်ပေါ်လာပုံအမျိုးမျိုး ရှိလေသည်။ ကာယကံ ရှင်ကိုယ်တိုင်က မိစ္ဆာအတတ်များကို တတ်မြောက်လို၍ ဆရာနှင့်

သင်ကြား၊ ခဲ့မှုခြင်းကြောင့် ပညာသည်မှုနှင့်တကွ ပညာသည်စက်များ ရရှိနေမည်။ သို့မဟုတ် မိန္မာအတတ်များကို တတ်သူ ပညာသည်က ချစ်၍ဖြစ်စေ၊ မုန်း၍ဖြစ်စေ ကာယကံရှင်မသိဘဲ ပညာပေးလိုက်သဖြင့် ပညာသည်စက် ရရှိတတ်၏။ သို့မဟုတ် ပယောဂပမ်းစား နှောင့်ယှက်မှုကို ပြင်းထန်စွာ ခံစားရပြီး အစွဲကြီးခြင်း၊ အပင်း၌ စက်အား ကောင်းခြင်းများကြောင့် ကြာလာသောအခါ ပညာသည် စက်များ ကူးယှက်လာပြီး ပညာသည်စိတ်များဝင်နေခြင်း၊ မက်မောတွယ်တာခြင်း များကြောင့်လည်း ဖြစ်တတ်လေသည်။

ယင်းသည် ကောင်းသည် အထင်နှင့် မသိနားမလည်၍ ခံယူထိုးနှံခဲ့မှုသော အောက်လမ်း၊ ဆေးဝါးများ၊ ကြမ်းတမ်းသော ဆေးဝါးများ အင်းများ အဆောင်များကြောင့်လည်း ပညာသည်စက် ဖြစ်လာတတ်ပေသည်။

မိန္မာများကို ပူဇော်ပသလွန်ကဲခြင်း၊ ဆည်းကပ်မှု လွန်ကဲခြင်းများကြောင့် မိန္မာများနှင့် ရင်းနှီးကျွမ်းဝင်လာ၍ ပညာသည်စက်များ ဝင်လာပြီး ပညာသည်ကဲ့သို့ ဖြစ်လာခြင်းကိုလည်း တွေ့ရတတ်လေသည်။ ဤကဲ့သို့သော ပညာသည်စက်များမှာ ဆရာကို များစွာလှည့်စားတတ်ပါ၏။ ယင်းတို့၏ စရိုက်၊ လက္ခဏာပုံပန်းများနှင့်တကွ ကုသသောအခါ တွေ့ရမည့် အချက်အလက်များကို သိရှိခြင်းဖြင့် ဆုံးဖြတ်နိုင်ပါသည်။ ပညာသည်စက်ကုထုံးအကြောင်းကို လူတိုင်း သဘောပေါက်ရှင်းလင်းရန် ၊ရေးသားရလျှင် ကျမ်းတစ်စောင် ဖြစ်လောက်သဖြင့် ဤနေရာတွင် အကျဉ်းမျှသာ ဖော်ပြလိုရပါ၏။

## အစွဲဖေါ်ခြင်း

ပယောဂ မကုသမီ ပရိသတ်အား အထက်ပါက်(၄)မျိုး အကြောင်းကို ရှင်းလင်းပြောပြပြီးနောက် ယခုကုသမည့် လူနာသည် မည်သည့်စက် အမျိုးအစားဖြစ်မည်ကို အဆင့်ဆင့် ကုပြမည် ဖြစ်ကြောင်း ပြောပြပြီးလျှင် လူနာအား အမျိုးသမီးဖြစ်ပါက ဆံပင်ကို ဖြေချခိုင်းရမည်။ ကြိုး၊ သားရေကွင်း၊ ကလစ် စသည်တို့ပါမကျန် ဖြုတ်စေပြီးလျှင် ကျုံ့ကျုံ့ထိုင်လျက် လက်အုပ်ချီထားစေရမည်။

ပြီးလျှင် လူနာ၏ လက်အုပ်ချီထားသော လက်များကို မိမိ၏ ညာလက်ဖြင့် ကိုင်လျက် ညာလက်ညှိုးက လူနာ၏ဦးခေါင်းကို ထောက်ထားပြီး အောက်ပါအတိုင်း အမိန့်ပေးရမည်။



"ကောဏ္ဍညသ်၊ ဗောဓအင်္ဂ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ ဘုရားငါးဆူ အမိန့် အထက်ဆရာကြီးများအာဏာ ——နေသား ————ရဲ့ စွဲရင်းတိုင်းရောက်"

အထက်ပါအစီအရင် တဆက်တည်းပင် . . .

"အတွင်းဆိုင်ရာ အတွင်းချုပ်၊ အပြင်ဆိုင်ရာ အပြင်ချုပ် အကူအညီ စက်တွေ အားလုံးဖြတ်တယ်"ဟု လက်ညှိုးဖြင့် အကူအညီစက်များကို ဖြတ်ရမည်။ ပြီးလျှင် ---

"အိမ်တွင်းများက ဝင်ခွင့်ပြုလိုက်ပါ"ဟု သက်ဆိုင်ရာ အိမ်တွင်းသို့ ဝင်ခွင့်ပြုနိုင်းရမည်။

ဤကဲ့သို့ စွဲရင်းတိုင်းရောက် ခေါ်ယူပြီး၍ အချိန်အတန်ကြာအောင် လူနာ၏ အရိပ်အခြည်ကို ဂရုစိုက် ကြည့်နေလျှင် မူးဝင်လာပါက သိသာအောင် တုန်လှုပ်ခြင်းကို တွေ့ရပါမည်။ အချို့ ချက်ချင်းပင် ဝင်လာတတ်၏။ အချို့မှာ အတန်ကြာအောင် စောင့်ကြည့်မှ ဝင်လာ တတ်၏။

အချို့သော အစွဲမှာ ဝင်လာသော်လည်း လူနာ၌ထူးခြားသည့် ပြောင်းလဲမှုမျိုး မတွေ့ရတတ်ချေ။ ထို့ကြောင့် အတန်ကြာသည့်တိုင် မထူးခြားခဲ့လျှင် ရေစင်ဖြင့် မျက်စဉ်းခတ်ခြင်း ကွမ်းရွက်တွင် စမရိုက်၍ မျက်စဉ်းခတ်ခြင်းများ ပြုကြည့်ရမည်။ ဤသို့ မျက်စဉ်းခတ်လိုက်သော အခါတွင် အစွဲမှာရောက်နေပါက မခံမရပ်နိုင်အောင် ဖြစ်လာသည်ကို တွေ့ရမည်။ ထိုအခါတွင် အစွဲရောက်နေပြီဖြစ်ကြောင်းကို ထင်ရှားစွာ သိရပေတော့၏။

အတွင်းစက်ပယောဂမှန်လျှင် လူစိတ်ပျောက်အောင် ဝင်လာပါလိမ့် မည်။ ဝင်လာခဲ့လျှင် ဦးစွာဘုရားကို ဦးတိုက်စေပြီးမှ ချုပ်ရမည်။ ဘုရားကို ဦးတိုက်၍ ကြမ်းပြင်နှင့် ထိသောအခါကျမှ "ချုပ်ထား" ဟူသော အစီအရင်ဖြင့် ပယောဂကို ချုပ်ရမည်။ ပယောဂကို ချုပ်၍ မိနေလျှင် မိမိစိတ်သဘောအတိုင်း နိုင်းချင်ရာ နိုင်း၍ရပါသည်။ ဘုရားကို

ဦးမတိုက်သော ပယောဂကို မချုပ်သေးဘဲ ရေစင်ကို စိတ်ထဲမှ မီးစက်ဟု၍ မှုတ်ပြီး မျက်နှာကို ဖောက်ကြည့်ရမည်။ ထိုအခါ အတွင်းစက်စစ်စစ်ဖြစ်လျှင် လျှပ်စစ်ဓာတ်လိုက်သကဲ့သို့ တုန်လှုပ်သွားလိမ့်မည်။ ဤသို့ဖြစ်လျှင် ဘုရားကို ဦးတိုက်ပါ ဖမ်းမိန့်ပေးသော် ဦးတိုက်ခြင်း၊ မတိုက်ဘဲနေသော် ဆိုင်ရာကို - - -

"ဆိုင်ရာကခွဲပြီး ဦးတိုက်လိုက်"
"ကျောကနေပြီး နင်းချလိုက်စမ်း"

ဟသည်ဖြင့် နိုင်း၍ ဦးတိုက်စေရမည်။ ဘုရားကို ဦးတိုက်စေပြီး မှသာလျှင် ချုပ်ထားရမည်။

တခါတရံ ဝုန်းဒိုင်းကြဲ၍ ဝင်ပူးသော်လည်း ဘုရားကို ဦးတိုက်နိုင်း၍ မရပါ။ မီးစက်ဖြင့် ပစ်ကြည့်သော်လည်း မထူးခြားသော သူမျိုးကို တွေ့ရပါလိမ့်မည်။ ထိုသူမျိုးကို ဆိုင်ရာက နင်းချလိုက်စမ်း။ ခွဲပြီး ဦးတိုက်လိုက်စမ်း ဟသည်အမိန့်မပေးပါနှင့်၊ အမိန့်ပေးသော်လည်း ဆိုင်ရာက နင်းမည်မဟုတ်သည်ကို တွေ့ရပေလိမ့်မည်။

ဤသို့ဖြင့်ဟသဖြင့် မိမိကိုယ်ကို မယုံမကြည် ဖြစ်လာစရာ မလိုပါ။ ယခုပူးနေသော ပယောဂမှာ မည်သို့ပင် ပြောဆိုနေစေကာမူ အပမှ ပူးဝင်လာသော ပယောဂမဟုတ်ဘဲ ကာယကံရှင်လူနာကိုယ်တိုင်က ပညာသည်အတတ်များ တတ်ထားသူဖြစ်၍ သူကိုယ်တိုင် ဆရာရှေ့ ရောက်နေပြီဖြစ်သောကြောင့် ပူးပြခြင်းသာဖြစ်ကြောင်း သိထားရပါသည်။

ထိုအခါ ပညာသည်စက် ကုထုံးပုံစံအဝင်သော ကုသရပါလိမ့်မည်။ အတွင်းစက်ကုသကဲ့သို့ ကု၍ မဖြစ်ပါ။ ပညာသည်စက် ကုထုံးတွင် သူကိုယ်တိုင် ပညာသည်ဖြစ်နေသဖြင့် ဆိုင်ရာကို အချုပ်မနိုင်းဘဲ မိမိကိုယ်တိုင် ဆံပင်ကို မိမိရရချုပ်ကိုင်ပြီး နာမည်ခေါ် သတိပေးရမည်။ အာခံလျှင် လူနာရှင်များအား သေသေချာချာ ထပ်မံ၍ အအပ်နိုင်းပြီး ပါးကို ခပ်ဆတ်ဆတ်ချလိုက်လျှင် အာခံသော စကားများ ပြောဆိုတော့မည် မဟုတ်ပါ။

ပညာသည်ကိုယ်တိုင် ရှေ့မှောက်ရောက်၍ မူးပြနေခြင်းနှင့် ပယောဂဝင်ပူးနေခြင်းကို ခွဲခြားမသိလျှင် ပရိသတ်၏ အထင်သေးခံရခြင်း။ မိမိကိုယ်ကို မယုံကြည်ခြင်း၊ ပညာအပေါ် တစ်မျိုးအထင်သေးခြင်းများ ဖြစ်စေတတ်သဖြင့် ဤအချက်သည် အလွန်တရာ အရေးကြီးသော အချက်ဖြစ်ကြောင်းကို ကျကျနန သဘောပေါက်ထားရပါမည်။

ဤအရေးကြီးသော အချက်မှ သဘောမပေါက်ပါလျှင် ပယောဂကုသ၍ မဖြစ်သလောက်ပင် ဖြစ်လေသည်။

(အချို့သော ပညာသည် စက်များမှာ စမ်းသပ်စဉ်က မည်သည့် ပယောဂတွင်မှ ကပ်မပြဘဲ သိုက်စွဲ၊ ဥစ္စာစောင့်၊ ရိုးရာနတ် စသည်တို့ ကျမှ ကပ်ပြတတ်ပါ၏။ ဤလုံည့်စား၍ ကပ်ပြခြင်းကိုလည်း တကယ်ကုသသောအခါမှ လှည့်စားထားကြောင်း ပေါ်ပေါက်လာပါလိမ့်မည်။)

✧✧✧✧✧

## အကျွမ်းစက်ကူသနည်း

ဝင်မှုသော ပယောဂအား ချုပ်ပြီးသောအခါတွင် အောက်ပါ အချက်များကိုသာ အဓိကထား၍ မေးရမည်။

၁။ ဘာကြောင့်ပြုစားထားသနည်း။
"ဘာဖြစ်လို့ လုပ်တာလဲ"

၂။ မည်သို့ဖြစ်အောင် လုပ်ထားသလဲ။
"ဘာဖြစ်အောင် လုပ်ထားသလဲ"

၃။ မည်သို့ ပြုထားသနည်း။
"ဘာတွေ လုပ်ထားသလဲ"

၄။ မည်သည့်အကူအညီများ ပါဝင်သနည်း။
"ဘယ်သူတွေ ပါသေးသလဲ"

၅။ နောင်ကို ပြုစားနောင့်ယှက်ဦးမည်လော။
"နောက်ကို လုပ်ဦးမှာလား"

ဤအချက်များသည်သာလျှင် အဓိကသိထားရန် လိုပါသည်။ နင်ဘယ်သူလဲ စသော မေးခွန်းမျိုးကို လုံးဝ မမေးရပေ။ ပူးဝင်သူက လျှောက်၍ ပြောချင်ရာ ပြောခြင်းများကိုလည်း ခွင့်မပြုရပေ။ ဆရာနှင့် ရပ်ရွာကို ပဋိပက္ခဖြစ်ရန် လှည့်စားပြောဆိုတတ်သောကြောင့် ဖြစ်လေသည်။ ပူးဝင်နေသူက ကျွန်မသည် မည်သူပါဟု ပြောတိုင်း ဆရာက လက်ခံရန် မဖြစ်ပါ။ ဆရာကလက်ခံလျှင် ပြဿနာများ ပေါ်ပေါက်နိုင်ပါ၏။ လုံးဝလက်မခံပါနှင့်။

ဘောပရိသတ်ထဲမှာ ဝင်ရောက်မေးမြန်းခြင်း ပြောဆိုခြင်း ဆရာကို နှိုင်းခြင်းများလည်း လုံးဝလက်မခံပါနှင့်။ ပယောဂကုသမှုနှင့် မဆိုင်သော အချက်များကို မေးနှိုင်းတတ်ပါသည်။ မိမိက ယင်းတို့၏ အကြိုက် လိုက်၍ မကုပါနှင့်။ အဓိက၊ မိမိတာဝန်မှာ ပယောဂ အစွဲချွတ်ရန်နှင့် ပယောဂ ဝေဒနာ ရှင်းလင်းပျောက်ကင်းရန်သာ ဖြစ်ပါ၏။

မိမိက ပယောဂအား သိလိုသည့်အချက်များကို မေး၍ မပြောဘဲ အာခံခြင်း၊ မိမိ မေတ္တာရပ်ခံသည်ကို မနာယူဘဲ လုပ်ထားသော ဝေဒနာ များကို ပြန်လည်ယူရန် ငြင်းဆန်နေခြင်းရှိပါက မိမိစိတ်ကြိုက်နည်းဖြင့် ဩဇာရှိသလို နှိုင်း၍ ရပါသည်။ တစ်ဆင့်ချင်းတက်၍ မနာခံမချင်း နှိုင်းနိုင်ပါသည်။

ဥပမာ။ "ကိုယ့်ပါးကိုယ် အချက်(၂၀)ချစမ်း"
"တိုင်နဲ့ ခေါင်းနဲ့ (၁၀)ချက်ဆောင့်စမ်း"
"ကြမ်းနဲ့ မျက်နှာနဲ့ ဆောင့်စမ်း"
"ဆိုင်ရာက ရင်ဝကို ကန်ချလိုက်စမ်း"
"မြင်းပိုင်က မြင်းခွာနဲ့ ခတ်စမ်း"
"လှံပိုင်က လှံနဲ့ထိုးစမ်း"
"ဆင်ပိုင်က ဆင်နဲ့နင်းစမ်း"
"နဂါးက ပတ်ပြီး ခွဲဆန့်လိုက်စမ်း"

အစရှိသည်ဖြင့် တိုး၍နှိပ်စက်လျှင် ပယောဂသည် မိမိအား ကြောက်၍ လိုက်နာရပါလိမ့်မည်။

ဤကဲ့သို့ ဆိုင်ရာနှင့် နှိုင်းရာ၌ ပယောဂအား "မသေစေနဲ့" ဟူသော အမိန့်ကို အမြဲထည့်ပေးရမည်ကို မမေ့ပါနှင့်။

ဤအခိန်မပါလျှင် ပညာသည် ပယောဂ ဆေးသွားနိုင်ပါသည်။ လူတစ်ဦး သက်သာပျောက်ကင်းရန် တစ်ဦး သေရခြင်းကို အထက်ဂိုဏ်းအနေနှင့် လုံးဝ အလိုမရှိပါ။ မေတ္တာဖြင့် သာယာစွာ ပြောပြသော်လည်း မနာခံမှသာ နှိပ်စက်ရုံ နှိပ်စက်ရခြင်း ဖြစ်ပါသည်။

အတွင်းစက် စေ်စစ်ကို ကုသရသည်မှာ လူကြိုက်များ၍ ဆရာအလို ဘုန်းကြီးစေပြီး ရောဂါဝေဒနာလည်း ချက်ချင်းပင် ပျောက်ကင်းသွားပါသည်။ ဝေဒနာနှင့်တကွ သူစက်များကို ပြန်ယူသွားနိုင်းလိုက်သည်နှင့် အကောင်းအတိုင်း ပြန်ဖြစ်သွားပေတော့သည်။

ပယောဂသည် အာမခံတော့ဘဲ သူ လုပ်ထားသမျှ ပြန်ယူပါတော့မည်ဟု ပြောလာလျှင် ဆရာက ပယောဂဝင်နေသူအား ဘုရားကို ကျောခိုင်း၍ ခြေဆင်းနိုင်းပြီး ပြုစားထားသမျှ ဝေဒနာများကို အယူနိုင်းရပါမည်။

ကုန်စင်အောင် ယူပြီးလျှင် ပြန်၍ အလျှည့်နိုင်းပြီး နောက်ကို မလုပ်ရန် သစ္စာဆိုနိုင်းရပါမည်။ သစ္စာရသောက်ပြီးမှသာ ပယောဂကို ထွက်သွားပေရပါမည်။

အဓိက ဆွဲဝင်ပူးပြီး သူနှင့်ဆိုင်သမျှ စက်များ(ဝါ) သရဲနှင့်နိုင်းထားခြင်း။ အစိမ်းနှင့် နိုင်းထားခြင်း၊ နတ်နှင့် နိုင်းထားခြင်းများ အားလုံးကိုပါ တစ်ပါတည်း ယူသွားနိုင်းလိုက်လျှင် စမ်းသပ်စဉ်က တွေ့ရှိထားသော ပယောဂများလည်း အဓိကနှင့်အတူ ပါသွားပါလိမ့်မည်။ သရဲ အစိမ်း စသည်ပါသလောက် အကောင်တိုင်းကို ခေါ်ကုရန်ပင် မလိုတော့ပါ။

မိမိ မေးခဲ့သော အချက်များနှင့် ပတ်သက်၍ . . .

၁။ "ဘာဖြစ်လို့ လုပ်တာလဲ" ဟုမေးလျှင်

ဥပမာ။ "ကျွန်မကို စော်ကားလို့ လုပ်တာပါ"

"မုန်းလို့ လုပ်တာပါ"

"မရှိသေးလို့ လုပ်တာပါ" . . . (နှတ်)

စသည်ဖြင့် ယင်းတို့ မကျေနပ်ချက်များကို ပြောပါလိမ့်မည်။

၂။ ဘာဖြစ်အောင် လုပ်ထားသလဲ

"စိတ်နှောက်အောင် လုပ်ထားပါတယ်"

"ခြေထောက်ကိုက်အောင် . လုပ်ထားပါတယ်"

"ဗိုက်အောင့်အောင် လုပ်ထားပါတယ်"

"အိမ်မနေနိုင်အောင် လုပ်ထားပါတယ်"

ဤသို့အားဖြင့် ယင်းတို့မည်သို့ဖြစ်ရန် လုပ်ထားကြောင်းကို ထုတ်ဖော်ပြောလိမ့်မည်။ ထိုအခါ ဆရာက မကုသခင် စစ်ဆေး မေးမြန်းထားသော ဝေဒနာများအနက် ကျန်သေးသော ဝေဒနာများကို ယင်းနှင့် ဆိုင်မဆိုင် မေးမြန်းရပါမည်။

"ထမင်းမစားတာကော ဘယ်သူလုပ်ထားသလဲ"

"ဓါက သွေးရှိသားရိုးပါ" သို့မဟုတ်

"ကျွန်မနဲ့ မဆိုင်ပါဘူး။ အောက်လမ်းက လုပ်တာပါ"

စသည်ဖြင့် ပြောပါလိမ့်မည်။

၃။ ဘာတွေ လုပ်ထားသလဲ

"လက်ဖက်ပင်းထည့်ထားပါတယ်"

"သရဲနဲ့ လည်ပျို့ညှစ်ထားပါတယ်"

"အင်းနဲ့ တိုက်ထားပါတယ်"

"အိမ်အောက်မှာ အစိမ်းရိုး မြှုပ်ထားတယ်"

ပယောဂ..က သူလုပ်ထားပုံများကို ပြောပြပါလိမ့်မည်။ ဤသို့ ပြောလျှင် အပင်းပါဝင်ပါက "အန်ပေးမလား။ ဝမ်းသွားပေးမလား" စသည်ဖြင့် မေးနိုင်၏။ ထိုအခါ တခါတည်း အန်ပေးခြင်း၊ ဝမ်းသွား ပေးခြင်းများကို ပြုနိုင်ပါက အန်ပေးခြင်းများကို ပြုပါလိမ့်မည်။

၄။ "ဘယ်သူတွေ ပါသေးထဲ"

"ရွာသူ ပါပါသေးတယ်"

"သရဲပါ ပါတယ်"

"အစိမ်းပါပါတယ်"

ဤသို့ အဓိက ပယောဂက နိုင်းစေထားသော အကူအညီများ ပါဝင်ကြောင်း ပြောတတ်သည်။ မပြောတဲ့ မြင်းဆိုက မြင်းဆန်မည်။ သို့ရာတွင် ဓိဓိက စုံစမ်း၍ "လည်မျိုညှစ်ထားတာ နင်နိုင်းတဲ့ သရဲလား" "နတ်နဲ့ကော တိုက်ထားသေးတယ် မဟုတ်လား" စသည်ဖြင့် မေးမြန်း ကြည့်ရှုနိုင်ပါသည်။

အောက်လမ်းသည် ရွာသူနိုင်းခြင်း။ သရဲကို နိုင်းခြင်း၊ နတ်ကို နိုင်းခြင်းများ ပြုထားလျှင် အောက်လမ်း အဓိကဖြစ်၍ အောက်လမ်း နှင့် ယင်းအကူအညီများ အတူတကွ ပြန်လည်သိမ်းယူသွားနိုင်းလျှင် တပါတည်း ကုသပြီး ဖြစ်ပေသည်။ အဓိက ပယောဂက ယင်းနှင့် သက်ဆိုင်သမျှ ဝေဒနာစက်များကို ပြန်ယူတော့မည်ဟု ဆိုလာလျှင် ဘုရားစင်ကို ကျောပေး၍ ခြေဆင်းထိုင်နိုင်းရမည်။ ခြေဆင်းထိုင်လျှင် အကုန်လုံးပြန်ယူသွားနိုင်းရသည်။

ခြွင်းချန်မထားစေရန် အမိန့်ပေးရမည်။ ပြန်စမ်းကြည့်၍ ကျန်နေသေးရင် ခေါ်ပြီး နိပ်စက်ဦးမည်ဖြစ်ကြောင်းပြောလျှင် အကုန်အစင်ယူသွားပါလိမ့်မည်။ လူနှင့်ဆိုင်သော သူခိုင်းထား၍ လုပ်ထားရသောပယောဂအားလုံးကို သူတစ်ဦးတည်းကပင် ယူသွားနိုင်သည်။ သူနှင့်မဆိုင်သော ဝေဒနာများကိုမူ ယူသွားနိုင်မည်မဟုတ်ပါ။ ဥပမာ - ရိုးရာကိုယ်တိုင်ပြုထားသော ပယောဂစက်များရှိနေလျှင် သူယူ၍ မရပါ။ ရိုးရာကို ထပ်မံခေါ်ယူကုသရမည်။

ပယောဂက ယင်းတို့နှင့် ဆိုင်သောစက်များကို ပြန်ယူပုံမှာ ယင်း၏ လက်များဖြင့် ဦးခေါင်းမှစ၍ ဝေဒနာရှိရာနေရာများကို သပ်ချယူသွားခြင်း၊ ရိုက်ပုတ်ယူသွားခြင်းများ ပြုတတ်သည်။ ယူပြီး၍ ကုန်စင်ပြီဆိုလျှင် ဆရာဘက် ပြန်လှည့်ခိုင်း၍ နောက်ကိုမလှည့်ရန် သစ္စာဆိုခိုင်းရမည်။

### ၅။ "နောက်ကို လုပ်ဦးမလား"

ဤနောက်ဆုံးအမေးကို မေး၍ မလုပ်တော့ပါဟု ကတိပေးလျှင် သစ္စာရေကို တိုက်ရန် သစ္စာဆိုခိုင်းရမည်။ မိမိက သစ္စာကို တိုင်ပေး၍ ပယောဂကို လိုက်ဆိုခိုင်းရမည်။ အချို့ပယောဂများသည် သစ္စာဆိုသောအခါတွင်မှ ထစ်ငေါ့နေတတ်ကြသည်။ ထိုအခါ မဆိုဘဲ မနေအောင်ပြုလုပ်ရသည်။ ကြောက်သဖြင့် ဆိုပါတော့မည်ဆိုလျှင် မိမိက ရေစင်ခွက်ကို ညာလက်ဖြင့် ကိုင်ပြီး ရေခွက်ထဲသို့ လက်ညှိုးကို စိုက်ထားရမည်။ ပယောဂကို လက်နှစ်ဖက်ဖြင့် ကိုင်ခိုင်းထားရမည်။

## သစ္စာဆိုရန်

အစွဲကို သစ္စာဆိုနိုင်းရာ၌ ပကတိ လူ့အရှိအတိုင်းဖြစ်သော ရှာသူ အောက်လမ်းကို ဆိုနိုင်းရပုံနှင့် နတ်၊ သရဲ အစိမ်း၊ ဥစ္စာစောင့် အစရှိသော ဝိဉာဉ် လောကသားတို့ကို သစ္စာဆိုနိုင်းရပုံချင်း မတူချေ။

## ရှာသူအောက်လမ်းအတွက်

“ကျွန်ုပ်သည် ယနေ့မှစ၍ စနေသား မောင်နီအား ဖမ်းစားနှောင့် ယှက်ခြင်း၊ သရဲ၊ အစိမ်း စသည်တို့ဖြင့် တိုက်ခိုက်ခြင်း၊ (စိတ်နောက် အောင်လုပ်ခြင်း၊ အစားမစားနိုင်အောင် လုပ်ခြင်း၊ ခြေထောက် ကိုက်အောင် လုပ်ခြင်း) တို့ကို မပြုလုပ်တော့ပါ။ ပြုလုပ်ခဲ့ပါက သွေးပွက် ပွက်အန်၍ သေဆုံးပြီးသည့်နောက် မဟာအဝီစိငရဲ၌ မကျွတ်လွတ်တမ်း ခံရပါစေသား။ ဤသစ္စာမှန်ကန်ခဲ့ပါက စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ပြည့်စုံ၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ လျှင်မြန်စွာ ရရှိပါစေသား အရှင်ဘုရား”

ရှာသူအောက်လမ်းက သစ္စာဆိုပြီးလျှင် မိမိလည်း သစ္စာဆိုရမည်။ သစ္စာဆိုပြီးလျှင် ညာလက်ညှိုးနှင့် ရေကိုမွှေပြီး ဝဲယာလက်ညှိုးနှစ်ချောင်း ရေထဲသို့ စိုက်ချပြီး တိုက်ရမည်။

## မိမိဆိုရန်

"ကျွန်ုပ်သည် ရှေးရင်ကျော် ကုလွှာသယ မဟာဗိန္ဒောဆရာကြီးတော်ကြီး၏ ပညာကို ဆရာကြီး ဦး ——————ထံမှ သင်ယူသည့်နေ့မှစ၍ နွားသား၊ ကျွဲသားကို မစားပါ။ သေရည်သေရက်ကို သေးဖြစ်ဝါးဖြစ် တောင်မှ လိမ်းကျံသောက်စားခြင်း မပြုပါ။ သူများသားမယားကို ကိုယ်ထိကာယ ကျူးလွန်စော်ကားခြင်း၊ ခိုးယူပေါင်းသင်းခြင်း မပြုပါ။ ပယောဂ မဟုတ်သည်ကို ဟုတ်သည်ဟူ၍ လိမ်လည်လှည့်စား မကုသပါ။ ဤသစ္စာပေါက်ကျိုးခဲ့ပါက (ပညာပျက်ပါစေသား)။

ပညာပျက်၍ မသူတော် အောက်လမ်းမိစ္ဆာတို့၏ လက်ချက်ဖြင့် သွေးပွက်ပွက်အန်၍ သေဆုံးပြီးသည့်နောက် မဟာအဝီစိငရဲ၌ မကျွတ်တမ်းခံရပါစေသား) ဤသစ္စာမှန်ကန်ခဲ့ပါက စနေသား မောင်နှင့် စွဲကပ်လျက်ရှိသော ပယောဂ ဝေဒနာအားလုံး (အောက်လမ်းတိုက်၊ နတ်တိုက်၊ အစိမ်းတိုက်) အားလုံးနှင့် အလုံး အပင်း အကြိတ်အခဲ အနာအဆာ အားလုံးအတိုက်အခိုက်များ (စိတ်နောက်ခြင်း၊ မိုက်မောင်ခြင်း၊ ဓူးကိုက်ခြင်း) စသော ပယောဂဝေဒနာ အားလုံးတို့သည် ဤရေစင်တစ်ခွက်တည်းကို သောက်သုံးလိုက်သည်နှင့် ဝေးစွာ ဖယ်ခွာသွားပါစေသတည်း"

ဆရာဖြစ်သူသည် အထက်ပါ သစ္စာကို ဆိုရာ၌ မိမိခံယူခဲ့သည့် သစ္စာအတိုင်း ထည့်သွင်းဆိုခြင်းနှင့် အတိုက်အခိုက် အမျိုးမျိုးကို သူ့ပရယောဂနှင့်သူ -ထည့်သွင်းဆိုခြင်း၊ ဝေဒနာအမျိုးမျိုးကိုလည်း ထည့်သွင်းဆိုခြင်းများ ပြုရပါမည်။

အချို့သောသူတို့သည် ကုသသူ ဆရာက သစ္စာဆိုရန် မလိုဟု မဆိုဘဲ၊ ကုသကြသည်ကို တွေ့ရပါ၏။ အမှန်မှာ သစ္စာမဆိုဘဲ မကုသသင့်ချေ။ ရှာသူအောက်လမ်းသည် သစ္စာကို လေးစား၏။ သစ္စာအတိုင်း လိုက်နာ၏။ ဆရာလုပ်သူက သစ္စာမဆိုနိုင်ဟု ဆိုလျှင် ဆရာအား များစွာ အထင်အမြင်သေးမည်မှာ မလွဲပါချေ။ ပယောဂ၏ သစ္စာနှင့် ဆရာ၏ သစ္စာကို ထပ်၍ ဝေဒနာကုခြင်းဖြစ်သောကြောင့် ပိုမိုနိုင်လုံ၏။ အစွမ်းအာနိသင် ပိုမိုထက်မြက်၏။ အဘဆရာဟန် သည်ပင်လျှင် သစ္စာနှင့်သာ ကုသခဲ့ပါ၏။

အစွဲကို သစ္စာရေတိုက်ပြီးသောအခါ ဘုရားနှင့် အဘဆရာကြီးများအား ဦးတိုက်စေပြီးမှ ထွက်ခွင့်ပြုရမည်။ ဦးတိုက်စဉ် လူနာ၏ အမည်ကိုခေါ်၍ ထိပ်ကို လက်ဖြင့် အသာပုတ်ထုတ်လိုက်ရမည်။ ထွက်ခွင့်ပြုပြီးသော ပယောဂသည် ထိပ်ကို လက်နှင့် ရှယ်လိုက်ရုံဖြင့် လွန့်၍ ချက်ချင်းထွက်သွားခြင်းဖြစ်ပါသည်။ ချုပ်ထားပြီး ပယောဂ ဦးခေါင်းကို ပုတ်ရန် ခွင့်မပြုသော်လည်း ထွက်ခွင့်ပြုပြီးသော ပယောဂ အား ပုတ်ခြင်းမှာ လွန့်၍ ထုတ်လိုက်ခြင်းမျှသာ ဖြစ်ပေသည်။

အစွဲထွက်သွားသောအခါ လူနာတွင် ထွက်သွားသောပယောဂနှင့် ဆိုင်သော ရောဂါဝေဒနာများ လုံးဝမရှိတော့ပြီ။ အဲပင်းရှိခဲ့လျှင် ယင်းအပင်းကို ဖော်ပြီးသား အပင်းချဆေး (ဝမ်းသွားဆေး)နှင့်ရော၍ ရေကို မှုတ်တိုက်ရမည်။

လူနာတွင် နောက်ထပ် ပယောဂတစ်စုံတစ်ရာ ရှိ/မရှိကို ထုံးစံအတိုင်း ပြန်စမ်းရပါမည်။ စမ်းသပ်၍ နောက်ထပ်ပယောဂ တစ်မျိုးမျိုးရှိနေလျှင် အစွဲကို အထက်ပါအတိုင်းခေါ်၍ ကုသရပါမည်။

ပထမ ပယောဂသည် အတွင်းစက်ဝင်ပူးသော် နောက်ကျန်နေသေးသော ပယောဂမှာ အတွင်းစက် ဟုတ်ချင်မှ ဟုတ်လိမ့်မည်။ အတွင်းစက် မဟုတ်လျှင် အပြင်စက် အပြင်စက်လက်လွှတ်စသော ကုနည်းများ အတိုင်း ကုသရပါမည်။

## နတ်၊ သရဲ၊ အစိမ်း စသော ပယောဂများအတွက် သစ္စာဆိုရန်

နတ်၊ သရဲ အစိမ်းစသော ပယောဂများက အတွင်းစက် ပူးဝင်လာ၍ ကုသသောအခါ သစ္စာဆိုရန်မှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

"ကျွန်ုပ်သည်...ဤနေ့မှစ၍ စနေသား မောင်နီအား ဖမ်းစား နှောင့်ယှက်ခြင်း။ ချောက်လှန့်ခြင်း။ (စိတ်နှောက်အောင် လုပ်ခြင်း။ အစား မစားနိုင်အောင်လုပ်ခြင်း၊) စသည်တို့ကို မပြုလုပ်တော့ပါ။ပြုလုပ် ခဲ့ပါက မီးအဝီစိ၊ ပြာအဝီကျ၍ ကြေဝင္စာတံတိုင်း အပြင်ဘက်သို့ လွင့်သွားပါစေကား။ ဤသစ္စာမှန်ခဲ့ပါက ယခုဘဝထက်မြင့်မြတ်သော ဘဝသို့ ရရှိပြီး မင်္ဂိုလ် နိဗ္ဗာန်သို့ ရောက်ရှိပါစေသား အရှင်ဘုရား"

## သူယောင်စွဲ၊ ဥစ္စာစောင့်စွဲ၊ သိုက်စွဲများအတွက် သစ္စာဆိုရန်

သူယောင်စွဲတွင် အောက်လမ်းသူယောင်၊ ဆရာသူယောင်၊ သရဲ သူယောင်၊ နတ်သူယောင် စသည်ဖြင့်

သစ္စာဆိုရန်မှာ ဆိုရိုးဆိုစဉ် သစ္စာမျိုးပင် ဖြစ်သော်လည်း ယင်းတို့နှင့် စပ်ဆိုင်သော အကြောင်းအရာများကို ပြောင်းလဲ၍ ဆိုရပေမည်။ သူယောင်စွဲဆိုသည်မှာ သူနာနှင့် ပယောဂနှစ်ဦးစလုံး တစ်ဦးကို တစ်ဦး သံယောဇဉ်ဖြစ်ကြခြင်း ဖြစ်သောကြောင့် လူနာက ကုသပယ်ရှားပေးရန် တောင်းပန်မှ ကုသရခြင်း ဖြစ်ပြီး လူနာကို ဦးစွာသံယောဇဉ် ဖြတ်ရန် သစ္စာဆိုစေရပါမည်။ ထိုလူနာက သစ္စာဆိုပြီး အစွဲကို ခေါ်ပြီး သံယောဇဉ် ဖြတ်ရန် သစ္စာဆိုရခြင်း ဖြစ်ပါသည်။

## လူနာဆိုရန် (သူယောင်စွဲ)

"ကျွန်မသည် ကျွန်မ၌ စွဲကပ်လျက်ရှိသော (နတ်) (သရဲ) (ဥစ္စာစောင့်) သူယောင်စွဲအားလုံးကို အလိုမရှိတော့ပါ။ ယင်းတို့အား ချစ်ခင်စုံမက်ခြင်း၊ သံယောဇဉ်ရှိခြင်း၊ အိပ်မက် မက်လိုခြင်း၊ အသံကြား လိုခြင်း စသည့် အစွဲအလန်းအားလုံးတို့ကို အလိုမရှိတော့ပါ။ အလိုရှိခဲ့ပါက သွေးပွက်ပွက်အန်၍ သေဆုံးပြီးနောက် မဟာအဝီစိငရဲ၌ မကျွတ်မလွတ်တမ်း ခံရပါစေသား။ ဤသစ္စာမှန်ကန်ခဲ့ပါက ကျွန်မသည် စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ပြည့်စုံ၍ ခံစားနေရသော ပယောဂ ဝေဒနာ အားလုံး၊ သူယောင်စွဲအားလုံး ပျောက်ကင်းချမ်းသာပြီး မင်္ဂလာ နီဗ္ဗာန်သို့ လျင်မြန်စွာ ရရှိပါစေသား အရှင်ဘုရား"

## သူယောင်စွဲက ဆိုရန်

"ကျွန်ုပ်သည် (တနင်္ဂနွေ သမီး မအေး) အား ချစ်ခင်စွဲလမ်းခြင်း ချစ်ကြိုက်ခြင်း သံယောဇဉ်ရှိခြင်း၊ တွယ်တာခြင်း မရှိတော့ပါ။ တနင်္ဂနွေသမီးအား ဒေါ်ပ်မက်ပေးခြင်း၊ ကိုယ်ယောင်ပြခြင်း၊ အနံ့ပေးခြင်း၊ ခြောက်လှန့်ခြင်း၊ ပူးကပ်ခြင်း၊ (ဖမ်းစားနှောင့်ယှက်ခြင်း အမျိုးမျိုးတို့ကို မပြုလုပ်တော့ပါ ပြုလုပ်ခဲ့ပါက သွေးပွက်ပွက်အန်၍ . . . (ရွာသူ့အောက်လမ်းက ဆိုရန်) မီးအဝီစိမှ ပြာအဝီကျ စကြဝဠာ တံတိုင်း အပြင်ဘက်သို့ လွင့်စင်သွားပါစေသား (နတ် စသည်တို့ဆိုရန်) ဤသစ္စာမှန်ပါက ကျွန်ုပ်သည် ယခုဘဝထက် မြင့်မြတ်သော ဘဝသို့ ရရှိပါစေသား အရှင်ဘုရား"

## လူနာဆိုရန် (ဥစ္စာစောင့်စွဲ သိုက်စွဲ)

"ကျွန်မသည် ဥစ္စာစောင့်ဘဝ၊ သိုက်စောင့်ဘဝသို့ ချစ်ခင်စုံမက်ခြင်း၊ စွဲလန်းခြင်း၊ တွယ်တာခြင်း၊ မရှိတော့ပါ။ ဥစ္စာစောင့်ဘဝသို့ ပြန်လည်၍ မသွားလိုတော့ပါ။ အလိုရှိခဲ့ပါက သွေးပွက်ပွက်အန်၍ သေဆုံးပြီးသည့်နောက် မဟာအဝီစိငရဲ၌ မကျွတ်လွတ်တမ်းခံရပါစေသား။ ဤသစ္စာမှန်ပါက ကျွန်မ၌ စွဲကပ်လျက်ရှိသော ဥစ္စာစောင့်စွဲ၊ သိုက်စွဲအားလုံး၊ ပယောဂ ဝေဒနာအားလုံး ပျောက်ကင်းချမ်းသာ၍ ငြိမ်းချမ်းဥစ္စာ တစ်နေ့တခြား တိုးတက်ပါစေသား အရှင်ဘုရား"

## ဥစ္စာစောင့်ရွှဲ၊ သိုက်စွဲဆိုရန်

"ကျွန်ုပ်သည် (တနင်္ဂနွေသမီး မအေး) အားစွဲလမ်းခြင်း သံယောဇဉ် ရှိခြင်း ဘဝဟောင်းကို ပြန်ခေါ်ခြင်း၊ အသက်ဝိဉာဉ် နှုတ်ခြင်း၊ အိပ် မက်ပေးခြင်း ဖမ်းစားနှောင့်ယှက်ခြင်း အမျိုးမျိုး) တို့ကို မပြုလုပ်တော့ပါ။ ပြုလုပ်ခဲ့ပါက မီးအတိပူ၊ ပြာအတိကျ၍ ကြေဝင္ဘာတဲ့တိုင်း အပြင် ဘက်သို့ လွင့်စင်သွားပါစေသား အရှင် ဘုရား။ ဤသစ္စာမှန်ခဲ့ပါက ကျွန်ုပ်သည် ယခုဘဝထက် မြင့်မြတ်သော ဘဝသို့ ရောက်ဖို့ပြီး မဂ်ဖိုလ် နိဗ္ဗာန်သို့ လျင်မြန်စွာ ရရှိပါစေသား"

အတွင်းစက်ဝပ်မှုသော ပယောဂအား ကုသရာတွင် သစ္စာဆိုစေရာ ၌ အမိကပယောဂက မဆိုဘဲ သရဲ၊ အစိမ်းစသည်တို့ကို ဝင်၍ ဆိုနိုင်းတတ်ခြင်း၊ သရဲစသည်တို့ကို ဝင်၍ သောက်နိုင်းတတ်ခြင်းများ ရှိတတ်ပါသည်။ ထို့ကြောင့် သစ္စာရေကို သောက်စဉ်ကာလ မိမိက "ဘယ်သူသောက်သောက် နင့်ဗိုက်ထဲရောက်" ဟူ၍ ထည့်သွင်းပြော ပါက ပို၍ ကောင်းပါသည်။

မှုဝင်သောသူက အောက်လမ်း ယောကျ်ား ဖြစ်သော်လည်း ရှာသူ မိန်းမဟန်ဆောင်၍ သစ္စာဆိုသောအခါတွင် "ကျွန်မသည် . . . "ဟု တိုင်ပေးမိလျှင်လည်း ထပ်မံပြုစားနှောင့်ယှက်နိုင်ပါသည်။ ထို့ကြောင့် "ကျွန်ုပ်သည်" ဟူသော တိုင်ပေးပါ မမှားနိုင်တော့ပါ။

အတွင်းစက် ဝင်မှုသော ပယောဂအား နှိပ်စက်ထားသော ဓာတ်ရာ များသည် ထွက်သွားသောအခါ၌ လူနာတွင် တစ်စုံတစ်ရာ ကြွင်းကျန်

နေခြင်း မရှိပါ။ ဥပမာ တိုင်နဲ့ ခေါင်းနဲ့ ဆောင့်နိုင်းထားသည် ဆိုပါစို့၊ တခါ တိုင်စောင်းနှင့် မျက်နှာကို ပြင်းစွာ ဆောင့်နိုင်းထားသော် လည်း ထွက်သွားသောခါတွင် လူနာ၌ အဖုအယောင်ဟူ၍ လုံးဝမရှိဘဲ ပကတိ လူကောင်းအတိုင်း ကျန်ရစ်သည်ကို အံ့ဩဖွယ်ရာ တွေ့ရပေလိမ့်မည်။ သစ္စာရေ တိုက်ရာတွင်လည်း အစွဲများလျှင် များသလောက် ရေဖန်ခွက် (၆)ခွက်မှ (၇)ခွက်စသည် တစ်ယောက်ပြီး တစ်ယောက် ဝင်သောက် သွားသော်လည်း ထွက်သွားသောအခါတွင် မည်သို့မျှ သိရှိခြင်းမရှိချေ။ ဤကား အတွင်းစက်ကုသရာတွင်သာမဟုတ်၊ အပြင်စက်ကို အမြင် ပေး၍ ကုသသောအခါတွင်လည်း သစ္စာရေတိုက်ရာ ဤအတိုင်းပင် ကာယကံရှင် လူနာမှာ မည်သို့မျှ မသိသာချေ။

ဤကဲ့သို့ အတွင်းစက် ကုသရာတွင် မိမိဉာဏ်ရှိပါက ရှိသလောက် ချဲ့ထွင်၍ ရောဂါကုရင်း သမားဂုဏ် ပြသွားနိုင်ပေသည်။ အတွင်းစက် ပယောဂအား ဆရာက နှုတ်ဖြင့်သာ အမိန့်ပေး စိတ်တိုင်းကျ ကုသ သွားနိုင်ခြင်းကို ပရိသတ်သည် များစွာအံ့ဩခြင်း၊ ချီးမွမ်းခြင်းများ ပြုရမည် မုချဖြစ်လေတော့သည်။ ပယောဂဆိုတာ မရှိပါဘူးဟု ဆိုသူများ ပင် မျက်မြင် တွေ့သွားပါက ယုံကြည်သွားရပေတော့သည်။ အတွင်း စက်ကောင်းကောင်း၊ ပယောဂကြမ်းကြမ်းကို ကုသရလျှင် ပရိသတ်မှ ရုပ်ရှင်ပြဇာတ်ကြည့်ရခြင်းထက်ပင် နှစ်ခြိုက်တတ်ကြပါ၏။

## အပြင်စက်ကြသနည်း

အစွဲကို "စွဲရင်းတိုင်းရောက်" ခေါ်၍ ကြည့်သော်လည်း လက်များလောက်သော တုန်ခြင်း၊ မည်သို့မျှ မထူးခြားခြင်းကို တွေ့ရလျှင် အပြင်စက်ကနည်းဖြင့် ဆက်လက်၍ ကြသရပေမည်။ ဤကဲ့သို့ မကြသခင် လူနာအား ခြေဆင်းစေ၍ အောက်လမ်းရှာသူတို့သည် ယင်းသို့ သိကျွမ်းသူ ဟုတ်/မဟုတ်ကို စစ်ဆေးနိုင်ပါသည်။

တစ်ရွာတည်း တစ်ရပ်တည်းက ပညာသည်ဖြစ်ဖြစ်၊ အသိအကျွမ်းဖြစ်ခြင်းများကို စမ်းသပ်တွေ့ရလျှင် အမြင်ပေးကြသရာ၌ လူနာအား မြင်လျှင် မည်သူ့အားမျှ ဖွင့်မပြောရန် ကတိရယူရမည်။ စိတ်မချရသူဟု အထင်ရှိပါက မြင်ရမည့်ပညာသည်အား မျက်နှာဝှက်ကွယ်၍ ဆိုင်ရာကို အပြနိုင်းခြင်းသည် ပို၍ ကောင်းပါ၏။

အမြင်ပေးရာတွင် လက်အုပ်ချီထားသော လူနာ၏ လက်မျှားကို အောက်သို့ ပြန်ချနိုင်းပြီးနောက် မျက်စိ စုံမှိတ်ခိုင်းထားပြီး မျက်နှာရှေ့မှ လက်ဖြင့်ရှယ်မိုး၍ "ဆိုင်ရာက အမြင်အကြား ဖွင့်ပေးလိုက်ပါ" ဟု အမိန့်ပေးရသည်။ ပြီးလျှင် လူနာအား မည်သည့်အရာ မြင်ရသည်ကို ဦးစွာမေးရမည်။ လူနာသည် မြင်သည့်အတိုင်း ပြောပေလိမ့်မည်။

သရဲ၊ နတ် စသည့် ပယောဂများဖြစ်လျှင် တစ်ကိုယ်လုံးကို အမြင်ပြနိုင်ပါ၏။ သို့မဟုတ် တစ်ရပ်ရွာတည်းမှ ပညာသည်များ မဟုတ်လျှင်လည်း ပြနိုင်ပါ၏။

မြင်ရသည်မှာ သက်မဲ့ပစ္စည်းများဖြစ်လျှင် "မှလပြန်"ဟု အဓိပ္ပါယ်ပေးခြင်းများ ပြုရမည်။ တစ်စုံတစ်ရာကို အကောင်အထည်နှင့်တကွ မြင်ရလျှင် အောက်ပါအချက်များသည် သတိပြုစရာများ ဖြစ်သည်။

(၁) မြင်ရသောသူသည် လူမဟုတ်ဘဲ သရဲ နတ် စသည် ဖြစ်လျှင် ဆရာနှင့် လူနာ မည်သူ့အား ကြည့်နေသနည်း။

(၂) ဘုရား၊ သံဃာ၊ ဘုန်းကြီးကျောင်း၊ ကျောင်းသို့ သွားသောလမ်း၊ အလှူအတန်းနှင့် ဆိုင်သောအရာများကို မြင်ခြင်း။

(၃) ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်များကို မြင်ခြင်း။

(၄) လျှပ်စစ်ပြက်သကဲ့သို့ တဖျပ်ဖျပ်အရောင်များ မြင်ခြင်း။ အရောင်မျိုးစုံ၊ မိုးသားတိမ်လိပ်များကဲ့သို့ ရွေ့လျားနေသည်ကိုမြင်ခြင်း။

(၅) လူနာသည် မျက်စိကို ဝိတ်၍ မရသကဲ့သို့ မျက်လုံးအစုံသည် တဆတ်ဆတ်ခုန် လှုပ်ရှားနေခြင်း။

အထက်ပါအမြင်အတွေ့များကို မြင်ရပါက ပညာသည် စက်နှင့်ဆိုင်သော လူနာပင်ဖြစ်ပါသည်။

၁။ မြင်နေရသော သရဲ အစိမ်း စသည်တို့က ဆရာကို မကြည့်ဘဲ လူနာကိုသာ စိုက်၍ကြည့်နေကြောင်း ပြောလျှင် ယင်းမြင်နေသော အစိမ်းသရဲများသည် လူနာကိုယ်တိုင်သိပြီးသားဖြစ်သောသူ၏ အစောင့်များဖြစ်ကြောင်း သိရပေ၏။ မေးကြည့်လျှင် ဝန်ခံသည်ကို တွေ့ရလိမ့်မည်။ (ယင်းအစိမ်းသရဲများကို ဆရာ့ရှေ့မှောက်သို့ အရောက်ခေါ်လျှင် လာချင်မှ လာတတ်သည်။

မည်ကဲ့သို့ အဓိပ္ပါယ်ပေး ခေါ်သည်ပင်ဖြစ်စေကာမူ အနာခံနေမည် မလာတတ်ပါ။ လူနာကို အခေါ်ခိုင်း၍ လူနာကိုယ်တိုင်က ခေါ်သောအခါ တွင်မှ ရောက်လာတတ်ပါသည်။) ဤအမြင်ပယောဂကို ကုသရာတွင် လူနာက ပညာသည်ဖူး ပညာသည်စက်နှင့်တကွ ယင်းသံရဲ့ အစိမ်း စသော အစောင့်ကောင်းများ အလိုမရှိတော့ပါဟု ဆိုမှ ပယ်ရှားပစ် ၍ရသည်။

၂။ ဘုရားဆင်းတု သံဃာများ။ ဘုန်းကြီးကျောင်းနှင့် အလှူအတန်း ဆိုင်ရာများကို မြင်ရသည်ဟု ပြောလာပါက "မှလပြန်"ဟု ပြောသော် လည်း ယင်းအမြင်အတိုင်းသာ မြင်နေရပါလျှင် လူနာကိုယ်တိုင် ပညာသည်ဖူး။ ပညာသည်စက်ရှိသူပင်ဖြစ်ကြောင်း . သိရပေမည်။ လူနာသည် မိမိ၌ ရှိသော မကောင်းသည့် ပယောဂဝေဒနာများ၊ မကောင်းသည့် ပညာသည်ဖူး၊ ပညာသည်စက်များကို ဘုရား၌ စွန့်လှူ ပစ်ရမည့် သဘောကို အပြ၍ပြခြင်းပင် ဖြစ်လေသည်။

၃။ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်များကို မြင်ရသည်ဟု ပြောပါက "မှလပြန်" ဟု ဆိုလိုက်လျှင် ရုပ်တစ်မျိုးပြောင်းလဲသွားတတ်သည်လည်း ရှိ၏။ ယင်းအတိုင်းပင် ရှိနေပါလျှင် "ဘယ်သူကို ကြည့်နေသလဲ" ဟု မေးရမည်။ ထိုအခါ လူနာက သူက ကြည့်နေသည်ဆိုလျှင် ကာယကံရှင် ခံယူထားသော ဆေးများ၊ အင်းများ၏ ဆေးစောင့်၊ အင်းစောင့်များ ဖြစ်လေသည်။ ထိုအခါ ကာယကံရှင်သဘောထားကို ပြတ်ပြတ်သားသားမေး၍ သဘောတူညီမှုရပါမှ ပယ်ရှားပေးရမည်။

၄။ လျှပ်စစ်ပြက်သကဲ့သို့ တဖျပ်ဖျပ်အရောင်များကို မြင်ခြင်း၊ အရောင်မျိုးစုံ မိုးသားတိမ်လိပ်များကဲ့သို့ ရွေ့ရှားသည်ကို မြင်ရတတ်ခြင်း။

ဤကဲ့သို့ မြင်လျှင်လည်း ပညာသည်စက်၏ အရောင်များ ပြမ်ကြောင်း၊ သိရပေသည်။

၅။ လူနာသည် မျက်စိကို စုံပိတ်၍ မရေသကဲ့သို့ မျက်လုံးအစုံသည် တဆတ်ဆတ်ခုန်ပြ လှုပ်ရှားနေခြင်းကို တွေ့ရလျှင် ပညာသည်စက် ဖြစ်နေကြောင်း သိထားရသည်။

မြင်နေရသော သူများသည် ရွာသူ၊ အောက်လမ်း၊ သရဲ၊ အစိမ်း၊ နတ် စသည်တို့ကို ပကတိ နိမိတ်ပယောဂအတိုင်း ဖြစ်လျှင် ဆဲရောကိုသာ ကြည့်နေကြောင်း တွေ့ရမည်။ မိမိက မြင်နေရသူကို မိမိရှေ့မှောက်သို့ ရောက်အောင် ခေါ်ယူရမည်။

ခေါ်ယူရာတွင် လူနာ၏ လက်ဝဲဘက်တွင် လူနာနှင့် အတူ ယှဉ်၍ ထိုင်နိုင်းထားရမည်။ ရောက်လာပြီဆိုလျှင် လူနာက မည်သည့်နေရာသို့ ရောက်နေကြောင်း ပြောပြလိမ့်မည်။ လူနာ၏ညာဘက်တွင် ထိုင်နေစေခြင်း၊ လူနာနှင့် ဆရာအကြားတွင် ထိုင်စေခြင်းများကို မပြုရပါ။

ခေါ်ယူသော အမိန့်ပေးရာတွင်လည်း လူနာကို အခုမြင်နေရသော မည်သည့်နေရာမှာ ရှိနေသည်ကို သေချာစွာကြည့်နိုင်းထားပြီး "အခုမြင်နေရတဲ့ ရွာသူ လာစမ်း" ဟု လူနာ၏ လက်ဝဲဘက်ရှိ ကြမ်းပြင်ကို လက်နှင့် ပုတ်ပြပြီး နေရာယူနိုင်းရသည်။ အစွဲကို ခေါ်ယူသည့်အခါတွင် အတွင်းစက် ခေါ်သကဲ့သို့ပင် "အကူအညီစက်တွေ ဖြတ်တယ်" ဟု အကူအညီဖြတ်ခြင်း၊ "အိမ်တွင်းများက ဝင်ခွင့်ပြုပါ" ဟု အမိန့်ပေးခြင်းများကို ပြုမြဲအတိုင်း ပြုရပါမည်။

မိမိညွှန်ပြသော နေရာသို့ ရောက်၊ မရောက် မေးကြည့်၍ ရောက်ပြီ ဆိုလျှင် ထုံးစံအတိုင်း ဘုရားကို ဦးတိုက်နိုင်းရမည်။ ဘုရားကို ဦးမတိုက်

လျှင် တိုက်အောင်နိုင်စေပြီးမှ အတွင်းစက်ကုသကဲ့သို့ အဓိက မေးခွန်းများကို မေးရပါမည်။

အတွင်းစက် ကုသနည်းနှင့် ကွာခြားပုံမှာ ဝရုန်းကတိုက်ရိုက်ဝင်မှုပြီး ပြောခြင်းနှင့် လူနာမြင်ရသမျှ ကြားရသမျှများကို ပြန်၍ ပြောခြင်းမျှသာ ခြားနားပေ၏။

လူနာသည် ဘေးတွင် ရောက်ရှိနေသော ပယောဂကို ထင်ရှားစွာ မြင်တွေ့နေပြီး ပယောဂက ဆရာ အမိန့်ပေးသည့်အတိုင်း လိုက်နာသည်၊ မလိုက်နာသည်ကိုပါ တွေ့ရပါသည်။

"ဘာဖြစ်လို့ စနေသားကို လုပ်ရတာလဲ" ဟု မိမိက မေးလိုက်သည် ဆိုလျှင် . . .

"ချစ်လို့ပါ"၊ "မုန်းလို့ပါ" စသည် ပြန်ပြောသည်ကို လူနာက ကြား လိမ့်မည်။ မည်ကဲ့သို့ ပြန်ပြောကြောင်း လူနာကိုသာ မေးကြည့်ရပါသည်။ မည်သို့မျှမပြောဘဲ အာခံနေလျှင် . . . .

"ဆိုင်ရာက ကန်လိုက်စမ်း" စသည်ဖြင့် အမိန့်ပေးလိုက်လျှင် တစ်ဦးဦးက ခြေထောက်ဖြင့် ကန်ချလိုက်သည်ကို တွေ့ရပြီး ဖွာသူ သည်တို့မှာလဲသွားကြောင်း လူနာကမြင်တွေ့ရပါလိမ့်မည်။ အတွင်းစက် ကုသစဉ်က "မသေစေနဲ့" ဟု အမိန့်ပေးသကဲ့သို့ပင် အပြင်စက်တွင် လည်း သေလောက်သော နှိပ်စက်မှုကို ပြုလျှင် "မသေစေနဲ့" ဟု ပြောရမည်။

ဆရာအား ကြောက်ပြီဖြစ်၍ လုပ်ထားသမျှ ဝေဒနာများကို ပြန်ယူ သွားမည်ဆိုလျှင် သစ္စာရေကို လူနာမှတဆင့် ခံ၍ဆိုစေခြင်း၊ သောက်စေ ခြင်းများ ပြုပြီးမှ ခြေဆင်းယူနိုင်းပြီး ဘုရားကန်တော့၍ ထွက်သွားစေရ မည်၊ သစ္စာဆိုရန် တိုင်ပေးလျှင် မိမိက ရေစင်ခွက်ကို လက်ညှိုးစိုက်၍

ကိုင်ထားပြီး လူနာအား ပြောရမည်မှာ မြင်နေရသော ရွှာသူအောက်လမ်း က ကိုင်မှသာ ကိုင်ရမည်ဖြစ်ကြောင်း သူတို့ဆိုမှ လူနာက ဆိုရမည် ဖြစ်ကြောင်း၊ သူတို့သောက်မှ လူနာသောက်ရမည် ဖြစ်ကြောင်းတို့ကို ကြိုတင် ပြောပြထားရမည်။

သစ္စာရေသောက်ပြီးလျှင် သူနှင့်ဆိုင်သော နံ့ရာဂါဝေဒနာများတို့ အတွင်းစက်ကဲ့သို့ပင် ယူသွားနိုင်လည်း ရပါ၏။ လူနာကို ခြေဆင်းနိုင်းပြီးလျှင် ပယောဂကို အမိန့်ပေးနိုင်းလိုက်ပါက လက်နှင့် သပ်ယူခြင်း၊ ခြေဖျားမှ ဆွဲငင်ယူခြင်း များကို လူနာကိုယ်တိုင် မြင်တွေ့ရသည်။ "စင်ကြယ်ပြီလား" ဟု မေး၍ စင်ကြယ်ပြီဖြစ်ကြောင်း ပြောလျှင် ဘုရားနှင့်အတူ အဘဆရာကြီးများအား ကန်တော့စေပြီးမှ ထွက်သွားခွင့် ပြုရမည်။

အပြင်စက်က သစ္စာရေ သောက်ရာတွင်လည်း အစွဲရှိသလောက် အမြင်ပြပြီးခေါ်၍ သစ္စာရေတိုက်လျှင် လူနာသည် ရေဖန်ခွက် (၆) ခွက်၊ (၇)ခွက်ကို လွယ်ကူစွာ သောက်နိုင်ကြောင်း အံ့ဩဖွယ်ရာ တွေ့ရလိမ့်မည်။ အပြင်စက် ကုသပုံမှာလည်း အတွင်းစက်ကုသပုံနှင့် အတူတူ ဖြစ်သည်။ လူကိုယ်ထဲထိ ပူးဝင်ခြင်းမရှိသောကြောင့် အပြင်ပ ဘေးတွင်ထားပြီးကုသရခြင်း ဖြစ်သည်။

## အပြင်စက်ခေါ်၍ မရလျှင်

လူနာက မြင်ရသော ရွှာသူ၊ အောက်လမ်းသရဲ စသည်တို့ကို ခေါ်သော်လည်း မလာဘဲနေတတ်သည်များကို တွေ့ကြုံရတတ်သည်။

ထိုအခါ အောက်ပါအတိုင်း၊ တစ်ဆင့်ပြီးတစ်ဆင့် အမိန့်ပေး ကြည့်ရမည်။

ဥပမာ. မြင်နေရသော ရွာသူသည် ခေါ်၍မလာဘဲ ရှိရင်းစွဲနေရာတွင်ပင် ရှိနေပါက လူနာနှင့်ဆရာ မည်သူ့ကို ကြည့်နေသည်ကိုမေး၍ ဆရာကို ကြည့်နေပါသည်ဆိုလျှင် "သူ့ထက်ကြီးတဲ့သူကို ပြလိုက်စမ်း"ဟု အမိန့်ပေးလိုက်လျှင် ပထမမြင်နေရသော ရွာသူပျောက်ကွယ်သွား၊ နောက်တစ်ယောက်ဖြစ်သွားသည်ကို တွေ့ရမည်။ ထိုအခါမှ ခေါ်ယူလျှင် လာပါလိမ့်မည်။ မလာဘဲနေလျှင် "သူ့ထက်ကြီးတဲ့သူကို ပြလိုက်ဦး" "အကြီးဆုံးကို ပြလိုက်စမ်း" စသည်ဖြင့် အမိန့်ဆက်ပေးလျှင် နောက်ဆုံးမြင်ရသောသူမှာ မလာဘဲ နေနိုင်တော့မည်မဟုတ်ပေ။ ထိုအခါမျိုးတွင် မလာခဲ့သော် မီးနှင့်ရှို့၍ခေါ်ခြင်း၊ နဂါးနှင့်ပတ်၍ ခေါ်ခြင်းများဖြင့် မနေသာတော့ဘဲ ရောက်လာပါလိမ့်မည်။

အချို့မည်သို့ပင်ပြဒိုင်းသော်လည်း လုံးဝမလာဘဲ နေ,နေသည်ကိုတွေ့ရပါလျှင် (အပြင်စက်လက်လွှတ်)ပင် ဖြစ်ကြောင်း၊ သိရပါမည်။ အပြင်စက်လက်လွှတ် ဖြစ်သော်လည်း၊ မြင်နေရသောသဘောမှာ မည်သူမည်ဝါလုပ်သည်ကို သိစေလို၍သာ ဆိုင်ရာက ပြသခြင်းဖြစ်ပေသည်။ ပြုလုပ်သောသူမှာ နဂိုက လက်လွှတ်လုပ်ခြင်း၊ မဟုတ်ပါ။ ထို့ကြောင့်သာ မြင်နေရခြင်း၊ ဖြစ်ပါ၏။


သို့ရာတွင် ယခုကာသဆဲအခါတွင်မူ ဖမ်းစားနှောင့်ယှက်ထားသော အောက်လမ်းဓါတ်ဆရာသည် တခြားသောဘဝရောက်ရှိသွားသည့်အတွက် ဖြစ်စေ၊ မကောင်းသည့်ပညာများကို ရှေ့လိုက်ပြီ၊ လူကောင်းဘဝသို့

ရောက်နေသည့်အတွက်ဖြစ်စေ၊ သူတို့ကိုယ်တိုင် မလာနိုင်၊ မယူနိုင်သောကြောင့် လက်လွှတ်အဖြစ်သို့ ရောက်သွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြင်နေရသောသူအား ခေါ်၍မရခြင်း၊ နှိပ်စက်၍မရခြင်းဖြစ်ပါ၏။

(တချို့ ခေါ်၍မရသော အမြင်များမှာမူ ကာယကံရှင်နှစ်ဦးနှစ်ဖက် သက်ဆိုင် ပတ်သက်နေသော ဆေးစောင့်ဝါးစောင့်များ၊ အစောင့်များ၊ ပယောဂများသာ ဖြစ်ကြောင်း မှတ်ထားရမည်။ ထို့ကြောင့် ကြည့်လျှင် ဆရာကိုမကြည့်ဘဲ လူနာကိုသာ ကြည့်နေကြောင်း ပြောပါလိမ့်မည်။

## အပြင်စက် လက်လွှတ်ကုသနည်း

ဝင်၍မပူးနိုင်၊ မမြင်နိုင်သော ပယောဂသည် အပြင်စက် လက်လွှတ်ဖြစ်ကြောင်း သိရပြီ။ ယင်းကို ကုသပုံမှာ ပယောဂပြုစားသူနှင့် မဆိုင်တော့ဘဲ ဆရာကိုယ်တိုင်ကသာရှိနေသော ပယောဂစက်များ ရောဂါဝေဒနာများကို အမိန့်အာဏာဖြင့် ပယ်ဖျက်ကုသပေးရခြင်း ဖြစ်ပါ၏။ ထို့ကြောင့် မည်သူအားမျှ သစ္စာဆိုခိုင်းရန် မလိုတော့ဘဲ မိမိကိုယ်တိုင်ကသာ ခံယူခဲ့သော ရွှေရင်ကျော်သစ္စာကို ဆို၍ကုသရပါမည်။ အပင်းများရှိလျှင် အပင်းချဆေး (ဝမ်းသွားဆေးနှင့်အတူ ကွမ်းရွက်တွင် စမရေး၍ တိုက်ချရမည်။) စမရေးပုံမှာ ကွမ်းရွက်၏ အတွင်းကို မိမိ၏ ညာလက်ညှိုးဖြင့် တစ်ဖက်ပါစမပုံ ရေးရမည်။



(အတွင်းမှစ၍ စ-ခ-ဗ-ဝ ကို လက်ယာရစ်ရေးရမည်။)

မှတ်ချက်။ ။ မျက်စဉ်းခပ်ခြင်း၊ အပင်းချဆေးနှင့် တွဲတိုက်ခြင်းနှင့် ဆန်မန်း၊ သဲမန်းတွင် အသုံးပြုနိုင်သည့် စမ ဖြစ်ပါသည်။

စမ်းသပ်စဉ်က တွေ့ရှိထားသော အတိုက်အခိုက်များကို အစီကမှ စ၍ ကုသပြီးလျှင် မည်သည့် အတိုက်အခိုက်များ ရှိသေးသည်ကို ထပ်၍ စမ်းသပ်ပြီး ရှိနေသေးပါက မိမိကသာ သစ္စာဆို၍ ကုသ ပေးရသည် ဖြစ်ပါသည်။ ကုသမှုများ အားလုံးပြီးလျှင် အပင်းချပြီးပါက တစ်ရက်နှစ်ရက်ခန့်ခြားပြီး စက်ဖြတ်ရပါမည်။ ပယောဂ စက်ကြွင်း စက်ကျန်များကို စင်ကြယ်အောင်ဖြတ်ပြီးမှ ကုသမှု ပြီးဆုံးပေတော့သည်။

ပညာသည် စက်ကုထုံးများမှာ လှည့်စားမှုများပြားခြင်း၊ စမ်းသပ်ခြင်း၊ နက်နဲခြင်းရှိသောကြောင့် ကျမ်းတစ်စောင်အဖြစ်နှင့် သီးခြား ရေးသား ပြုစုရမည်ဖြစ်၍ ချန်လှပ်ထားခဲ့ပါသည်။

ပယောဂ ကုသကာစ ပုဂ္ဂိုလ်များအနေနှင့် အထက်ပါအတွင်းစက် အပြင်စက်၊ လက်လွှတ် ကုထုံးကုနည်းများကို အသေးစိတ် သဘော ပေါက်နားလည်ပြီဆိုလျှင် ပယောဂကုအရေး၌ မည်မျှပင် အစွဲ ကြမ်းကြမ်း၊ အစွဲကြီးကြီး လွယ်ကူစွာ ကင်းစင်ပြတ်သားအောင် ကုသ နိုင်ပါလိမ့်မည်။ ဤကုထုံးကုနည်းများတွင် အကျုံးဝင်သော ပြဿနာ အရှုပ်အထွေးများ ပါဝင်နေသည်ကို တွေ့ရလျှင် မိမိစမ်းသပ်မှု၊ ကုသမှု များကို ပြန်လည်၍ ခေါင်းအေးအေးထားပြီး စစ်ဆေးကြည့်ပါ။ လိုကွက်၊ ဟာကွက်များ ရှိ/မရှိ စစ်ဆေးပါလျှင် အဖြေမှန်ပေါ်၍ လုပ်ရပ်မှန်ကို တိတိကျကျတွေ့ရပါလိမ့်မည်။

**သတိပြုရန်အချက်**

အတွင်းစက်စစ်စစ် ဟုတ်/မဟုတ်၊ အပြင်စက်၌ ပါဝင်သော အချက်အလက်များအားလုံး ယင်းတို့မှ လွဲလျှင် ပညာသည် စက်ကွဲ့သို့ တစ်နည်းမဟုတ် တစ်နည်း အကျုံးဝင်နေကြောင်း သတိပြု ဆင်ခြင် ကြည့်ရမည်။

ပညာသည် စက်ကုသပုံကို မိမိ၏ ဥပဇ္ဈာယ်ဆရာက သဘော တရားနှင့်တကွ လက်တွေ့ပြသပါမှ သဘောပေါက်နားလည်နိုင်ပါ မည်။ ထို့ကြောင့် မိမိ၏ ဥပဇ္ဈာယ်ဆရာနှင့် မပြတ်တွေ့ဆုံနေလျှင် အခက်အခဲအားလုံးကို လွယ်ကူစွာ ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ပညာ သည် ကုထုံးများမှာ သဘောပေါက်၍ မသိလျှင် ခက်ခဲကျယ်ဝန်း သလောက် သဘောပေါက်လာသောအခါ အလွန်လွယ်ကူစွာဖြင့် ကုသနိုင်ပါလိမ့်မည်။

# စက်ဖြတ်ခြင်း

စက်ဖြတ်ခြင်းသည် ရှေ့ရှင်ကျော်ပညာတွင် နှစ်မျိုးရှိပေသည်။ ပထမစက်ဖြတ်ရခြင်းမှာ ပယောဂကုသရန်သွားစဉ် စက်ဖြတ်ရခြင်းနှင့် ဒုတိယမှာ လူနာအား ကုသပြီးစီးသွားသောအခါ စက်ဖြတ်ခြင်းတို့ ဖြစ်လေသည်။

ပယောဂကုသရန် သွားသောအခါ ဦးစွာ ရပ်ရွာသို့ဝင်စဉ် ပယောဂစက်များအား ညာလက်ညိုးဖြင့် ဖြတ်ချလိုက်သဖြင့် ယင်းစက်များသည် လူနာနေထိုင်ရာခြံဝသို့ ရောက်သွားလိမ့်မည်။ ခြံဝသို့ ဝင်စဉ် ထပ်၍ ဖြတ်လိုက်ပါက အိမ်ဝသို့ ပယောဂစက်များ ရောက်သွားလိမ့်မည်။ အိမ်သို့ ဝင်သွားစဉ် ထပ်၍ ဖြတ်ချလိုက်သောအခါ လူနာရှိရာတွင် တစ်လုံးတစ်စည်းတည်းသွား၍ စုနေပေတော့သည်။

ဤသို့ပြုရခြင်းမှာ ပယောဂအတတ်ဖြင့် ပြုစားထားသောအခါ စက်များသည် ကြောဝဠာအတွင်း၌ ပျံ့လွှင့်နေတတ်သောကြောင့် ဖြစ်၏။ လူနာ၌ရှိသော ပယောဂစက်များမှာ ဤကဲ့သို့ သဘာဝ အလျောက် ပျံ့လွင့်လိုက်၊ တွယ်ကပ်လိုက်ဖြစ်တတ်သဖြင့် ဤသို့ အဆင့်ဆင့် စက်ဖြတ်လိုက်သောအခါ လူနာထံသို့ပင် တစ်စုတစ်စည်းတည်း ပြန်လည် ရောက်ရှိသွားလေသည်။ ထိုအခါတွင် ပယောဂ စမ်းသပ်ရာ၌လည်း ထိထိမိမိရှိ၏။ ကုသသောအခါ၌လည်း စက်အားများ ကောင်းသဖြင့် ပယောဂ ပီပီသသ ကုသပြနိုင်ပါသည်။

ဤသို့ အဆင့်ဆင့် စက်မဖြတ်သဖြင့် ကြောဝဠာအတွင်းရှိ စက်များ ပျံ့လွင့်နေခဲ့သော် လူနာကို ပယောဂ စမ်းသပ်ရာ၌ ဖြစ်စေ၊ ပယောဂအင်အားလျော့နည်းသဖြင့် စမ်းသပ်မိခြင်း၊ ကုလျှင်

သမားဂုဏ် မြောက်သင့်သလောက် မမြောက်ခြင်းများ ဖြစ်ရလေသည်။

မှတ်ချက်။ ။စက်များမဖြတ်ဘဲသွား၍ ကုသသည် ဖြစ်စေ မိမိထံ လာ
ရောက် ကုသသည်ဖြစ်စေ၊ "စကြဝဠာအတွင်း ပျံ့လွင့်နေတဲ့
———နေ့သားရဲ့ စက်တွေရောက်" ဟု အမိန့်ပေးခြင်းဖြင့်
ပြန်လည်ရောက်ရှိ စုရုံးကြောင်းရေ့တွင် ဖော်ပြပြီးဖြစ်ပါ၏။
ဤနေရာတွင် ပယောဂစက်များ၏သဘောကို ပေါ်လွင်ရန်
ရှင်းလင်းပြခြင်းမျှသာ ဖြစ်ပါသည်။

ဒုတိယ စက်ဖြတ်ခြင်းမှကား ပယောဂလူနာအား အစွဲအားလုံးကို ကုသပြီးသွားသောအခါ (၃၂)ကောဋ္ဌာသ ခန္ဓာကိုယ်တွင်း၌ ကြွင်းကျန်နေသော ပယောဂစက်များအား ကုန်စင်အောင် ဖြတ်စဲခြင်း ဖြစ်လေသည်။

ထိုသို့ စက်ဖြတ်သောအခါ ဦးစွာ လူနာ၏ခန္ဓာကိုယ်တွင်းမှ ပယောဂစက်များသည် နေအိမ်သို့ ပျံ့လွင့်ထွက်၍ တွယ်ကပ်မည်။ နေအိမ်ကို ဆန်မန်းဖြင့် ဖတ်ကြဲ၍ စက်ထပ်ဖြတ်သောအခါ စကြဝဠာအတွင်းသို့ ပျံ့လွင့်ထွက်သွားရပေသတည်း။

ထို့ကြောင့် ပယောဂကုသတိုင်း လူနာကိုစက်ဖြတ်ခြင်း။ နေအိမ်ကို စက်ဖြတ်ခြင်း။ မြေကိုစက်ဖြတ်ခြင်းပြုရမည် ဖြစ်ပါသည်။

ကုသပြီး ကိုယ်လုံကိုယ်ခံ ဆေးထိုးဆေးပေါက် ပြုလုပ်ပေးခြင်းမရှိသော လူနာများ ပြန်လည်၍ ပယောဂဖြစ်ခြင်းမှာလည်း အိမ်နှင့် မြေကို စက်မဖြတ်မိသောကြောင့် ဖြစ်တတ်လေသည်။

အချို့က အိမ်တိုက်မြေတိုက်မရှိသူဖြစ်၍ အိမ်နှင့် ခြံမြေတို့ကို ဆန်မန်း၊ သဲမန်းဖြင့် စက်မဖြတ်လျှင်လည်း ရသည်ဟု ထင်တတ်ကြသည်။ ပယောဂကို အစင်အကြွယ်ကုသလျှင် အထက်ပါ အဆင့်ဆင့် စက်ဖြတ်ရမည်သာဖြစ်ကြောင်း မမေ့ပါနှင့်။

✧✧✧✧✧

## စက်ဖြတ်နည်း

လူနာသည် အပင်းများရှိပါက စင်ကြယ်အောင်ချပေးပြီးလျှင် တစ်ရက် နှစ်ရက်ခြား၍ စက်ဖြတ်ရမည်။ စက်မဖြတ်မီ လူနာကို ပယောဂများ အတိုက်အခိုက်များ ရှိ မရှိ ပြန်လည်စမ်းသပ်ကြည့်ရမည် (ဤသို့စမ်းသပ်ရာတွင် စကြဝဠာတွင်ပျံ့လွင့်နေသော စက်များကို ပြန်လည်၍ မသိမ်းတော့ပါ။) စက်ထောက်၍ စမ်းသပ်ခြင်းလည်း မပြုတော့ပါ။ စက်မဖြတ်ရသေးသဖြင့် စက်ရှိသောနေရာတွင် ကပ်နေမည် ဖြစ်ပါ၏။

မည်သည့် အတိုက်အခိုက်များမှ မရှိတော့ပြီ ဆိုလျှင် အောက်ပါ စက်ဖြတ် ဂါထာကို (၃)ခေါက်ရွတ်၍ ရေကို လက်နှင့် နှာနှာမွှေပြီး လူနာကို ဦးစွာတိုက်ရသည်။

(ဥုံဗုဒ္ဓစက်္ကုံ မန္တစက်္ကုံ သံဃစက်္ကုံ သရာသရေ လောပ်၊ သုည်၊ သဏ္ဍရ ဿွားဟ)

စက်ဖြတ် ရေမန်းတိုက်ပြီးလျှင် လူနာကို ခြေဆင်း အနေအထားဖြင့် ပေါင်ပေါ်တွင် လက် (၂)ဖက် တင်ထားစေပြီးမှ------

"ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော ကောဏ္ဍညသ်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ ဘုရားငါးဆူအမိန့်၊ အထက်ဆရာကြီးများအားထား၊ ဆရာကြီး ဦး---------အမိန့် --------နေ့သား၊ မောင်---------၏ ၃၁ ကောဋ္ဌာသ ခန္ဓာကိုယ်အစု အဝေးမှာ ပုန်းအောင်းခိုကပ်ကြွင်းကျန်နေတဲ့ ပယောဂစက် အားလုံး၊ အတိုက်အခိုက်အားလုံး ဦးခေါင်းဆံဖျားမှ ခြေဖျားအထိ တုန်ခါ ကျုံးကုတ်ပြီး ထွက်သွား" ဟု အမိန့်ပေးရမည်။ အမိန့်ပေးပြီးသည်နှင့် စက်ကြွင်းစက်ကျန်များသည် ခြေဖျားမှ တုန်ခါ၍ သော်လည်းကောင်း၊ ချုံးကုတ်၍သော်လည်းကောင်း၊ ပူ၍သော်လည်းကောင်း၊ ကျင်၍သော် လည်းကောင်း ထွက်သွားပါလိမ့်မည်။

အချို့စက်များမှာ နှေးကွေးစွာ ထွက်၏။ ထို့ကြောင့် လူနာ၏ကိုယ် ထဲမှာ မည်ကဲ့သို့ ဖြစ်လာသည်ကို မေးကြည့်ပြီး ငေါက်ငန်း အမိန့် ပေးခြင်း လက်ဝဲလက်ဖြင့် ဦးခေါင်းမှ ခြေဖျားသို့ ရှယ်မိုးသပ်ချခြင်း များကို ပြုပေးရပေမည်။ အချို့စက်များ ကုန်စင်နေပြီဖြစ်၍ လုံးဝထူးခြား မှုမရှိတော့ပါ။ အချို့မှာ ကြမ်းတမ်းစွာပင် တုန်ခါ၍ ထွက်လာတတ်၏။ ချုံးကုတ်၍ ထွက်သော စက်မှာ ပြင်းထန်လျှင် လူကိုပါဆွဲသွားနိုင်၏။

မိမိက အခွဲနိုင်လျှင် ရွှတ်တိုက်၊ ခွဲသွားတတ်ပါသည်။ ဟုတ်မဟုတ် လက်တွေ့ စမ်းကြည့်နိုင်ပါသည်။

လက်လွတ်စက်များကို ကုသရာတွင် စက်အား ကောင်းပါက ဤစက်ဖြတ်သည့်အချိန်၌သာ ပယောဂအဖြစ် သမားဂုဏ်ပြနိုင်ပေတော့မည်။

အချို့သော ဝေဒနာများမှာ ခံစားရသည်မှာ ကြာမြင့်လှပြီ ဖြစ်သောကြောင့် စက်ဖြတ်ရာတွင် အကြိမ်ကြိမ် ဖြတ်ယူရတတ်ပါသည်။ အလွန်နှေးကွေးစွာ ထွက်သဖြင့် တစ်ကြိမ်တည်းနှင့် မပြီးပြတ်တတ်ခြင်း ဖြစ်ပါသည်။ ဤကဲ့သို့သော ခက်ခဲစွာ တွယ်ကပ်နေသည့် စက်များရှိနေရာကို ဖြတ်ရာတွင် ခြေထောက်ကို မ၍ စမ်းသပ်ရာ၌ စက်များရှိနေရာသို့ လက်ဝါးစောင်းများဖြင့် ခုတ်ထစ်ချခြင်း၊ အမျိုးသမီးများဖြစ်ပါက အခြားတစ်ဦးဦးအား လက်ဝါးရိုက် ပညာပေးပြီး ခုတ်ထစ်ချနိုင်ခြင်းများကို ပြုလုပ်ရပါသည်။

ကွမ်းရွက်တွင် စမရိုက်၍ မျက်စဉ်းခတ်ခြင်း ရောကန်၊ ရေအိုင်များ၌ ရေကို လက်နှင့်မွှေ၍ အမိန့်ပြန်ပြီး ရေစိမ်နိုင်ခြင်းများကိုပါ ပြုပေးသင့်က ပြုပေးရပါသည်။

ပြန်လည်စက်ထောက်စမ်းကြည့်၍ လူနာတွင် စက်များ ကြွင်းကျန်နေခြင်း မရှိတော့ပါက မျက်စိကို ရေစိမ်စေရမည်။ ဝလုံသန့်သန့်တွင် အမှိုက်သရိုက်ကင်းသော ရေသန့်သန့်ထည့်၍ ညာလက်ညှိုးနှင့် ဦးစွာမွှေပြီးလျှင် ဘယ်လက်ညှိုးနှင့် မွှေပြီး တနင်းလာသား မောင်ကျော်မှာ ပုန်းအောင်းခိုကပ်နေသော ပယောဂစက် အားလုံး အပင်း အနာအဆာ

အားလုံး၊ အပိုင်းပိုင်း အတစ်တစ် ဖြတ်၍ ကျစေပြ အမိန့်ပြန်ရမည်။ ပြီးလျှင် လူနာကို ရေဇလုံတွင်း၌ မျက်စိစိမ်၍ ဖွင့်ချည် ပိတ်ချည် ပြုစေရမည်။

ထိုအခါ အချို့သော လူနာများသည် မျက်စိထဲမှ ဆံပင်ပြတ်များ ကျလာခြင်း၊ သဲများကျလာခြင်း၊ ငါးရိုးများ အကြေးခွံများ ကျလာခြင်းစသည် မကောင်းသော အပင်းအဆောများကို တွေ့ရတတ်ပါ၏။ လူနာ၏ မျက်စိလည်း ကြည်လင်လာပါလိမ့်မည်။


မျက်စိရေစိမ်ပြီးလျှင် ခြေထောက် အောက်ပိုင်း ဒူးဆစ်မှစ၍ မွှေထားသော ရေဖြင့် လောင်းချခြင်း ပြုရမည်။ ကြီးမားကြမ်းတမ်းသော ပညာသည်စက်များ၊ အစွဲများကို ကုသပြီးလျှင် ခေါင်းလျှော်ရေကို မွှေပြီး ခေါင်းလျှော်ခိုင်းခြင်း၊ ချိုးရေကို မွှေပြီး ရေချိုးခိုင်းခြင်းများ ပြုပေးရပါမည်။

ဤသို့ လူနာ၏ခန္ဓာကိုယ် ၃၂-ကောဋ္ဌာသတွင် ပယောဂစက်များ အငွေ့အသက်မျှပင် မရှိတော့အောင် ပြုပြီးသောအခါ နေအိမ်သို့ ဦးစွာ ဆန်မန်းဖြင့် ဓာတ်ဖြတ်ရပါမည်။ ခြံမြေကို သဲမန်းဖြင့် ဓာတ်ဖြတ်ရပါမည်။ ဤသို့ တစ်ဆင့်စီပယောဂစက်များကို ဖြတ်လိုက်လျှင် မိမိကုထားသော လူနာကို တိုက်ခိုက်ထားသော ပယောဂစက်များမှာ ကြေ၀ဋ္ဌာ အပြင်ဘက်သို့ ပျံလွင့်ထွက်သွားပြီး ဖြစ်ပေလိမ့်မည်။

✧✧✧✧✧

## ဆန်မန်း သဲမန်း ပြုလုပ်ခြင်း

ပန်းကန်ပြား သန့်သန့်တွင် ဆန်ကို အသင့်အတင့်ထည့်၍ ဖြစ်စေ၊ သတင်းစာစက္ကူပေါ်တွင် ဆန်ကို ဖြန့်ခင်း၍ဖြစ်စေ၊ အောက်ပါမပုံစံကို လက်ညှိုးနှင့် ရေးရမည်။



ဆန်နှင့်သဲပေါ်တွင် ရေးရမည့် မ ပုံတော်

အထက်ပါ မပုံတော်ကို ရေးပြီးလျှင် (၂၄)မှစ၍ (၄၅) (၆၇) (၁၃) ဂဏန်းများကို အစီအစဉ်အတိုင်း ရေးသွင်းရမည်။

နောက်ဆုံးဖြစ်သော (၁၃)ကို ရေး၍ (၃)ဂဏန်းကို ရေးပြီးလျှင် လက်ညှိုးကို မကြွတ်ဘဲ ထောက်ထားပြီး အောက်ပါဂါထာကို ရွတ်ရမည်။

ဦး ဘုရားဟူကား မောဂ္ဂလ္လာ နှစ်ဆယ့်လေး။
တရား ဟူကား ဗာလီကြွေး လေးဆယ့်ငါး။
သံဃာဟူကား သုံးချပ်ဝတ် ခြောက်ဆယ့်နှစ်၊
မှတ်တင်တော်ရသော တစ်ဆယ့်သုံးကို ကျင့်သုံးဆောက်
တည်တော်မူသော ရှင်မဟာကဿပ ကျိန်းစက်တော်
မူသောအခါ ဦး ဂျွာ အမှုမိ ပြကာသေတိဗ္ဗာဟိ
ဝေမေတ် တာရယာမိ သော ဥတ္တိ၊ ဦး အရှေ့ကား ဘုရား။
အနောက်ကား တရား။ တောင်ကား ပစ္စေကဗုဒ္ဓါ။
မြောက်ကား ရဟန္တာ၊ ကာဆရာကာ ကွယ်ဆရာကွယ်"

ဤဂါထာပြီးလျှင် တနင်္လာသား မောင်ကျော်၏ နေအိမ်ခြံမြေအတွင်း၌ ရှိသော အတိုက်အခိုက်မှန်သမျှ ၊မကောင်းမိစ္ဆာမှန်သမျှကို ဤဆန် တစ်စေ့လျှင် (ဤသဲတစ်ပွင့်လျှင်) အစောင့်တစ်ဦးကျအဖြစ် တိုက်ခိုက် နှစ်ထုတ်ကြရမည်။ ဘုရားငါးဆူအမိန့်၊ အထက်ဆရာကြီးများအာဏာ ဟု အမိန့်ပေးပြီး အိမ်တံခါးပေါက်များ ဖွင့်ထားစေ၍ ဆန်ကုန် ယာလက်ဖြင့် လက်ပြန်ရစ်လှည့်၍ ပက်ရမည်။

စ၍ ပက်ရမည့်နေရာ အိမ်တံခါးပေါက်ယာဘက်မှစ၍ ပက်ပြီး တစ်ပတ် ပက်မိသောအခါ ထွက်ပေါက်ကို ချန်လှပ်၍ ခေတ္တနားထား ရမည်။ ဖနောင့်ဖြင့်ပေါက်၍ အတိုက်အခိုက်များ ထွက်နိုင်းရမည်။ ပြီးလျှင် ဝိတ်မိအောင် ဆက်ပက်ရ၏။

သဲမန်းလည်း ထိုနည်းအတိုင်း ပြုလုပ်ရန် ဖြစ်၏။ ဆန်မန်း ပက်ပြီးမှသာ သဲမန်းပက်ရမည်ကို မမေ့ပါနှင့်၊ အိမ်နှစ်ထပ်ရှိလျှင် အပေါ်ဆုံးထပ်မှစ၍ ပက်ရမည်။ ပြီးမှ အောက်ထပ်ကို ပက်ရမည်။

အိမ်တိုက်၊ မြေတိုက်၊ အင်းမြှုပ်ခြင်းနှင့် မကောင်းမိစ္ဆာများ နေဝင့်ယှက်သည့်အိမ်များ၊ တိုက်များကို ဤဆေးမင်၊ သဲမန်းဖြင့် နှင်ထုတ်ရမည်။ ဤကဲ့သို့ သဲမန်း၊ ဆေးမန်းပက်၍ နှင်ထုတ်သော်လည်း မထွက်သည့်မိစ္ဆာ၊ သရဲ၊ ပြိတ္တာများကို ခံတွေ့ရပါက အိမ်တွင်နေသော တစ်ဦးဦး၏ကိုယ်တွင်း၌ စွဲကပ်လျက်ရှိသော အဆောင်၊ သုံ့ယောင် စသည်တို့သာ ဖြစ်ကြောင်း တထစ်ချ ဆုံးဖြတ်နိုင်သည်။ လူကို မကာသ သဖြင့် လူ၏ခန္ဓာကိုယ်တွင်း၌ ရှိနေခြင်းမျှသာ ဖြစ်တော့သည်။

အိမ်ကို ခဲဖြင့်ပေါက်သော သရဲ၊ အိမ်ထဲ၌ သွားလာနေသောသရဲ စသည်တို့မှာ အိမ်ထဲ၌နေသော လူတစ်ဦးဦးနှင့် တိုက်ရိုက် သက်ဆိုင် နေတတ်သဖြင့် အိမ်နေသူ အားလုံးကို စမ်းသပ် စစ်ဆေးကြည့်လျှင် အဖြစ်မှန်ကို သိရပေလိမ့်မည်။ ထိုသူသည် အိမ်၌ မနေထိုင်ဘဲ တခြား အိမ်တစ်အိမ် သွားနေလျှင် ထိုသူသွားနေသော အိမ်တွင် လိုက်၍ ဖြစ်လိမ့်မည်။ ထို့ကြောင့် ခွဲခြားကာသပစ်ရပါလိမ့်မည်။

✧ ✧ ✧ ✧ ✧

## လိပ်ပြာချုပ်ကြိုး ပြုလုပ်နည်း

အပ ပယောဂများနှင့် နီးကပ်ခြင်း၊ မကြာခဏ လန့်ဖျပ်ငိုယိုခြင်း စသည့် အသက်အရွယ်ငယ်သော ကလေးများအတွက် ဖြစ်စေ၊ သဘာဝ သွေးသားဖောက်ပြန်မှုကြောင့် ထိတ်လန့်ကြောက်ရွံ့မှုကြီးများ အတွက်ဖြစ်စေ လိပ်ပြာချုပ်ကြိုးကို ပြုလုပ်၍ လည်ပင်း၌ ဆွဲထား နိုင်သည်။

လိပ်ပြာချုပ်ကြိုး ပြုလုပ်ရန် ဝိုးကြိုး ချည်ကြိုး စသည့်အရွယ်အစား မကြီး မသေး အထုံးငါးထုံး ဖြစ်စေ၊ သုံးထုံးဖြစ်စေ ထုံး၍ ပြုလုပ်ရမည်။ ကြိုးထုံးပုံ ထုံးနည်း ပုံစုမှာ စာဖြင့် ရှင်းပြခြင်းထက် လက်တွေ့တွင် လွယ်ကူစွာ တတ်သိနိုင်သဖြင့် တတ်ကျွမ်းပြီး မိမိ ဥပဇ္ဈာယ်ဆရာထံတွင် လက်ထပ်သင်ကြားနိုင်ပါ၏။

ကြိုးထုံးကို ထုံးပြီးသား လိပ်ပြာချုပ်ကြိုးကို လက်နှစ်ဖက်ဖြင့် ကိုင်၍ ဘုရားနှင့် အတူ အဘဆရာကြီးများကို ကန်တော့ပြီး "တနင်္ဂနွေ သား မောင်အေးအား နှောင့်ယှက် ဖမ်းစားချောက်လှန့်ခြင်း မပြုနိုင်တဲ့ လိပ်ပြာချုပ်ကို ပေးသနားတော်မူပါ အဘဆရာကြီးများ ခင်ဗျား" ဟု တောင်းပန်၍ အောက်ပါဂါထာကို ရွတ်ရမည်။

ဥုံ..... ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
ဥုံ..... ဓမ္မံသရဏံ ဂစ္ဆာမိ
ဥုံ..... သံဃံသရဏံ ဂစ္ဆာမိ
ဥုံ..... ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
ဥုံ..... ဒုတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ
ဥုံ..... ဒုတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ
ဥုံ..... တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
ဥုံ..... တတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ
ဥုံ..... တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ

အထက်ပါအတိုင်း ရွတ်ပြီးလျှင် ပြုလုပ်ပေးမည့် ကလေးအား အနှောင့်အယှက်များ ကင်းစင်စေရန် ဦးခေါင်းကို အသာပုတ်၍ ရေစင်

ဖြင့် ဦးခေါင်းကို ထောက်ခြင်း၊ ရေဝင်အနည်းငယ်ကိုတိုက်၍ မတောင်း ဆိုးဝါးများကို နှင်ခြင်းများ ပြုလုပ်ပြီးမှ လည်ပင်းတွင် ချည်ထား ပေးရမည်။

ကလေးငယ်များတွင် ပယောဂအနှောင့်အယှက် ကြောက်ရွံလန့်၍ ငိုခြင်း၊ တက်ခြင်း၊ မကြာခဏ ဖျားနာခြင်းများ ဖြစ်လျှင် များသော အားဖြင့် မိခင်တွင် ပယောဂရှိသောကြောင့် ဖြစ်တတ်လေသည်။ မိခင်၌ အစွဲရှိသဖြင့် ကလေးငယ်တွင် စက်များ ကူးယုက်ခြင်း၊ ထိတ်လန့်ခြင်း များကို ဖြစ်စေနိုင်သည်။

ထို့ကြောင့် လူကြီးမိခင်ကိုသာ စစ်ဆေးကြည့်ရပါမည်။ မိခင်၏ ပယောဂကို ကုသလိုက်လျှင် ကလေးသည် အလိုလိုကောင်းသွားမည် ဖြစ်ပါမည်။

✧ ✧ ✧ ✧ ✧

## လှူပူးအကြောင်း

ပယောဂကုသရေးတွင် လူပူးကိစ္စသည် မကြာခဏ ပေါ်ပေါက် တတ်သော အကြောင်းအချက်တစ်ခု ဖြစ်ပါသည်။ လူပူးဆိုသည်မှာ စုန်းပယောဂ၊ နတ်ပယောဂမဟုတ်ဘဲ လိမ်လည်လှည့်ဖြား၍ ပယောဂ ဝင်ပူးဟန်ဆောင်ခြင်းပင် ဖြစ်စေသည်။

လူပူးမှာ (၂)မျိုး (၂)စား ရှိတတ်ပါသည်။ တစ်မျိုးမှာ မိမိအိမ်တွင်း ကိစ္စ အရှုပ်အထွေးများ၊ မိမိအလိုဆန္ဒများ ပြည့်စုံစေရန်အတွက် ဆရာထံတွင် ပယောဂဟန်ဆောင်၍ လူပူးပူးခြင်းပင် ဖြစ်လေသည်။

များသောအားဖြင့် အသိဉာဏ်နည်းပါးသော စိတ်ဓာတ် မခိုင်မာသော မိန်းမများသာ ပြုမူတတ်ပါ၏။

ကျန်တစ်မျိုးမှာ ဆရာအား အရက်တကွဲ အကျိုးနည်းဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ပယောဂ ဟန်ဆောင်၍ ပူးခြင်းဖြစ်လေသည်။ ထိုအမျိုးအစား၌ ယောကျ်ားရော မိန်းမပါ တွေ့ရတတ်လေသည်။

ပထမအမျိုးအစားကို ကြည့်လျှင် လင်ယောကျ်ားနှင့် အဆင်မပြေသော ကိစ္စများကို လှည့်စားသောနည်းဖြင့် ဖြေရှင်းရန် လူပူးမှု၍ အလိုရှိရာကို လျှောက်ပြောတတ်လေသည်။ ယင်းတို့၏စကားထဲ၌ ပယောဂဝေဒနာနှင့် ဆိုင်သော အကြောင်းအရာများ မပါဝင်ဘဲ ဝင်ပူးနေသူနှင့်ဆိုင်သောကိစ္စများကိုသာ တွင်တွင်ကြီး ပြောတတ်လေသည်။

ရိုးရာနတ်ဝင်သကဲ့သို့ ဝင်ပူးပြီးပူးနေသူက အလိုဆန္ဒရှိရာများကို အဓိကထား၍ ပြောခြင်း၊ အိမ်ထောင်ရေး၊ အိမ်တွင်းရေးများသာလျှင် အဓိကဖြစ်ခြင်းများကို တွေ့ရသည်။

ဝင်ပူးပြသောသူတွင် အပြစ်တစ်စုံတစ်ရာမရှိကြောင်း ကံနိမ့်၍သာ ခံရကြောင်း၊ မည်သူမည်ဝါသည် သူ့အား နှိပ်စက်ကလူပြုကြောင်း၊ မည်ကဲ့သို့ မကြိုက်တာတွေကို ပြုကြောင်းများသာ ပြောနေလိမ့်မည်။

ဆရာက ပယောဂနှင့် မဆိုင်သောစကားများ လက်မခံ၍ တားမြစ်လျှင်လည်း မရတတ်ချေ။ ယင်းတို့ကို နှိပ်စက်၍လည်း မထွက်ခြား။ ထွက်နိုင်း၍လည်းမရ ဖြစ်တတ်ပါသည်။ ဤကိစ္စရပ်မျိုးတွင် ဆရာလုပ်သူသည် ပရိယာယ်သုံး၍ ထုတ်နိုင်းရပါမည်။ တစ်ခါတစ်ရံ လူပူးနှင့်ရော၍

သံယောင်လိုက်ပြီး ကုရပါသည်။ မိမိ၏ ဂုဏ်သိက္ခာ ဝိုဏ်းတော် ဂုဏ်သိက္ခာတို့ကို ထိခိုက်လာနိုင်စရာများပါဝင်လာလျှင်မူကား မထွက်လျှင် ရေတ်သီးထောင်း၍ မျက်စဉ်းခပ်မည်ဖြစ်ကြောင်း ပြော လိုက်ရုံမျှဖြင့် ထွက်သွားပါလိမ့်မည်။ ဤလူမှုပြဿနာမျိုးကို ဖြေရှင်း ရာတွင် လူမှုရေးကိစ္စများပါ ထိခိုက်စေနိုင်သည်ဖြင့်အခြေအနေ အရပ်ရပ်တို့ကို သုံးသပ်ပြီး အဆင်ပြေသလို ဆောင်ရွက်ရပါသည်။ တစ်ခါတစ်ရံ လူပူးအဖြစ်နှင့် အတိအကျ ထုတ်ဖော်ပြောလိုက်ပါက ထိခိုက်နစ်နာမှုများ ဖြစ်ပေလိမ့်မည်။ ဤသို့ပြုမူရမည့် အခြေအနေမျိုး ဖြစ်လျှင်လည်း လူပူးအဖြစ် ဖွင့်ပြောရမည်သာ ဖြစ်ပါသည်။

ကျန်တစ်မျိုးသော လူပူးမှာမူ ဆရာက ပယောဂကို ကုသခြင်းဖြင့် နာမည်ကြီးလာခြင်းကို မနာလိုမရှုစိမ့်သောသူများက လူနာဟန်ဆောင်၍ လာအစမ်းခံခြင်း။ ပယောဂရှိသည်ဟု ခြေထောက်ကို ကပ်ပြခြင်း ကုသသည့်အခါတွင် ပယောဂကြမ်းကြည့်အနေဖြင့် ဆရာကို စော်ကား ခြင်း။ ဆရာမနိုင်အောင်လုပ်ထားခြင်း ပြုတတ်ပေသည်။

ထိုအမျိုးအစားကား ပေါ့ပေါ့ဆဆစမ်းသပ်ခြင်း။ ကုသခြင်းပြုလျှင် ကြုံတွေ့ရနိုင်ပေသည်။ ပယောဂ ဆိုသည်မှာ အဖက်ဖက်မှာ စေ့စပ် သေချာမှုများရှိရပေမည်။ ဈေးရင်ကျော်ပညာအနေဖြင့် ပညာစွမ်း ကြီးမား လွန်း၍ ဆရာများသည် ခပ်ပေါ့ပေါ့ ပယောဂ စမ်းသပ်ကုသ တတ်ကြ သည်။ စေ့စပ်သေချာစွာ စမ်းသပ်မှု၊ အကဲခတ်မှုများပြုလျှင် လိမ်၍ ပူးမည့် လူပူးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ပါလိမ့်မည်။

ဒုတိယလူ့ပူးမျိုးသည် ဆရာ့အား ရပ်ရွာက အထူးယုံကြည်ကိုးစား လာပြီးမှ နာမသတင်းကြီးမှသာ ပေါ်ပေါက်တတ်သည်က များ၏။ သို့မဟုတ်ကလည်း ပယောဂ မကုခင်ကပင် အပြောအဆို အပြင်း အခုန်များကြောင့် ပညာစမ်းသည့်အနေဖြင့် ပေါ်ပေါက်လာတတ်၏။

ပယောဂကုသမှုကြောင့် နာမည်သတင်းကြီးခြင်း၊ ရပ်ရွာက အထူးကြည်ညိုလာခြင်းတို့ကို မခံနိုင်သောကြောင့် အနှောင့်အယှက် ပြုလို၍ ပူးသောလူ့ပူးမှာ ပရိသတ်၏ အရှိန်အဝါကို ရှုံ၍ နေပါလိမ့် မည်။ ဟန်ဆောင်လှည့်စား၍ လုပ်ရမည့်အလုပ်မှာ အမှားအယွင်း အထစ်အငေါ့များ ပါစမြဲဖြစ်လေသည်။ ထို့ကြောင့် စမ်းသပ်စဉ် ကတည်းက စေ့စပ်သေချာမှုရလျှင် လူ့ပူးခြင်း အန္တရာယ်ကို ကြိုတင် ကာကွယ်နိုင်ပါလိမ့်မည်။

တကယ့်ပယောဂဝေဒနာနှင့် လူ့ပူးတို့သည် ရှေ့ရှင်ကျော်ပညာ ဖြင့် စမ်းသပ်သောအခါ အောက်ပါအချက်များ ကွဲပြားခြားနားကြောင်း ဂရုပြုအကဲခတ်လျှင် သိသာနိုင်ပါသည်။

**တကယ့်ပယောဂ** - အနံ့မေးစမ်းစဉ် အနံ့ရပါက စူးစမ်းသော အမူအရာ၊ ထူးခြားအမူအရာ ပေါ်ပေါက်ပြီးမှသာ မည့်သည့်အနံ့ဖြစ်ကြောင်း ပြောသည်။

**လူ့ပူးပယောဂ** - ဟန်ဆောင်အမူအရာလွန်ကဲခြင်း၊ အနံ့ကို ချက်ချင်း ပြန်ပြောခြင်း။

တကယ့်ပယောဂ - ခြေဆင်းစမ်းသပ်စဉ် မ၍ မရတော့သော အခါ မျက်နှာပျက်သွားခြင်း၊ မျက်နှာသေ သွားခြင်း၊ အံ့ဩထိတ်လန့်ခြင်း ကို စတင် တွေ့မြင်ရမည်။
(ဆရာက မေးမှ ပြောမည်)

လုပ်ပုံးပယောဂ - ဆရာက ကပ်ထားဟု အမိန့်ပေးသည်နှင့် လွန်ကဲသော အမူအရာဖြင့် မ၊ မရတော့ ကြောင်း ဆရာမမေးဘဲ ပြောမည်။

အကယ်၍ လုပ်ပုံးဖြစ်နိုင်သူကို မသင်္ကာပါက ကုသရာတွင် ငွေကြေး ကို တတ်နိုင်သည့် အဆင့်ထက် လွန်ကဲ၍ ပွဲထိုးခိုင်းပါလျှင် တားမြစ်ပြီး ဖြစ်သွားမည်။ သို့မဟုတ်ပါကလည်း သစ္စာဆိုခိုင်းပြီးမှ ကုသမည်ဆိုလျှင် ဆရာ၏ ဂုဏ်သတင်းကြောင့် ကြောက်ရွံ့၍ နောက်ဆုတ်သွားပါလိမ့် မည်။

ခြေဆင်း စမ်းသပ်စဉ် နှုတ်ပိတ်၍ မနောဖြင့် စမ်းလျှင် တကယ့် ပယောဂ၌ ရသူလည်း ရှိ၏။ မရသူလည်း ရှိတတ်ပါသည်။

✧✧✧✧✧

# အဆိပ်အမျိုးမျိုးကုနည်း

ရှေးရင်ကျော် ဣဿရသယ မပဟိဒ္ဓိ စေဂိုဏ်းတော်ကြီးသည် မကောင်းသော အောက်လမ်းမိစ္ဆာအမျိုးမျိုးကို စေပိုင်အာဏာပိုင် ပညာဖြင့် ကုသနိုင်သည်သာမက လူကို အသက်အန္တရာယ်ပြု တတ်သော မြွေဆိပ်၊ ကင်းဆိပ်၊ ခွေးဆိပ်၊ သံဆိပ်နှင့် အဆိပ်အခိုး အမျိုးမျိုးကိုပါ ဟဲ့...တစ်ခွန်းငေါက် လိုက်ရုံမျှဖြင့် သော်လည်းကောင်း၊ တောက်တစ်ချက် ငေါက်လိုက်ရုံမျှဖြင့် သော်လည်းကောင်း၊ ရေကို မှုတ်ကိုက်ရုံမျှဖြင့် သော်လည်းကောင်း ပျောက်ကင်းချမ်းသာအောင် ကုသ ကယ်မနိုင်ပါပေသည်။

အဆိပ်ပြင်းထန်သော မြွေများ ကိုက်ခဲသဖြင့် လူနာသည် လုံးဝစကားမေးမရတော့ဘဲ ဂုတ်ကျိုးမေးထိုးနေစေကာမူ ပသာဒရုပ်များ မပျောက်သေးကြောင်း စမ်းသပ်တွေ့ရှိလျှင် ပျောက်ကင်းချမ်းသာမည်သာ ဖြစ်ပါ၏။ ပသာဒရုပ်များ ပျက်၊ မပျက်၊ ကု၍ မရနိုင်တော့သော အခြေအနေသို့ ရောက်မရောက် လူနာကို စမ်းသပ်လျှင် သိနိုင်ပါသည်။ သို့မဟုတ် ဆရာလာပင့်သူအား စမ်းသပ်လျှင်လည်း သိနိုင်ပါသည်။

လူနာကို စမ်းသပ်ရာမှာ နှေးနှန်နှင့်တကွ အသက်နှင့်ခန္ဓာကို အအပ်ခံပြီး လက်များကို ဆုပ်ကိုင်ကြည့်ပါ။ လူသေသကဲ့သို့ အေးစက်နေလျှင်

ကုမရအောင် ပသာဒရုပ်များ ပျက်ပြားနေသူဖြစ်၍ ၄တ်တုတ်ထိုင်နေပါသော်လည်း မကုသပါနှင့်။ လုံကောင်းတို့၏ သွေးကဲ့သို့ ပွန္နေးနေလျှင်မည်မျှပင် အဆိပ်တက်နေပါစေ ကုသ၍ ရပါမည်။

နောက်စမ်းသပ်နည်းတစ်နည်းမှာ လူနာ၏ ဆံပင်ကို မိမိလက်ဖြင့်နှုတ်ယူကြည့်လျှင် လွယ်လင့်တကူ ပြုတ်ထွက်လာပါက ကုသမရနိုင်တော့ပါ။ ပသာဒရုပ်များ ပျက်နေပြီ ဖြစ်ကြောင်း သိရာ၏။ ဝါးခြမ်းငယ်၊ တုတ်ငယ်ဖြင့် လူနာ၏ လက်မောင်း စသည့်အသားများကိုခပ်ဆတ်ဆတ် ရိုက်ကြည့်၍ သွေးရောင် အရာ ကွက်ခနဲ ပေါ်မလာတော့လျှင်လည်း ကုသ၍ မရတော့ကြောင်း သိနိုင်ပါ၏။

လူနာပင့်သူ၏ အသက်နှင့်ခန္ဓာ အအပ်ခံပြီး ယင်းကိုပင် ပက်လက်လှန် အိပ်စေ၍ ဝက်ကို ဆုပ်ကိုင် စမ်းသပ်ကြည့်လျှင် လူသေကဲ့သို့အေးစက်နေပါက ကုသ၍ မရနိုင်တော့ကြောင်း မှုလပြန်ခြင်းပင်ဖြစ်လေသည်။ လိုက်မကုပါနှင့်။

ကုသ၍ ရ မရ စမ်းသပ်ပြီးနောက် ရမည့်လူနာကို ဦးစွာ အပထုတ်ရမည်။ ရေသန့်သန့်ကို လက်ညှိုးနှင့်မွှေ၍ ငယ်ထိပ်မှ ပုတ်ချရမည်။ဤသို့ အပထုတ်ပြီးမှ ဘုရားငါးဆူ အမိန့်၊ အထက်ဆရာကြီးများအာဏာဖြင့် ဦးခေါင်းမှ တက်နေသော အဆိပ်များကို ခြေဖျားဆီသို့ဘယ်လက်ဖြင့် ရှယ်မိုးသပ်ချရမည်။ မြွေကိုက်ထားသော ဒဏ်ရာမှသွေးများ ခြောက်သွေ့ပြီး ဝိတ်ဆို့နေလျှင် ရေစင်နှင့် ဆေးကျဲချပေးပြီးမားထက်ထက်နှင့် သွေးထွက်အောင် ဒဏ်ရာကို အနည်းငယ် ခွဲပစ်ရမည်။

အဆိပ်များသည် ကိုက်ထားသော ဒဏ်ရာပေါက်မှ သွေးများနှင့်အတူ ထွက်လိမ့်မည်။ အဆိပ်များကျ၍ လူနာသက်သာလာလျှင် ရေစင်ခွက်ကို လက်ညှိုးနှင့်နိုက်လျက် "ဣဿာသယမဟိဒ္ဓိ စေတီတော်ကြီးကို စောင့်ရှောက်တော်မူကြကုန်သော အထက်ဆရာကြီးတို့သည် ------------------နေ့သား၌ ကြွင်းကျန်ရစ်သော မြွေဆိပ်ဟူသမျှတို့ကို ပြေစေ၊ ကြေစေသည့် ဆေးတော်ရေကို ပေးသနားတော်မူပါ" ဟူ၍ အဓိဋ္ဌာန်ပြီး ရေကို နာနာမွှေ၍ တိုက်ရမည်။

ယင်းနောက် လက်ညှိုးနှင့်မွှေထားသည့် ရေနှင့်ချိုးပေးပြီး ထမင်းကျွေးပါ။ သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။ မျက်စိများ မှုန်ဝါးနေခြင်း၊ ကျိန်းစက်နေခြင်းများ ဖြစ်လျှင် ရေစင်နှင့် မျက်စဉ်းခတ်ပေးပါ။ အေးမြကြည်လင်လာလိမ့်မည်။

ကိုက်သော ဒဏ်ရာတွင် မြွေအစွယ်ကျိုး၍ ကျန်ရစ်ခဲ့သော် ယင်းဒဏ်ရာ နေရာကို လက်နှင့် အသာအုပ်၍ ထားပါက အစွယ်သည် လောက်ကလေးသဖွယ် တွန့်တွန့်၍ ထွက်လာပါမည်။ ထွက်လာမှ လက်နှင့်အသာ ဆွဲနှုတ်ပစ်ပါလေ။

မြွေနှင့်အတူ အခြားသော အဆိပ်မှန်သမျှတို့ကို လူ၏ခန္ဓာကိုယ်မှ မိမိအလိုရှိသော နေရာသို့ လက်နှင့်ရွှယ်မိုး၍ ရွှေ့ခိုင်းတိုင်း ရပါသည်။ အပရိုနေသည်ဖြစ်စေ၊ ထိုးနှံသောက်မိုထားမှုသော ဆေးများ၊ အင်းများကြောင့် ဖြစ်စေ အဆိပ်များကို အလိုရှိရာသို့ ရွှေ့ပြောင်း၍ ထစ်ငေါ့နေခြင်းများ ဖြစ်တတ်သဖြင့် ယင်းတို့ကို အရင်ထုတ်ပစ်ရမည်။

## ခွေးရူးကိုက်ဒဏ်ရာကုထုံး

ခွေးရူးကိုက်ခံရသော လူနာအား ခွေးရူးမပြန်မီ ကုသရာတွင် မြွေဆိပ်ချစဉ်ကကဲ့သို့ အထက်ဆရာကြီးများကို တိုင်တည်၍ လက်ညှိုးနှင့်မှုတ်ပြီးတိုက်ရမည်။ ဤသို့ တိုက်ပြီးနောက် ရေတိုင်ကီတွင် လက်ညှိုးနှင့်မှုတ်ပြီး ခေါင်းမှလောင်း၍ မိုးပေးပါ။ ကိုက်ထားသော ဒဏ်ရာအနာများကိုလည်း ယင်းရေနှင့် လောင်းချပြီး ဆုပ်နယ်ပေးပါ။ ဤသို့ ပြုလုပ်လျှင် ခွေးရူးပြန်ဆိပ်များကြောင့် ခွေးရူးပြန်၍ မသေနိုင်ပါ။

ခွေးရူးပြန်နေပြီဖြစ်သောအဆင့်သို့ ရောက်နေပြီဖြစ်သော လူနာကို ကုသသောအခါ မိမိကို မကိုက်မိစေရန် သတိပြုပါ။ ထို့ကြောင့် ရေစင်ဖြင့် ခပ်လှမ်းလှမ်းမှ ပက်ပေးခြင်းပြုရမည်။ အတန်ငယ်ငြိမ်သက်လာလျှင် လူနာ၏ ကျောကို ရေစင်နှင့် ပုတ်ပေးရမည်။ ပုတ်သောအခါ အထက်ဆရာကြီးများ၏ အမိန့်အာဏာဖြင့် ပုတ်ပုတ်ပေးရမည်။ ရေတိုက်နိုင်သောအဆင့်သို့ ရောက်လျှင် ရေစင်ကို နာနာမှုတ်၍ အထက်ဆရာကြီးများကို အမိဖွာန်ပြီး တိုက်ပါ။

ခွေးရိုးရိုးကိုက်၍ ဒဏ်ရာရခြင်းကို ရေစင်နှင့် လိမ်းပေးခြင်း၊ ဆုပ်နယ်ပေးခြင်းများပြုလျှင် နာကျင်ကိုက်ခဲမှု သက်သာပါလိမ့်မည်။ လန့်၍ အပများဝင်တတ်သဖြင့် သတ္တဝါများ 'ကိုက်ခဲခြင်း ခံရသူတိုင်းအား ထိပ်ကို လက်နှင့်ပုတ်၍ အပထုတ်ရန် မမေ့သင့်ပါ။

## သံဆိပ်တက်ခြင်း

သံရူး၍ဖြစ်စေ၊ ဝုတ်စူး၍ ဖြစ်စေ၊ ထိခိုက်ရှနာမှုကြောင့် အဆိပ်တက်ပြီး နာကျင်ကိုက်ခဲနေခြင်း။ ပိုးမွှားဝင်၍ သွေးတွင် အဆိပ်သင့်ပြီး မေးခိုင်လာခြင်းများကိုလည်း ဥာဏ်ရှိသလို ကုသပေးနိုင်ပါသည်။ လက်နှင့် သပ်ချလျှင် တက်နေသော အဆိပ်အတောက်များမှာ ပွကိုင်းရှိန်း လိုက်လာကြောင်း မတွေ့ရလျှင် သက်သာပျောက်ကင်းပါလိမ့်မည်။

ကွမ်းရွက်တွင် စမရိုက်၍ မျက်စဉ်းခတ်ခြင်း၊ ရေစင်ကို လက်နှင့် မှုတ်၍ တိုက်ခြင်း၊ လက်နှင့်ရှယ်မိုး သပ်ချခြင်းများကို ပြုလုပ်ပေးပါက တဖြည်းဖြည်း အဆိပ်အတောက်များ ကြေစေပြေစေပြီး သက်သာ ပျောက်ကင်းပါလိမ့်မည်။

မေးခိုင်နေသော လူနာများပင် ပျောက်ကင်းချမ်းသာနိုင်သဖြင့် ယုံယုံကြည်ကြည်ဖြင့် တိုင်တည်ပြီး ကုသကယ်မပေးကြစေလိုပါသည်။

✧ ✧ ✧ ✧ ✧

## ကာလဝမ်းရောဂါကုထုံး

ကာလဝမ်းရောဂါ ဖြစ်ပွားသူသည် ဝမ်းရောဂါ ပိုးမွှားများကြောင့် သွေးများတွင် အဆိပ်အတောက်ဖြစ်၍ သွေးနှင့် အစာအိမ်တစ်ရှူးများ

ပျက်စီးပြီးပျက်ကျခြင်းကြောင့် အသက်သေဆုံးရခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဝမ်းရောဂါဖြစ်ပွားခြင်းသည်လည်း အဆိပ်ဖြစ်ခြင်းမင် ဖြစ်ကြောင်း ဆရာဝန်များက ဆိုပေ၏။ ရွှေရင်ကျော် ဣန္ဒာသဃ မဟိန္ဒီစေတီကျောင်းတော်ကြီး၏ လက်တွေ့ကုထုံးများတွင် ကာလဝမ်းရောဂါကို ရေစင်ဖြင့် ပျောက်ကင်းအောင် ကုသနိုင်သည်။

ဝမ်းရောဂါ ဖြစ်ပွားသူအား ရေစင်ကို ဘုရားနှင့်တကွ အပဆရာကြီးများကို တိုင်တည်၍ အောက်ပါ ဂါထာဖြင့် (၃၇)ခေါက် ရွတ်ပြီးတိုက်ပါ။ ပျောက်ကင်းပါလိမ့်မည်။

## အဘာဆရာအေး၏ ဝမ်းရောဂါပျောက် ဂါထာတော်

ဩောင်း ဝေဲရုဓော သမ္ဓေါ၊ မဟာမုနိ၊ မာရဇိနော၊ ဒေဝဒေဝါ၊ သတ္တော၊ ဒေဝရာဇာ၊ အဂ်ုထမ္ဗေ၊ ဘဝန္တု ဩောင်း သွားဟ။

✧✧✧✧✧

## သွေးရိုးသားရိုး ဝေဒနာတစ်ဆုံး

သွေးရိုးသားရိုး သာမန်ဝေဒနာများ ရွှေရင်ကျော် ဣန္ဒာသဃ မဟိန္ဒီစေတီကျောင်းတော်ကြီး၏ ပညာဖြင့် ကုသရာတွင် ရေ၊ ကွမ်းရွက်၊ ဆား၊ နမ်းဆီ၊ ပျားရည်၊ ထန်းလျက် စသည်တို့ကို ဉာဏ်ရှိသလို ကုသနိုင်သည်။ လက်တွေ့ကုသရာတွင် ရောဂါဝေဒနာများအလိုက် အသုံးပြုပုံများကို ဖော်ပြပါသည်။

## မျှားနာခြင်း

မျှားနာ၍ ကိုယ်ပူခြင်း၊ အအေးမိခြင်းများ၊ တုပ်ကွေးမျှားများအတွက် အိုးသန့်သန့်တွင် ရေထည့်၍ ထန်းလျက်အခဲ ဆားအနည်းငယ်ထည့်ပြီး ကွမ်းရွက်တစ်ရွက်တွင် အောက်ပါဂါထာကို လက်ညှိုးနှင့် နစ်တန်းရေး၍ ထည့်ရမည်။

ဦး-ကာမ ကာမဒေသ

ဦး-ထကာ ထကာဒေသ

ယင်းရေကို လက်ညှိုးနှင့် နာနာမွှေ၍ အထက်ပါ ဂါထာဖြင့်ပင် (၇)အုပ်မန်းရမည်။ ပြီးလျှင် ဘုရားနှင့် အဘဆရာကြီးများအား ဆီမီး (၅)တိုင် ကပ်လှူပူဇော် ကန်တော့ပြီး အထက်ဆရာကြီးတို့သည် --------------နေ့သား၊ မောင် --------------------------၏ ရောဂါဝေဒနာ များကို ပျောက်ကင်း ချမ်းသာစေမည့် ဆေးတော်ကို ပေးသနားတော်မူ ပါဟု တိုင်တည် မိတ္တာန်ရမည်။

ပြီးလျှင် ယင်းဆေးတို့ကို ကျက်အောင်ကျိုပြီး မျှားနာသောလူနာအား တိုက်ရမည်။ (၂)ကြိမ်၊ (၃)ကြိမ်မျှ တိုက်တိုက်ပေးရမည်။ ချွေးများ ထွက်လာပြီး နေကောင်းသွားပါလိမ့်မည်။

◇◇◇◇◇

## လေထိုးလေအောင့်

သွေးရိုးသားရိုး လေထိုးလေအောင့်၍ မခံမရပ်နိုင်ဖြစ်ခဲ့သော် ဆားကို အထက်ပါဂါထာဖြင့်ပင် (၇)အုပ်မန်း၍ လက်ညိုးနှင့် မွှေရမည်။ ပြီးလျှင် ကွမ်းရွက်တွင် ထည့်၍ ထုပ်ပြီး မီးဖုတ်ပါ။ ယင်းဆားမီးဖုတ်ကို လျက်ဆားကဲ့သို့ လျက်ပေးပါ။ လေကြေ၍ ပျောက်ကင်းပါလိမ့်မည်။

*************

## အမောရောဂါ

နိုင်းကိုင်စက္ကူတွင် ဖော်ပြပြီးခဲ့သော ဂါထာ (၂)ကြောင်းကို ရေး၍ ပြာချပြီး ပျားရည်တွင်ထည့်၍ လက်ညိုးနှင့် နာနာမွှေပေးရမည်။ (ရွှေဆိုင်းရွက် ( ၉ )ရွက် ထည့်နိုင်လျှင် ပို၍ ကောင်းပါသည်) ယင်းပျားရည်ပန်းကန်ကို အဘဆရာကြီးများအား ဆီမီးဖြင့် ကပ်လှူ ပူဇော်တိုင်တည်ပြီးမှ မောနေသောလူနာအား တိုက်ရမည်။

အကြောတက်ခြင်း၊ ကိုက်ခဲခြင်း စသောရောဂါများအတွက် နမ်းဆီ၊ မျက်စိနာခြင်း၊ မျက်စိပြာခြင်းများအတွက် ရေ စသည်တို့ကို ဉာဏ်ရှိသလို အသုံးပြု၍ ကုသနိုင်ပါသည်။

## မင်းလေးပါး ပယောဂများ

အလွန်အစွမ်းကြီးသော ပယောဂများကို အသုံးပြု၍ မင်းလေးပါး ပယောဂမှာ (စိန်၊ ဆေးဇန်း။ ကန့်၊ ဟင်းရိုင်း)ပင် ဖြစ်ပါသည်။ ယင်းလေးပါးကို အမှုန့်ပြု၍ အနည်းငယ်မျှသာ အသုံးပြုရ၏။ စက်ဖြတ်ရာတွင် တော်တော်နှင့် မဖြတ်နိုင်သောသူ၊ တစ်ကိုယ်လုံး ပယောဂတုံး ပယောဂခဲဖြစ်နေသူများကို နာခေါင်းတွင်းသို့ မှုတ်သွင်းရပါသည်။

## ဓါတ်မာသော ပယောဂကို တိုက်ရန် တန်ပြန်စမများ

ရှေးရင်ကျော်ပညာဖြင့် ပယောဂကို ကုသရာတွင် ဦးစွာမေတ္တာဖြင့် ကုသရပါမည်။ ပယောဂက မိမိသဘောအတိုင်း လိုက်နာပြီဆိုလျှင် ဝေဒနာရှင်မှာ သက်သာပျောက်ကင်းပေပြီ။ အချို့ပယောဂများကား မည်သို့ပင် နိပ်စက်စေကာမူ လိုက်နာခြင်းမရှိဘဲ အာခံ၍ နေတတ်ပါ၏။ ထိုအခါတွင် တစ်ဖက်ပါ တန်ပြန်စမကြီးများကို အသုံးပြု၍ ကုသရပါမည်၊ သို့ရာတွင် တော်ရုံတန်ရုံမျှဖြင့် တန်ပြန်စမကို မသုံးသင့်ကြောင်း သတိပြုရပါမည်။



(၄—တန်ပြန် ဓမ)


ကွမ်းရွက်တွင် လက်ညှိုးဖြင့် ရေးသား၍ အာခံသော ပယောဂအား မျက်စဉ်းခပ်ခြင်း၊ တိုက်ခြင်းများ ပြုနိုင်သည်။

စုန်း - တန်ပြန်

အောက်လမ်း

ထိသေ ခံသေ လှန်သေ ပြန်သေ

(အလွန်ခေါင်းမာသော အစွဲကိုတိုက်ရန် တန်ပြန်စမကြီး)



ထိသေ ခံသေ ပြန်သေ

(အလွန်ခေါင်းမာသော အစွဲကိုတိုက်ရန် တန်ပြန်စမကြီး)

## မီးစက်အသုံးပြုနည်း

ဝင်ပူးနေသော ပယောဂဖြစ်စေ၊ အမြင်ပေး၍ ကုသနေသော ပယောဂဖြစ်စေ မိမိနိုင်းတိုင်း မလိုက်နာသောကြောင့် မီးစက်နှင့် လောင်မီးစကြာများကို အသုံးပြုသောအခါ "မသေစေနဲ့" ဟူသော အမိန့်ထည့်ပေးရမည်ကို မမေ့ပါနှင့်။ အချို့သောမီးစက်ကို သာမန် အမြင်ဖြင့် ရေကိုသာ မြင်၏။ ပယောဂအဖို့ အလွန်တရာကြီးမားသော လက်နက်ဖြစ်ကြောင်းကိုမူ သတိမပြုကြပါ။ ပူးဝင်နေသော စက်အား ကောင်းသည့် ပယောဂကို မီးစက်ဖြင့် ပစ်ပေါက်လျှင် အချို့မှာ နောက်သို့ လွှင့်ထွက်၍ပင် သွားသည်ကို တွေ့ရပါလိမ့်မည်။ ထို့ကြောင့် မခံနိုင်သော အောက်လမ်းမိစ္ဆာများမှာ အသက်သေဆုံးခြင်းကို ဖြစ်စေ နိုင်သဖြင့် "မသေစေနဲ့" ဟု အမြဲတမ်းထည့်ပေးရမည်။

************

## စက်မိခြင်း

ပယောဂကုသရန် သွားသောအခါ စက်များ မဖြတ်မိ၍ဖြစ်စေ၊ ပယောဂကုသစဉ် မဟုတ်ဘဲ သာမန်အချိန်များတွင် အတိုက်အခိုက် ရှိသည့်နေရာသို့ ရောက်စဉ်ဖြစ်စေ၊ ရွာသူအောက်လမ်းတို့က တိုက် ခိုက်၍ဖြစ်စေ၊ တစ်ခါတစ်ရံ ဦးခေါင်းထဲ၌ မူးဝေခြင်း၊ မိုက်ခနဲဖြစ်ခြင်း၊ ခေါင်းကိုက်သကဲ့သို့ ဖြစ်ခြင်း၊ သွေးလေး၍ အိပ်ချင်သလိုဖြစ်ခြင်း များကို ကြုံတွေ့ရတတ်ပါသည်။

ဤသို့ဖြစ်ရခြင်းမှာ ပယောဂစက်များ အရာနှင့်ထိတွေ့သောကြောင့် (ဝါ) စပ်မိသောကြောင့်ဖြစ်သည်။ သို့ဖြစ်သော်လည်း "စက်ဟူသမျှ အားလုံး ပြတ်ကျစေ" ဟုလက်ညှိုးဖြင့် ချိန်ရွယ်၍ ပြတ်ချလိုက်လျှင် သော်လည်းကောင်း၊ ဖနောင့်နှင့်ပေါက်၍ "တန်ပြန်" ဟု ဆိုလိုက်လျှင် သော်လည်းကောင်း၊ ဦးခေါင်းရှိ စက်များကို လက်ဖြင့်ခွဲယူပစ်လိုက်လျှင် သော်လည်းကောင်း၊ ချက်ချင်းပင် ပျောက်ကင်းသွားသည်ကို တွေ့ရပိမ့်မည်။

လမ်းသွားစဉ်ဖြစ်၍ ဖနောင့်ပေါက်ပြီး တန်ပြန်ပြုလိုက်လျှင်ဖြစ်စေ၊ ဦးခေါင်းမှ ခွဲယူပြီး "တန်ပြန်" ဟု လက်ပြန်ပစ်လိုက်လျှင်ဖြစ်စေ၊ မိမိအား တိုက်ခိုက်သူမှာ သူ့စက်နှင့်သူ တန်ပြန်ဖြစ်ပေလိမ့်မည်။ ပယောဂကုစဉ် ဤသို့ ပြုလိုက်လျှင် ကြည့်နေသော ပရိတ်သတ်ထဲမှ ဖြစ်စေ၊ အိမ်နီးနားချင်းမှ တစ်ဦးဦး၊ တို့သည် မိမိအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း လာရောက် တောင်းပန် ပါလိမ့်မည်။ မိမိက ကျေနပ်ခွင့်လွှတ်လိုက်မှ ယင်းတို့ တန်ပြန်မှ ပြေပျောက်သွားနိုင်ပါသည်။

✧ ✧ ✧ ✧ ✧

## အမိန့်စေအားဆိုးများ

ပယောဂကုသစဉ် သုံးစွဲရသည့် အမိန့်စကားလုံးများမှာ တိကျရေရာမှုရှိပြီး ပြတ်သားရပါမည်။ ရှေ့နောက်မညီသော စကားများကို သုံးစွဲခြင်းဖြင့် ပယောဂသည် ပြတ်ပြတ်သားသား မလိုက်နာတတ်ပါချေ။

ကုသကာစ ဆရာများသည် ပရိသတ်ကိုပါ ရှုကြောက်တတ်သဖြင့် စကားများ၊ မှားယွင်းခြင်း၊ မရေရာခြင်း၊ မပြတ်သားခြင်းများ၊ ဖြစ်တတ်ပါသည်။ ဥပမာ ခြေဆင်း၊ စမ်းသပ်နေစဉ် "တနင်းလာသား၊ မောင်ခင်မှာ ပယောဂ တစ်စုံတစ်ခုရှိရင် လုံးဝနင်းမရအောင် မ ထား"ဟူ၍ စကား မှားခြင်း။

"အပင်းရှိရင် ကပ်ထား" ဟု ပြောရမည့်အစား

"ဗိုက်ထဲမှာ အပင်းရှိရင် ကပ်ထား" ဟုဆိုသဖြင့် ခြေထောက်၌ အပင်းများရှိသော်လည်း ကပ်မပြခြင်း။

ကုသရန် ချိန်းဆိုသောအခါ ဝေဇနာကို ချုပ်ထားရာ၌

"တနင်္ဂနွေသား ငါမကုမချင်း ဗိုက်မအောင့်စေနဲ့"ဟု ချုပ်ထားသောကြောင့် မည်သည့်အခါမှ မအောင့်တော့၍ လာရောက် မကုသတော့ပါ။

ပူးနေသော ပယောဂက အာခံ၍ နှိပ်စက်သောအခါ

"မကြောက်ဘူးဆိုရင် ဆိုင်ရာက တိုင်နဲ့ ခေါင်းနဲ့ ပြေးဆောင့်လိုက် စမ်း" ဟု ပယောဂကို ခိုင်းရမည့်အစား ဆိုင်ရာကို ခိုင်းသော အမိန့် စကားလုံးများ လွဲချော်မှားယွင်းမှုများကို တွေ့ရတတ်ပါသည်။

အချို့သနားကြင်နာတတ်သော ဆရာဖြစ်၍ ပယောဂကို နှိပ်စက် ရာတွင် "ကြမ်းပြင်နှင့် ခွဲဆောင့်လိုက်စမ်း၊ မနာစေနဲ့" ဟု ပြောတတ် ကြပေသည်။

ရွှေရင်ကျော် ပညာသည် စေတိုင်း၊ ခိုင်းတိုင်း၊ အာဏာတည်သော ပညာဖြစ်သောကြောင့် ပြောတိုင်း ဖြစ်နေပေလိမ့်မည်။ ပယောဂကလည်း စကားလုံး အမှားအယွင်းကို စောင့်၍ လှည့်စားတတ်ပါသည်။

ထို့ကြောင့် ပယောဂကုသရာတွင် မိမိသုံးစွဲသော စကားလုံးများကို တိတိကျကျ ပီပီပြင်ပြင်နှင့် လိုရင်းအဓိပ္ပာယ်ကိုရောက်အောင် သုံးစွဲအမိန့်ပေးတတ်ရန် လိုအပ်ပါသည်။

************

## မြင်းဖြူရှင်နှင့် စွဲရင်းတိုင်းရောက်ဖြစ်ပေါ်လာပုံ

ကျွန်ုပ်တို့ သုံးစွဲနေသောပယောဂအစွဲကို ခေါ်သည့် "စွဲရင်းတိုင်းရောက်" ဟူသော စကားလုံးဖြစ်လာပုံမှာ ရွှေရင်ကျော်ကျေးငှက်ရှင် ဖခင်ကြီး အဘဆရာဟန် ပညာရခါစ ပယောဂကုသစဉ်...

"ဆိုင်ရာက ရောက်စမ်း" ဟု အစွဲကို ခေါ်လိုက်ရာ မြင်းဖြူရှင် ရောက်လာသည်။ မြင်းဖြူရှင်သည် ရောဂါကုသနေသော ပယောဂဝေဒနာသည်၏ ရှီးရာနတ်ဖြစ်ပြီး ပယောဂအဖွဲ့နှင့် မည်သို့မျှ မသက်ဆိုင်ချေ။ ထိုအခါ မြင်းဖြူရှင်က ဖခင်ကြီးအား ရှိသေစွာ တောင်းပန်ပါသည်။

ကျွန်ုပ်မြင်းဖြူရှင်သည် ဆရာခေါ်သဖြင့် မနေသာဘဲ ရောက်လာရပါသည်။ ကျွန်ုပ်သည် ဤပယောဂဝေဒနာရှင်၏ ဆိုင်ရာရှီးရာနတ်ဖြစ်သောကြောင့် ဆရာက (ဆိုင်ရာရောက်)ဆို၍ လာခဲ့ရပါသည်။ ထက်မြက်သောပညာ၊ လေးစားအပ်သော သမားဂုဏ်ဖြင့် ပြည့်စုံသော ဆရာဖြစ်၍ ရှိသေလေးစားပါသည်။ မိကျောင်းမင်းကို ရေခင်းပြသည်ဟု

မထင်ပါနှင့်၊ အမှန်မှာ ယခုဝဲနောရင်ကို ဖမ်းစားနေဝဲ့ယှက်ထားသော အောက်လမ်းပိဿာကိုသာ ခေါ်ရပါမည်။ ဆိုင်ရာက ရောက်ဆိုလျှင် သူနှင့်ဆိုင်သော ရိုးရာရောက်လာပါလိမ့်မည်။ ထို့ကြောင့် "စွဲရင်းတိုင်း ရောက်" ဟုသာခေါ်ပါရန် တောင်းပန်ပြောကြားသွားသည်။

ထိုအခါမှစ၍ ပယောဂအစွဲကို ခေါ်လျှင် "စွဲရင်းတိုင်းရောက်" ဟူ၍ ခေါ်ထားရသည်။

************

ဘုန်းနောက်သို့ လူမလိုက်ပါနှင့်၊
လူနောက်သို့သာ ဘုန်းလိုက်ပါစေ။
ဖြူစင်သော မှန်လုံးရေပေါ်တွင်
ထင်းလျက် ပါစေပြုဖြစ်သည်။
ဖြူစင်သော လုပ်ရပ်နောက်တွင်
လာဘ်လာဘ ပါမြဲတည်။

## မူလပြန်

မူလပြန်ဟူသော စကားမှာလည်း ပယောဂနှင့်ပတ်သက်၍ လိုရင်းကို တိတိကျကျ အဓိပ္ပါယ်ပေးသော စကားလုံးဖြစ်၏။ ပြုစား ဖမ်းစားနိုင်သော သူတို့၏ မူလတို့သည် ရှိပေ၏။

ကုသသောဆရာက ထိုမူလ (Origin)တို့ကို အမှန်အတိုင်း သိလိုသဖြင့် အဓိပ္ပါယ်ပေးရာတွင် မူလဇာတာရှင် အမှန်အတိုင်းပြုပြုဟူသော အဓိပ္ပါယ်ဖြင့် မူလပြန် ဟူသော အဓိပ္ပါယ်ကို သုံးစွဲရ၏။

ကြေးသည် ရွှေဟန်ဆောင်သော်လည်း ကြေးညှိနံ့နံ၍ မူလပြန်၏။ အနံ့မူလ၊ ကြေးညှိများတက်၍ မူလပြန်၏။ (ရုပ်၏မူလ)၊ မီးဖြင့်ထုတ်လျှင် စိမ်းစိမ်းရွှေရွှေ အရောင်ထွက်၍ မလယ်နံ၏။ (လေ့စရိုက်၏မူလ)

ပယောဂ၌ လှည့်စားတတ်သော သတ္တိထူးများရှိ၏။ မည်သို့ပင် လှည့်စားသော်လည်း ရွှေရင်ကျော်ပညာ၏ အာဏာစက်ဖြင့် တွေ့လျှင် လှည့်စား၍ မရတော့ဘဲ မူလစစ်မြစ်ပေါ်လာရသည်။ အလိုရှိရာကို မူလပြန်ရသည်သာတည်း။

ပြုစား၊ ဖမ်းစားခံထားရသော သူ၏ခန္ဓာကိုယ်တွင် စွဲကပ်နေသော ပြုစားဖမ်းစားသူ ပယောဂ၏ အနံ့မူလကို သိနိုင်၏။ (သရဲသည် ပုပ်စော်နံသော မူလရှိ၏။ အမြင်ပြသောအခါ လှပသော နတ်သမီးယောင်ဆောင်ထားသော်လည်း ရွှေရင်ကျော် အာဏာစက်ဖြင့် ရှုရှာစက်ခုပ်မှုယ် သရဲရုပ်အဖြစ် မူလပြန်၏။ (ရုပ်၏ မူလ)

မှုဝင်နေသော ရွာသူ့စုန်းမက ယောကျ်ား ဟန်ဆောင်၍လှည့်စားထားသော်လည်း ရွှေရင်ကျော် အာဏာစက်ဖြင့် ထင်ပြင်ဝတ်၍ မှုလပြန်၏။ (ပင်ကိုယ်ဓလေ့ ဝရိုက်၏ မူလ၊ သရဲ အစိမ်း၊ နတ်နှင့် ရန်အမျိုးမျိုး ပယောဂ အမျိုးမျိုးသည် အနံ့မူလ၊ ရုပ်၏ မူလ၊ ပင်ကိုယ် ဓလေ့ ဝရိုက်၏ မူလကိုယ်စီရှိကြ၏။ ထို့ကြောင့် ကုသသူ ဆရာက ပယောဂ၏ လှည့်စားခြင်းကို တကယ်သိနိုင်ရန်နှင့် သူ့နေရာနှင့်သူ မူလပြန်ဟူသော စကားလုံးကို သုံးစွဲရသည်။

ဤမူလပြန်ဟူသော စကားလုံးနှင့်စပ်လျဉ်း၍ ဖခင်ကြီး ပယောဂ ကုသစဉ်က စိတ်ဝင်စားဖွယ်ကောင်းသော အဖြစ်အပျက်တစ်ရပ်ကို တင်ပြရမည်။ ဤအဖြစ်အပျက်မှပင် ကျွန်ုပ်တို့ ရွှေရင်ကျော် ဂိုဏ်းတော်ကြီးအမည် ဖြစ်ပေါ်လာခဲ့ခြင်းလည်း ဖြစ်သည်။

ကျွန်ုပ်ငယ်စဉ် ကလေးဘဝက ဖခင်ကြီး ပယောဂကုသပြီး ပြန်လာသော အခါများတွင် အဖြစ်အပျက်များကို ပုံပြောသကဲ့သို့ ပြောပြတတ်သည်။ ရွှေရင်ကျော်အမည်နာမနှင့် ဆိုင်သည့် အဖြစ်အပျက်တစ်ရပ်လည်း ငယ်စဉ်ကတည်းကပင် စွဲမြဲစွာ မှတ်သားနားထောင်ခဲ့ရပါသည်။

ထိုစဉ်က ဖခင်ကြီးသည် အသက် (၄၀)နှစ်ခန့်ရှိပါသေး၏။ မော်လမြိုင်ကျွန်းမြို့နယ်၊ ဖျာလိပ်ချောင်း ကျေးရွာဘက်သို့ ပယောဂ ကုရန် သွားသောအခါ အလွန်နာမည်ကြီးသော ကဝေမကြီး ဒေါ်သဲညို နှင့် တွေ့ကြုံရသည်။ ဒေါ်သဲညိုသည် အလွန်ထက်သော ကဝေမကြီး

ဖြစ်၏။ သူနှင့်တွေ့သော ဆရာဟူသမျှသည် သူ့ပညာစွမ်းကြောင့် ခုက္ခရောက်ရသည်ချည်း ဖြစ်ပေသည်။

ထိုစဉ်က မယောဂကသရာတွင် အထူးကျော်ကြား၍ နာမည်ကြီးနေသော ဖခင်ကြီးအား၊ ပညာပြိုင်လိုသောကြောင့် ဖခင်ကြီးရှိရာသို့ လာရောက် တွေ့ဆုံလေသည်။

ဒေါ်သဲညိုက ဖခင်ကြီးအား "လူလေး" ဟုဖော်ရွေစွာ ခေါ်၏။

"လူလေးရဲ့ပညာ ထက်မြက်လှတယ်လို့ ကြားရတဲ့အတွက် ဘယ်လောက် စွမ်းတယ်ဆိုတာ အမေ ကြည့်ချင်လှပါတယ်။ ပြနိုင်ရင် ပြပါကွယ်" ဟု စတင်ပြောလေ၏။ ထိုအခါ ဖခင်ကြီးက

"ကျွန်တော်တို့ ပညာဟာ သူများကို ပြချင်တိုင်း ပြလို့မရပါဘူး။ ဒါပေမယ့် ဘယ်သူက မကောင်းတဲ့ပညာစွမ်းနဲ့ လုပ်ထားတာပဲ ဖြစ်ဖြစ်၊ ကျွန်တော်က သူ့အတတ်ကို ပယ်ဖျက်ပြီး သူ့နဂိုအတိုင်း ပြန်ဖြစ်အောင် လုပ်ပြနိုင်ပါတယ်" ဟု ပြန်ပြောလိုက်သောအခါ . . .

"ဒါဖြင့် အမေ့ ပညာစွမ်းကို အရင်ပြပါ့မယ်၊ လူလေးက ဖျက်နိုင်ရင် ဖျက်ပါ" ဟု ဆို၍ ကဝေမကြီး ဒေါ်သဲညိုသည် ဖျာချပ်ခန့်ရှိသော သားရေပြားကြီးကို ကဝေအတတ်ပညာစွမ်းဖြင့် ပြလိုက်ရာ ချက်ချင်းပင် ရွှေရောင်အဆင်းရှိသော ယင်ကောင်ကြီးတစ်ကောင်ဖြစ်သွားလေတော့သည်။

ထို့နောက် ယင်ကောင်ကြီးဖြင့် စတင် တိုက်နိုက်တော့သည်။ ယင်ကောင်ကြီးသည် ဖခင်ကြီးထံသို့ ပျံဝဲထိုးဝင်လာသော်လည်း လူကို ထိဖို့ မဆိုထားနှင့်။ ခါးအထက်ပိုင်းကိုပင်ကျော်၍ မပျံဝဲနိုင်ပါချေ။

ခါ၊အောက်ပိုင်းလောက်ဆီမှာသာ ဇေ့ကာဝဲကာ တစီစီဖြင့် ပျံနေလေသည်။

ဤယင်ကောင်ကြီး၏ အနားခံလိုက်ရလျှင် ကဝေကြီးသွင်းသော သရေချုပ်အပင်းသည် လှခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားပြီး ဇီဝိန်ကြွေရသည်ချည်း ဖြစ်လေသည်။ ဤအပင်းမျိုးဖြင့် သေဆုံးရသူတို့သည် မီးရှို့၍ပင် မလောင်ဘဲရှိတတ်လေသည်။ ဤမျှ ကြောက်စရာကောင်းသော ကဝေအတတ်ပညာဖြစ်ပါ၏။

ယင်ကောင်ကြီးသည် ဖခင်ကြီးအား ထိခိုက်အောင် မည်သို့မျှ ပြု၍မရတော့ဘဲ ခါးအောက်ပိုင်းဆီမှသာ ပတ်၍ ဝဲနေရလေသည်။ ထိုအခါကျမှ ဓော်ရဲသည်ကြီးက . . .

"လူလေးရဲ့ ပညာဖွဲ့ရအားလုံး ဝိတ်ပါတယ်။ အလွန်လုံခြုံလှတဲ့ ပညာဖြစ်ပါပေတယ်။ အမေ့အစွမ်းကိုတော့ မြင်ပါပြီ လူလေးရဲ့ အစွမ်းကိုသာ ပြပါတော့" ဟု ပြောလိုက်လေသည်။

ထိုအခါ ဖခင်ကြီးက "ကျွန်တော်တို့ပညာနဲ့ အမေပြုလုပ်ထားတဲ့ အရာကို နဂိုမူလဇာတိရုပ်အတိုင်း ပြန်ဖြစ်အောင် ပြုလုပ်ပြပါ့မယ်။ ကြည့်ပါ" ဟု လက်ညှိုးဖြင့် "မူလပြန်" ဟု ပြောလိုက်ရာ ရွှေရောင်ယင်ကောင်ကြီးသည် အောက်သို့ ဖုတ်ခနဲ ပြုတ်ကျပြီး နဂိုသားရေပြားကြီးအတိုင်း ပြန်ဖြစ်၍ သွားလေတော့သည်။

ဤကဲ့သို့ ဂန္ဓာရီသယ မဟာဝိဇ္ဇာဂိုဏ်းတော်ကြီး၏ ပညာဖြင့် ရွှေယင်ကောင်ကြီးကို ကျော်လွှားအနိုင်ယူခဲ့ပုံကို ဖခင်ကြီးသည် ဖတ်နှလုံးထဲ၌ စွဲထင်နေခဲ့လေသည်။

အဘဆရာကြီး ဘိုးတော်မှင် ထွက်တော်မူခါနီး ဂိုဏ်းချုပ်ဆေတော်ကြီးနှင့်တကွ ကုဋ္ဌာသယ မဟာဗိန္ဒုစေဂိုဏ်းတော်ကြီးကို ဖခင်ဦးဘိုးဟာန်အား လွှဲအပ်လိုက်ပြီးသောအခါတွင်မှ ရင်ထဲနှလုံးထဲ၌ စွဲထင်နေသော အထက်ပါ ရွှေယင် အဖြစ်အပျက် ဇာတ်လမ်းလေးသည် ထင်ရှားစွာ ပေါ်ပေါက်လာရလေတော့သည်။

ဖခင်ကြီးသည် ယခင်ကုဋ္ဌာသယ မဟာဗိန္ဒုစေဂိုဏ်းတော်ကြီး၏ အမည်ရှေ့မှ ရွှေရင်ကျော်ဟူသော ဝိသေသအမည်ကို ထည့်သွင်း၍ (ရွှေရင်ကျော် ကုဋ္ဌာသယမဟာဗိန္ဒုစေဂိုဏ်း) ဟူ၍ ခေါ်တွင်စေခဲ့ပါသည်။ ဤကဲ့သို့ ပြောင်းလဲပြည့်စွက်ခေါ်တွင်စေရာတွင်လည်း ဖခင်ကြီးသည် ရွှေတိဂုံစေတီတော်ကြီးတွင် အဓိဋ္ဌာန်ပြုပြီးမှသာ ခေါ်တွင်စေခြင်း ဖြစ်ပါသည်။

(ရွှေယင်) မှ (ရွှေရင်) ဟူသော အက္ခရာ ပြောင်းလဲရပုံမှာ ဖခင်ကြီး၏ ပထမဦးဆုံး ကာထုံးအကျဉ်းစာအုပ်ကို အရာရှိတစ်ဦးအား ရိုက်နှိပ်နိုင်းရာတွင် အရေးအသားအမှတ်အသား လွဲမှားမှုကြောင့် ဖြစ်လေသည်။ သို့ပါသော်လည်း ဤအတိုင်းပင် ဆက်လက်၍ ခေါ်ဝေါ်ရန် အကြောင်းများဖြစ်လာ၍ ယခုတိုင် (ရွှေရင်ကျော်) ဟူသော အမည်မှာ ကမ္ဘာသို့တိုင်အောင် ပျံ့နှံ့ ကျော်ကြားခဲ့ပြီး ဖြစ်ပါသည်

◇◇◇◇◇

## ကံ၊ ဉာဏ်၊ ဝီရိယ သုံးရွာခ

ရွှေရင်ကျော် ဣန္ဒြာသယ မဟာဗိန္ဓိစေတီဂိုဏ်းတော်ကြီး၏ ပညာကို ခံယူသင်ကြားပြီးသူ တပည့်အပေါင်းတို့သည် ဂိုဏ်းတော်ကြီး၏ ဂုဏ်ကျေးဇူးကို ကံ၊ ဉာဏ်၊ ဝီရိယရှိမှသာလျှင် ပြည့်ပြည့်ဝဝ ရရှိခံစား ကြရပေလိမ့်မည်။

ကံဆိုသည်မှာ ရှေးအတိတ်က ပြုခဲ့ဖူးသည့် အလုပ်တရားပင် ဖြစ်လေသည်။ ကောင်းသောအကြောင်းဖြစ်သည့် ကုသိုလ်ကံကြောင့် ကောင်းသောအကျိုးကို ရရှိခံစားရဘိသကဲ့သို့ ဆိုးသောအကြောင်း ဖြစ်သည့် အကုသိုလ်ကံကြောင့် ဆိုးသောအကျိုးကို ခံစားကြရသည် မှာ သတ္တဝါတို့၏ သံသရာပင်ဖြစ်ချေသည်။

ရှေးဘဝက ပြုခဲ့ဖူးသောကုသိုလ်နှင့် အကုသိုလ်အကြောင်းကံများကို ဘုရားရဟန္တာများမှလွဲ၍ မည်သူမျှ မသိရှိနိုင်။ ထို့ကြောင့် တစ်စုံတစ်ဦး၏ ရှေးဘုန်းရှေးကံမည်မျှ အကြောင်းပါရှိ၍ မည်မျှအကျိုးခံစားရမည်ကို မသိရှိနိုင်ကြချေ။

မနေ့ကပြုခဲ့သော အတိတ်ကံတို့ကြောင့် ယနေ့ပစ္စုပ္ပန်အကျိုးကို ခံစားရမည်ဆိုလျှင် ယနေ့ပြုသော ပစ္စုပ္ပန်ကံကြောင့် နက်ဖြန် အနာဂတ် အကျိုးများကို ရရှိခံစားကြရမည်ကား မလွဲပါချေ။ အတိတ်က ပြုခဲ့သော ကံကို ပြန်လည်ပြုပြင်၍ မရကောင်းသော်လည်း ပစ္စုပ္ပန်ကံကိုကား ပြုပြင်၍ ရနိုင်ပါသေးသည်။

ဆိုးသောအလုပ် ကောင်းသောအလုပ်တို့ကို ခွဲခြားရန်မှာ ဉာဏ်သည် အဓိကဖြစ်ချေ၏။ အမှားနှင့်အမှန်ကို ဆင်ခြင်နိုင်သည်မှာ ဉာဏ်-

လျှင် ဖြစ်ပေသည်။ အမှားသည် အဝိဇ္ဇာဖြစ်၍ အမှန်သည် ဝိဇ္ဇာ ဖြစ်လေသည်။ အဝိဇ္ဇာသည် မသိခြင်းဖြစ်၍ ဝိဇ္ဇာသည် သိခြင်းဖြစ် သည်။

ထို့ကြောင့် အမှားနှင့်အမှန်ကို ခွဲခြားသိရန်မှာ ဝိဇ္ဇာဉာဏ်၏ အရာပင် ဖြစ်၏။ ဝိဇ္ဇာဉာဏ်သည် မင်း၊ ဗိုလ်၊ နိဗ္ဗာန် ရောက်ရှိနိုင်စေသဖြင့် ဥဒ္ဓမဂ္ဂဝိဒ္ဓိ (အထက်လမ်း) ဟုခေါ်၏။ အဝိဇ္ဇာသည် မင်ဗိုလ်ဗျာန်ကို တားတတ်သဖြင့် အဓောမဂ္ဂဝိဒ္ဓိ (အောက်လမ်း) ဟုခေါ်သည်။

မကောင်းသော ကာယသိ မနောကံတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်လျှင် မည်မျှစွမ်းသော သတ္တိတို့နှင့် ပြည့်စုံသည့် ပညာကို ခံယူစေကာမူ အောက်လမ်းတို့နှင့် မခြားနားပါချေ။ ရေးကံပါခဲ့ခြင်း၊ မပါခဲ့ခြင်းသည် ယခုဘဝတွင် ပြုပြင်၍ ရနိုင်သောအရာ မဟုတ်၍ ပြုပြင်သော ပစ္စုပ္ပန်ကံကိုသာ အမှားကင်းသော ဝိဇ္ဇာဉာဏ်ဖြင့် ပြုပြင်လုပ်ဆောင်ရ မည်။

ထို့ကြောင့် ကံ၊ ဉာဏ်၊ ဝီရိယကို ယုံကြည်လက်ခံလျှင် အေး မြ ပြောင့်ရမည်။

ဝီရိယဆိုသည်မှာ ပစ္စုပ္ပန်အားထုတ်မှု အလုပ်ပင်ဖြစ်၏။ လူတိုင်း ပိုင်ဆိုင်သော အရာမှာ ဝီရိယပင်ဖြစ်၏။ မှန်သော ကောင်းသောအလုပ် ကို အားထုတ်လုပ်ကိုင်ခြင်းသည် ဉာဏ်နှင့်ယှဉ်သော ဝီရိယဖြစ်ချေ၏။

ရှေးကံကို မိမိမပြုပြင်၊ မတတ်နိုင်တော့သဖြင့် ရရှိခံစားအပ်သော ကံ၏အကျိုးကို ကြောင့်ကြမှု၊ ဗျာပါရကင်းကင်းဖြင့် အေးအေးဆွာ ခံယူနိုင်ခြင်းသည် ခန္တီပါရမီလာပင်ဖြစ်၏။ ထို့ကြောင့် ကံကံ၏အကျိုးကို ယုံကြည်လျှင် အေးရပါမည်။ ပူလောင်မှု ကင်းရပါမည်။

အများနှင့် အမှန်၊ အကောင်းနှင့် အဆိုးကို သိရန်မှာ ဉာဏ်၏ အရာသာဖြစ်သောကြောင့် ဉာဏ်မှာ လင်းရပါမည်။ ဉာဏ်မလင်း၍ မှောင်လျှင် မည်းပေလိမ့်မည်။ အမှောင်ကင်း၍ ဉာဏ်ရောင်လင်းလျှင် ဖြူပေလိမ့်မည်။

အများနှင့် အမှန်၊ အကောင်းနှင့် အဆိုးကို ဉာဏ်ဖြင့် ခွဲခြားနိုင်လျှင် လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ်စေတသိက်ကို ပယ်ဖျောက်၍ အမှန်ကိုသာ အားထုတ်လုပ်ကိုင်ခြင်းသည် ဖြောင့်သော ဝီရိယပင်ဖြစ်ပါ၏။

ထို့ကြောင့် ဝိဇ္ဇာပညာကို လိုက်စားကြသူတို့သည် -

ကံကို ယုံကြည်သဖြင့် အေးရမည်။

ဉာဏ်ကို ယုံကြည်သဖြင့် ဖြူရမည်။

ဝီရိယကို ယုံကြည်သဖြင့် ဖြောင့်ရမည်။

ထိုမှတစ်ပါး -

ကံကို မယုံကြည်လျှင် ပူလိမ့်မည်။ (လောဘ၊ ဒေါသ၊ မောဟ)

ဉာဏ်မရှိလျှင် မည်းလိမ့်မည်။ (အဝိဇ္ဇာ)

ဝီရိယမရှိလျှင် ကောက်လိမ့်မည်။ (အကုသိုလ်)

ထို့ကြောင့်ပင် ဖခင်ကြီးက ဤစာအုပ်စာမျက်နှာ (၅)ပါအတိုင်း သတိပေးနှိုးဆော်ချက်ဖြင့် ပညာရင်နို့ သောက်စို့ကြသူ သားတပည့် အပေါင်းတို့အား မှာကြားပေသတည်း။

## ရွှေရင်ကျော်ကောင်းတစ်ယောက် ဖြစ်မြောက်ရေး

ရွှေရင်ကျော်ပညာသည် မြင့်မြတ်ဖြူစင်သော သူတော်ကောင်း ပညာဖြစ်သည်။ မြင့်မြတ်ဖြူစင်လေလေ ကျွန်ုပ်တို့ ရစေသည့် သိဒ္ဓိများ ပြည့်ဝလေလေ ဖြစ်သည်။ ဝိယသိဒ္ဓိကို အလိုရှိသော သူသည် ဖေါသစိတ်ကို ကင်းစေ၍ မေတ္တာစိတ်ကို ပွားများရသည်။

မိမိကိုယ်တိုင် တစ်ဦးတစ်ယောက်အပေါ် မုန်းထားသောစိတ်များ ပွားများပါက တစ်ပါးသူလည်း မိမိကို မုန်းထားလိမ့်မည်။ ရွှေရင်ကျော် ပညာကို ခံယူထားပြီးဖြစ်၍ အလိုလိုဝိယသိဒ္ဓိရှိနေလိမ့်မည် မဟုတ်ပါ။ သိဒ္ဓိဆိုသည်မှာလည်း အလကားရသော အရာမဟုတ်ပေ။ ချီးမြှင့်နိုင်သော သိဒ္ဓိရှင်တို့က ချီးမြှင့်ရသော သိဒ္ဓိကို ရလိမ့်မည်။

သိဒ္ဓိချီးမြှင့်နိုင်သော အထက်ဝိဇ္ဇာများနှင့် သမ္မာဒေဝ နတ်မြတ်နတ်ကောင်းတို့သည် ချီးမြှင့်ထိုက်သူကိုသာ ချီးမြှင့်ကယ်မလိမ့်မည်။

ရွှေရင်ကျော်ပညာသည် ခံယူခြင်းဖြင့် သူတော်ကောင်းနယ်ပယ်ထဲသို့ သစ္စာသုံးချက်အမိကထား၍ ရောက်ရှိလာခြင်းဖြစ်သည်။ ဤသစ္စာသုံးချက်သည် ဆင်ရိုင်းကို ကျူးဖဲ့သို့ ရောက်အောင်သွင်းသော ကျူးသမွယ်မျှသာ ဖြစ်သည်။

- အရက်သေစာကို မသောက်စားခြင်း။
- နွားသား၊ ကျွဲသားကို မစားခြင်း.
- သူများသားမယားကို မကျူးလွန်၊ မစော်ကားခြင်း။

ဤသစ္စာကို စောင့်ထိန်းပါက ပယောဂအာပေါင်း၊ အဆိပ်အပေါင်းတို့ကို နိုင်နင်းစွာ ကုသနိုင်သော စေတိုင်အာထာပိုင် ဆရာတစ်ဆူအဝသို့ ချက်ချင်းသက်ဝင်းရောက်ရှိသည်။ သတ္တဝါတို့၏ အသက်အန္တရာယ်ကို ကယ်ဆယ်နိုင်သည်။ မိမိအားလည်း မည်သည့် ပယောဂအပေါင်း၊ အဆိပ်အပေါင်းကမျှ အသက်အန္တရာယ်မပြုနိုင်။

ဤဆန္ဒပြည့်ဝရန်အတွက် ရွှေရင်ကျော်ဂူသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ဆင်ရိုင်းသည် ကျုံးအတွင်းသို့ ရောက်ရှိလာလျှင် ဆင်ယဉ်ဖြစ်ရန် မခဲယဉ်းတော့ပါ။ နဂိုက ရိုင်းသော စိတ်များကို ပယ်ဖျောက်၍ယဉ်သောစိတ်များ၊ တဖြည်းဖြည်းတိုးတက်ပွားများလာဖို့သာ ရှိပါ၏။

ဤရွှေရင်ကျော် ဣန္ဒာသယ မဟာဗိန္ဓိစေတီတော်ကြီးကို စောင့်ရှောက်တော်မူကြသော အဘဆရာကြီးများ၊ နတ်မင်းကြီးများတို့သည် သူတော်စင် သူတော်ကောင်းများ ဖြစ်၏။ သူတော်စင်၊ သူတော်ကောင်းတို့ မည်သည် မသူတော်တို့ကို စောင့်ရှောက်ခြင်း၊ ကူညီခြင်းများပြုမည် မဟုတ်သည်မှာ မြေကြီးလက်ခတ်မလွဲပေ။

သိဒ္ဓိအပေါင်းကို အလိုရှိ၍ တစာစာတောင်းခဲ့ပါသော်လည်း ဖြူစင်သောစိတ် ကင်းမဲ့ခြင်း၊ အကုသိုလ် ဇရိက်များ အားကြီးခြင်းရှိမူ မည်သည့်ပုဂ္ဂိုလ်ကမှ ဝီယ၊ မနစသော သိဒ္ဓိတို့ကို ချီးမြှင့်မည်မဟုတ်ပါ။ သူတော်ကောင်းများ သာဓုခေါ်နိုင်လောက်အောင် စိတ်နေစိတ်ထား အမှန်ရှိပါက ပစ္စက္ခကျသည် ဖြူစင်နေသဖြင့် သိဒ္ဓိအမျိုးမျိုးတို့ကို ထိုက်ထိုက်တန်တန် ရရှိခံစားရပေလိမ့်မည်။

ထို့ကြောင့် ရှေးရင်ကျော်ဂိုဏ်းသို့ ဝင်သည်နှင့် သူတော်ကောင်း ပုဂ္ဂိုလ်ကြီးများ၏ အစောင့်အရှောက်ရှိလာပြီ ဖြစ်ရာ သူတော်ကောင်း ပုဂ္ဂိုလ်များ နှစ်လိုသည့် ကိုယ်နှုတ်အမူအရာအပြင် စိတ်နေစိတ်ထား ကိုပါ ပြုပြင် ကျင့်သုံးသင့်လှပေသည်။

ရှေးရင်ကျော် ပညာကို ရယူပြီးသည့်နောက် ပယောဂအပေါ်တွင် နိုင်သည်ဆိုသော်လည်း အကြောင်းမဲ့ နိုင်ခြင်းမဟုတ်ပါ။ လူတို့၏ အသက် စည်းစိမ်အန္တရာယ် ထိခိုက်နစ်နာစေရန် ပြုစားနှောင့်ယှက် သတ်ဖြတ်မှုကို ဖယ်ရှားကယ်တင်ရာတွင်သာ မေတ္တာဖြင့် နိုင်ခြင်းဖြစ် ပါ၏။

မသူတော် အောက်လမ်း မိစ္ဆာ၊ စုန်း၊ နတ်၊ တစ္ဆေ ကဝေနှင့်တကွ အဆိပ်ဖေါ်သ ခက်ထန်သော မြွေဆိုးတို့ကိုသော်မှ မုန်းတီးသော နိုင်ခြင်း မျိုး မရှိရပါချေ။ မညီမျှ ခက်ထန် ကြမ်းကြုတ်ပါစေ၊ မေတ္တာမပျက်ရပါ။ ထို့ကြောင့် ရှေးရင်ကျော်ပညာသည် နတ်၊ လူတွင်သာမက သရဲ ပြိတ္တာ နှင့် တိရစ္ဆာန်တို့ကပါ ချစ်ခင်ရသော ဝိယရှိလေသည်။ ဤသို့ဆိုလျှင် လူလူချင်း မိမိအပေါ် မညီမျှပင် မကောင်းစိတ်ထားစေကာမူ မုန်းတီး ခြင်းမရှိဘဲ မေတ္တာစိတ်ဖြင့်သာ ခွင့်လွှတ်ရပါမည်။

မိမိ၏ စိတ်ဓာတ်သည် မိမိကိုယ်ကို ကောင်းအောင် ဆိုးအောင် စီရင်တတ်ပါသည်။ ကောင်းသော စိတ်စေတနာသည် ကောင်းသော အကျိုးတရားများကိုသာ ဖြစ်စေပါ၏။

ထို့ကြောင့် တပါးသူကို အများအမှန်ဝေဖန်ခြင်းထက် မိမိကိုယ်မိမိ ဝေဖန်ခြင်းသည် အကောင်းဆုံး ဖြစ်ပေ၏။ တစ်ပါးသူကို လိမ်လည်လှည့် စား၍ မရနိုင်ပါ။ ထို့ထက်ပို၍ အဘဆရာကြီးများကို လိမ်လည် လှည့်စား၍ မရနိုင်ပါ။

မိမိ၏ စိတ်နေစိတ်ထားများက မသန့်ရှင်း၊ မဖြူစင်ပါဘဲလျက် အထက်ဂိုဏ်းသို့ ဝင်ရုံမျှဖြင့် သိဒ္ဓိအဖုံဖုံ ရရှိလာပြီး စီးပွားလာဘ်လာဘ များ တိုးတက်လာလိမ့်မည်ဟု ထင်မှတ်သော်လည်း ထင်တိုင်းမပေါက် သောအခါ ဂိုဏ်းကို ဝေဖန်တတ်ပါ၏။

ထို့ကြောင့် ရွှေရင်ကျော်ကောင်းတစ်ယောက်ဖြစ်ရန် မိမိကိုယ်ကို မိမိ ပြန်လည်ဝေဖန်ဆန်းစစ်ရင်းဖြင့် သူတော်ကောင်း ကြိုက်သော စိတ်ဓါတ်နှင့် ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို ပြုပြင်ပစ်ရပါမည်။ သို့မှသာ ရွှေရင်ကျော် ဆရာကောင်းဖြစ်သည်ပြီး အခါမလပ် အေးချမ်း သာယာသော ဘဝကို ရရှိနိုင်ပါလိမ့်သတည်း။

✧ ✧ ✧ ✧ ✧

ရွှေရင်ကျော် ပညာကို ခံယူပြီးသူတို့သည် မိမိတို့၏ ပညာကို အသက်နှင့်ထပ်တူ ယုံကြည်ရမည်။ ရဲရဲဝံ့ဝံ့ လုပ်ဆောင်ရမည်။ ပညာ၏ ထူးခြားသိဒ္ဓိ ကြီးမားကြောင်းကို လက်တွေ့မဟုတ်လျှင် မသိနိုင်၊ အပြောထက် လက်တွေ့မှ ရထားပြီး ပညာဟု နိုင်မြဲ စေလိမ့်မည်။

ယုံရမည်။
ရဲရမည်။

# ဤစာအုပ်တွင် ပါရှိသမျှ

ဤလက်တွေ့ ပယောဂကုထုံးကျမ်းကို အစအဆုံး ဖတ်ရှုလေ့လာကြသူတို့သည် ပယောဂကုသရေးဆိုင်ရာ သဘောတရားနှင့် လက်တွေ့ ကျွမ်းကျင်မှုရှိစေရန် မည်မျှ တတ်သိနားလည်ပြီးဖြစ်ကြောင်း မိမိကိုယ်ကို ပြန်လည်ဆန်းစစ်နိုင်ခြင်းငှာ ဤအချက်များကို ခြုံငုံ၍ အမေးပုစ္ဆာများ ထည့်သွင်းလိုက်ပါသည်။ ယင်းအမေးပုစ္ဆာ၏ အကြောင်းအရာများမှာ ဘေးမှာပါသော စာမျက်နှာနံပါတ်များတွင် ပါရှိ၏။


၁။ အခြေခံစမ်းနည်းစမ်းကွက်ဘယ်နှစ်မျိုးရှိသနည်း။ ၁၂

၂။ ရူးသွပ်နေသူ၊ ဆွံ့အနေသူ ဝေဒနာရှင်ကို ပယောဂဟုတ်သည်မဟုတ်သည် မည်ကဲ့သို့ စမ်းသနည်း။ ၁၄

၃။ ပယောဂမစမ်းမီ ပြုလုပ်ရမည့် အချက်များကား အဘယ်နည်း။ ၁၅-၁၆

၄။ ထိုးနှံထားသော ဆေးဝါးများ၊ သောက်မျိုထားသော အင်းများ၊ ဆောင်ထားသော လက်ဖွဲ့များကို မည်သည့်အတွက်ပယ်၍ စမ်းသပ်ရသနည်း။ ၁၅

၅။ လူနာ၏ အသက်နှင့် နှာအပြင် အအပ်ခံရန် အခြား မည်သည့်အရာများ ရှိသနည်း။ ၁၅

၆။ လူနာအား အနံ့ဖြင့် စမ်းသပ်သောအခါ မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။ ၁၆

၇။ လူနာက အနံ့တစ်မျိုးမျိုးရပြီဆိုလျှင် မည်ကဲ့သို့ ဆက်၍ အမိန့်ပေးပြောဆိုရမည်နည်း။ ၁၇

၈။ အနံ့မရသော် ပယောဂဖြစ်နိုင်ပါသေးသလား ၁၇

၉။ ပယောဂအလိုက် အနံ့အမျိုးမျိုးကို သိပါသလား ၁၇

၁၀။ ကြက်ချေးစော်နံသောအခါ မည်သို့ယူဆမည်နည်း။ ၁၈

၁၁။ မြေတောက်မ၍ စမ်းသပ်ရန် လူနာအနေအထား မည်ကဲ့သို့ ရှိရမည်နည်း။ ၁၉

၁၂။ ဇက်သိမ်း၍ စမ်းခြင်းကို အဘယ်ကြောင့်ပြုရသနည်း ၂၀

၁၃။ ပျံ့လွင့်နေသော ပယောဂဇက်များကို သိမ်းသောအခါ ပေးရမည့် အမိန့်ကို သိပါသလား ၂၀

၁၄။ ဇက်ဆွဲ စမ်းပုံစမ်းနည်းကို ဖော်ပြပါ ၂၂

၁၅။ မြေတောက်မကပ်သော ပယောဂဖြစ်၍ ရောဂါဝေဒနာ သေသည်ဟု ယူဆနိုင်ပါသလား ၂၂

၁၆။ ဇက်လှည့်စမ်းခြင်းအကြောင်း ဖော်ပြပါ ၂၄

၁၇။ ဇက်လှည့်၍ စမ်းသောအခါ လူနာ၌ ဖြစ်ပေါ်ခံစား ရတတ်သော ခံစားမှုများမှာ မည်သို့နည်း ၂၄

၁၈။ ဇက်ဆွဲဇက်လှည့် စမ်းမှမိသော ပယောဂသည် ပူးဝင်ထားနိုင်ပါသလား ၂၆

၁၉။ ဇက်တောက်စမ်းသပ်ပုံကို ဖော်ပြပါ ၂၆

၂၀။ လူနာကို ပယောဂစမ်း၍ မတွေ့ရတော့လျှင် မည်သည့် အရာကို ဆက်၍ စမ်းရမည်နည်း။ ၂၇

၂၁။ သူနာက ခံယူထားသောဆေးဝါး အင်းစသည်များကို ဖယ်ရှားပြီး ကုသပေးရာ၌ အရေးကြီးသော အချက်မှာ မည်သည့်အချက်နည်း။ ၂၆
၂၂။ စိတ်ကူးဖြင့် ထားသော ဘုရားပွဲ၊ ဘိုးဘိုးအောင်ပွဲ၊ မယ်တော်ပွဲများတွင် အတိုက်အခိုက်ဖြစ်နိုင်သလား။ ၂၇
၂၃။ ပယောဂတစ်ခုရှိရင် ကပ်ထားဟူသော အမိန့်ကို လွှဲရှောင်တတ်သော ပယောဂများရှိပါသလား။ ၃၀
၂၄။ ဝေဒနာရှင် သဘောတူမှ ကုသ၍ ရသော ပယောဂများကို သိပါသလား။ ၃၁
၂၅။ သွေးရိုးသားရိုးရောဂါဆိုရင် ကပ်ထားဟု အမိန့်ပေး၍ ကပ်နေခဲ့သော် ပယောဂဖြစ်ပါသလား။ ၃၁
၂၆။ သွေးမင်လေမင်တို့ရှိပါက မည်ကဲ့သို့ ဖယ်ရှား ကုသရမည်နည်း။ ၃၂
၂၇။ ရောဂါဝေဒနာနှင့် ပယောဂခွဲခြားစမ်းသပ်လျှင် မည်ကဲ့သို့ ပြဿနာဖြစ်ပေါ်နိုင်သနည်း။ ၃၃
၂၈။ ပယောဂကြောင့် ဗိုက်အောင့်သောရောဂါကို ကုသပြီး သော်လည်း၊ အနည်းငယ်အောင့်နေသေးလျှင် မည်သည့်အတွက်ကြောင့်နည်း။ ၃၄
၂၉။ ပယောဂစမ်းသပ်လျှင် အဘယ့်ကြောင့် ခေါက်လမ်း နှင့် ရွာသူကို ဦးဆုံးစမ်းသပ်ရသနည်း။ ၃၆
၃၀။ စမ်းသပ်ဆဲကာလတွင် ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘဲ ထူးခြားစွာ ဖြစ်ပေါ်လာတတ်သော အခြေအနေများကို သိပါသလား၊ ၃၇

၃၁။ ခြေဆင်းကတည်းက ကပ်နေသူအား ပေါ်သွားရန် အဆင့်ဆင့်ပြုလုပ်နည်းများကို သိပါသလား ၄၀
၃၂။ စိတ်လျှော့၍ မမှပေါ့သောသူမျိုးသည် မည်သည့်စက် ရှိ၍ ဖြစ်သနည်း။ ၄၂
၃၃။ စမ်းသပ်စဉ် ပူးဝင်သူအား မည်သို့ ပြုရမည်နည်း။ ၄၃
၃၄။ သတိလစ်သလို တက်ချက်နေသူအား ပယောဂဟုတ်၊ မဟုတ် မည်ကဲ့သို့ ပြုကြည့်ရမည်နည်း။ ၄၄
၃၅။ လူစိတ် ပျောက်အောင် သတိလစ်တက်ချက်နေသူ မဟုတ်ပါက လူနာသည် မည်သို့သော ပယောဂ ဖြစ်သနည်း။ ၄၅
၃၆။ စက်ပြောင်းစမ်းသပ်ခြင်း ပြုသင့်သော လူနာများမှာ အဘယ်ကဲ့သို့သော လူနာမျိုးဖြစ်သနည်း။ ၄၆
၃၇။ မည်ကဲ့သို့သောသူတို့သည် စက်ပြောင်းအစမ်းခံရမည် ကြားလူအဖြစ် အကောင်းဆုံးနည်း။ ၄၇
၃၈။ ပယောဂဝေဒနာကို အပြင်၌ချုပ်လျှင် မည်သို့ဖြစ် တတ်သနည်း။ ၄၉
၃၉။ အဆောင်လက်ဖွဲ့များ၊ ခါတ်လုံးများ၊ အင်းများကို မည်သည့်အခြေအနေမျိုး၌သာ စမ်းသပ်သင့်သနည်း။ ၅၀
၄၀။ ပွဲပြင်ရန် အစီအစဉ်ကိုဖော်ပြပါ။ ၅၆
၄၁။ မီးပူဇော်ရာတွင် လိုက်နာရမည့် အချက်များ သိပါသလား။ ၅၇
၄၂။ ညဘက် ပယောဂကုသလျှင် မည်သို့ဖြစ်တတ်သနည်း။ ၅၈

၄၃။ ပူးဝင်နေသူအား ဘေးမှ ဆေးလိပ်၊ ရေစသည်
ပေးခြင်းကို အဘယ့်ကြောင့် လက်မခံရသနည်း။ ၆၀

၄၄။ အပင်းချဆေး မတိုက်သင့်သော သူများကား
အဘယ်သူမျိုးနည်း။ ၆၁

၄၅။ အပြင်စက် အမြင်ပေးရာတွင် သတိပြုရမည့်
အချက်ကို သိပါသလား။ ၆၂

၄၆။ အစွဲ ခေါ်ရာ၌ အမျိုးသမီးလူနာဖြစ်လျှင် ဦးစွာ
မည်သို့ ပြုရမည်နည်း။ ၆၂

၄၇။ စက်လေးမျိုးအကြောင်း ဖော်ပြပါ။ ၆၄

၄၈။ ပညာသည်စက်ရရှိလာတတ်ပုံများကို သိပါသလား။ ၇၀

၄၉။ အတွင်းစက်ကုသရာတွင် မေးရမည့် အဓိကအချက်
ကြီးများကား အဘယ်နည်း။ ၇၆

၅၀။ မည်သည့်အခါတွင် အစွဲကို ထိပ်ပုတ်ပြသင့်သနည်း။ ၈၄

၅၁။ အပြင်စက်ကုသရာတွင် လူနာကို ကြည့်နေသော
ပယောဂကား အဘယ်ပယောဂများနည်း။ ၉၁

၅၂။ အပြင်စက် အမြင်ကို ခေါ်၍ မရလျှင် မည်သို့
ပြုလုပ်ရမည်နည်း။ ၉၅

၅၃။ လက်လွှတ်ဖြစ်သော်လည်း အမြင်ပြသည့် သဘောကို
သိပါသလား။ ၉၆

၅၄။ အပြင်စက် လက်လွှတ်ကုသနည်းကိုဖော်ပြပါ ၉၇

၅၅။ အပင်းချဆေးနှင့်အတူ တိုက်ရမည့် စမပုံစံကိုရေးပါ ၉၈

၅၆။ စက်ဖြတ်ခြင်း သဘောတရားကိုသိပါသလား ၁၀၀

၅၇။ လူနာအား မကုသခင် ပယောဂစက်များသည်
မည်ကဲ့သို့ ရှိနေတတ်သနည်း။ ၁၀၀

၅၈။ စက်များ ပျံလွှင့်နေစဉ် စမ်းသပ်ခြင်း၊ ကုသခြင်း
ပြုပါက မည်သို့ဖြစ်တတ်သနည်း။ ၁၀၁

၅၉။ ပယောဂကုသပြီး၍ စက်ဖြတ်သောအခါ စက်များ
မည်ကဲ့သို့ ဖြစ်ကုန်သနည်း။ ၁၀၁

၆၀။ အိမ်၊ ခြံ၊ မြေတို့ကို အတိုက်အခိုက်မတွေ့ရလျှင်
ပယောဂကုသပြီးသောအခါ စက်ဖြတ်ရန်
လိုအပ်ပါသလား ၁၀၂

၆၁။ စက်ဖြက်ရေမန်းဂါထာကို ဖော်ပြပါ။ ၁၀၃

၆၂။ စက်ဖြတ်စဉ် လူနာအနေအထား
(လူနာမိန်းမဖြစ်လျှင် ဆံပင်ကို ဖြေချထားစေရမည့်
အချက်ကို မမေ့ပါနှင့်) ၁၀၃

၆၃။ လူနာကို စက်ဖြတ်ပြီး ဆက်လက်ပြုလုပ်ရမည့်
အချက်ကို သိပါသလား ၁၀၄

၆၄။ ဆန်မန်း၊ သဲမန်း ပြုလုပ်ပုံကို ဖော်ပြပါ။ ၁၀၆

၆၅။ ဆန်မန်း၊ သဲမန်း စမကို ရေးပါ။ ၁၀၆

၆၆။ ဆန်မန်း၊ သဲမန်းပြုလုပ်ရာ၌ ရွတ်ရမည့်ဂါထာကို
ဖော်ပြပါ။ ၁၀၇

၆၇။ ဆန်မန်း၊ သဲမန်း ပက်ပုံကို သိပါသလား ၁၀၇

၆၈။ သိပ်ပြာချပ်ကြီး ပြုလုပ်ရာတွင် ရွတ်ဆိုမည့်
ဂါထာကို ဖော်ပြပါ။ ၁၀၉

၆၉။ ကလေးငယ်များတွင် အနှောင့်အယှက်ရှိသည်
ဟု ယူဆပါက မည်သို့ ယူဆမည်နည်း။ ၁၁၀

၇၀။ လူမှု မှုခြင်း အခြေခံအကြောင်းများကိုသိပါသလား။ ၁၁၀

၇၁။ တကာယ်ပယောဂနှင့် လူပူးပယောဂတို့ ကွဲပြား
ခြားနားပုံကို ဖော်ပြပါ။ ၁၁၃
၇၂။ မြွေကိုက် ကုရ၊ မရ စမ်းသပ်ပုံကိုဖော်ပြပါ ၁၁၆
၇၃။ မြွေဆိုသည့် အဆိပ်ရှိသတ္တဝါများ အကိုက်ခံရသော
လူနာကို ဦးစွာပြုလုပ်ရမည့် အချက်ကိုသိပါသလား ၁၁၆
၇၄။ ခွေးရူးအကိုက်ခံရသော လူနာကို ကုသပုံ ၁၁၈
၇၅။ ခွေးရူးပြန်ဖြစ်နေပြီဖြစ်သော လူနာအား
မည်ကဲ့သို့ ကုသမည်နည်း။ ၁၁၈
၇၆။ ရှေးရင်ကျော်ပညာသည် ကာလဝမ်းရောဂါကို
အဘယ့်ကြောင့် ကုသနိုင်ခြင်း ဖြစ်ပါသလဲ ၁၁၉
၇၇။ အဘဆရာအေး၏ ဝမ်းရောဂါပျောက်ဂါထာတော်ကြီး
ကို ရပါသလား၊ ၁၂၀
၇၈။ သွေးရိုးသားရိုး ဖျားနာလျှင် မည်သို့ကုသနိုင်
ပါသနည်း။ ၁၂၀
၇၉။ မင်းလေးပါး ပယောဂနာ၌ ပါဝင်သော ဆေးစုကို
သိရပါသလား။ ၁၂၃
၈၀။ တန်ပြန်စမများကို မည်သည့် ပယောဂ၌
သုံးစွဲရမည်နည်း။ ၁၂၄
၈၁။ မီးစက်အသုံးပြုသောအခါ လိုက်နာရမည့် အချက်ကို
သိပါသလား၊ ၁၂၆
၈၂။ စက်မိသောအခါ မည်ကဲ့သို့ ဖြစ်တတ်သနည်း။ ၁၂၆
၈၃။ စက်မိလျှင် မည်ကဲ့သို့ ပြုရမည်နည်း။ ၁၂၇

၈၄။ အဓိပ္ပါယ်ပေးသော စကားလုံးများ လွဲမှားလျှင် မည်ကဲ့သို့ ဖြစ်တတ်သနည်း။ ၁၂၈

၈၅။ စွဲရင်းတိုင်းရောက် ဟူသော စကားလုံး ဖြစ်ပေါ်လာပုံကို သိပါသလား။ ၁၂၉

၈၆။ ဆိုင်ရာကဟု ခေါ်လျှင် မည်သူတွေ ရောက်လာ တတ်သနည်း။ ၁၂၉

၈၇။ မူလပြန်ဟူသော စကား၏အဓိပ္ပါယ်ကို သိပါသလား ၁၃၀

၈၈။ ပယောဂ၌ မူလပြန်ပုံ ဘယ်နှစ်မျိုးရှိသနည်း။ ၁၃၁

၈၉။ ရွှေရင်ကျော် ဣန္ဒာသယမဟာဒွိစေတိယ်တော်ကြီးဟူ သော အမည်ကမ္ဗည်း ဖြစ်ပေါ်လာပုံကို သိပါသလား ၁၃၂

၉၀။ ဒွါရအားလုံး ပိတ်ခြင်းဆိုသည်မှာ အဘယ်သို့နည်း ၁၃၃

၉၁။ ရွှေရင်ကျော်ကောင်းတစ်ယောက် ဖြစ်မြောက်ရေး၌ အရေးကြီးသော ခံယူချက်များ အကြောင်းကို စိတ်ဝင်စားဖွယ် ဖော်ပြပါ။ ၁၃၉


✧✧✧✧✧

# သိဒ္ဓိ (၁၀)ပါး

၁။ ဝီယ သိဒ္ဓိ

၂။ ကာယ သိဒ္ဓိ

၃။ ဓန သိဒ္ဓိ

၄။ လာဘ သိဒ္ဓိ

၅။ ပယောဂ သိဒ္ဓိ

၆။ ပထဝီ သိဒ္ဓိ

၇။ တေဇော သိဒ္ဓိ

၈။ ဥဒက သိဒ္ဓိ

၉။ အာဟာရ သိဒ္ဓိ

၁၀။ အာကာသ သိဒ္ဓိ

ကျွန်ုပ်တို့ ရွှေရင်ကျော် ကုဏ္ဍာသသယ မဟိဒ္ဓိစေတိယထီးတော်ကြီးတွင် မိမိတို့ သစ္စာကြောင့် ပယောဂအပေါင်း၊ အဆိပ်အပေါင်းတို့မှ လုံခြုံ စိတ်ချ၍ ပယောဂနှင့် အဆိပ်ကြောင့် အသက်အန္တရာယ် ဖြစ်အံ့သော ဝေဒနာသည် လူနာတို့အား ကုသပယ်ရှား နှိမ်နင်းနိုင်ကြသည်။

ထိုမှတပါး ကောင်းသော အကျင့်သီလ ဆရာတို့ကြောင့် အထက်ပါ (၁၀)ပါးသော သိဒ္ဓိတို့ကို မလွဲမသွေ ရရှိနိုင်ခဲ့ခြင်းကို ယုံကြည်ပါလေ။

# တန်ပြန်ဟူသည်

မိမိတို့ပညာ၌ မြင်သာသော တန်ပြန်မှာ ဓာတ်လမ်းမိစ္ဆာတို့၏ တိုက်ခိုက်မှုအားလုံး သူ့အတတ်နှင့်သူ ပြန်၍ ထိခြင်းပင်ဖြစ်၏။

မမြင်အပ်သော တန်ပြန်မှုကား . . .

ထားရှိအပ်သော မေတ္တာ စေတနာတရားပင်ဖြစ်ပေသည်။

မေတ္တာသည် အလွန်လျှင် စူးရှထက်မြက်၍ အားကောင်းလှပေသည်။

ထိုအားကောင်းသော မေတ္တာကို မခံယူနိုင်၍ စေတနာမမှန်လျှင်လည်း တန်ပြန်ဖြစ်တတ်ပါ၏။

ထို့ကြောင့် စေတနာမှန်ပါစေသတည်း။

◇◇◇◇◇

## ကျောဝေါ်ကို မတက်နှင့်

- ရင်ခွင်အောက်မှာ နေမလား။
- ကျောပေါ်ကို တက်မလား
- ရင်ခွင်အောက်မှာ နေလျှင်
- သိမ်းစွန်ရဲတို့ အန္တရာယ်မှ လုံခြုံ၍
- ချမ်းမြေ့ရပေမည်။
- ကျောပေါ်ကို တက်လျှင်
- သိမ်းစွန်ရဲတို့ အသုတ်ခံရ၍ ဒုက္ခတွေ့ချေမည်။

ထို့ကြောင့်...

- ဆရာကို မကျော်လွှားပါနှင့်။

✿

## “ရှောင်ကြဉ်စရာ အလေ့တွေ”

ရှေးရင်ကျော် ပညာသည် အစွမ်းထက်မြက်၍ ပယောဂနှင့် အဆိပ် ကြောင့်ဖြစ်သော ဝေဒနာဆိုး ဘေးအန္တရာယ်ဆိုးတို့ကို နေရာမရွေး အချိန်ကာလမရွေး ကယ်မကုသနိုင်သည်မှာ အထူး ပြောဖွယ်ရာ မလိုချေ။

သို့ပါသော်လည်း ဆရာပင့်လာခေါ်သောအခါ အဘိုးတော်ဟန် ကိုယ်တိုင် မှာကြားခဲ့ဖူးသော ရှောင်ကြဉ်စရာ အချက်များကို ရှောင်ကြဉ်အပ်ပါသည်။

ယင်းတို့မှာ...

၁။ ဆရာပင့်ခေါ်လာသူသည် ရေကြီးသုတ်ပြာ ဗျာမြွေ့ အမူအရာဖြင့် လာရောက်ပင့်ခေါ်သောအခါ

၂။ ဆရာ၏ အိမ်ပေါ်သို့ တက်ရောက်မလာဘဲ အိမ်အောက်မှ အကါဝရုန်းညီးဖြင့် ပင့်ခေါ်သောအခါ

၃။ ဝါရမိတ္တရက်၌ ဆေးကုရန် ခရီးထွက်ခြင်း မပြုအပ်။

၄။ ဆေးကုရန်သွားစဉ် လမ်းခရီး၌ မသာ-အသုဘများကို ဖြတ်ကျော်၍ မသွားအပ်၊ ကွေ့ရှောင်လွှဲဖယ်၍ သွားနိုင်သည်။

## မာန်ကိုနှိမ့်ချ

ပယောဂ မကောင်းဆိုးဝါးများကား ယင်းတို့၏ မာန်ကို ချိုးနှိမ် မရချေ။ ယင်းတို့သည် လူတို့၏ အစွမ်းသတ္တိများကြောင့် မာန်ဝင်နေတတ်၏။

ရှေးရှင်ကျော်ပညာဖြင့် မကောင်းဆိုးဝါးကို နှိမ်နင်းနိုင်သော အစွမ်းသတ္တိရှိသူ ဆရာများအပို့ကား အောင်မြင်လာသောအခါ အောင်မြင်မှု၏ ဖိအားကို မခံနိုင်လျှင် မာန်တက်၍ လာတတ်ကြောင်း သတိချပ်ရပေမည်။ ထို့ကြောင့် မာန်မာနတည်းဟူသော ပယောဂကို လည်း နှိမ်နင်းနိုင်ကြရပါမည်။

✧✧✧✧✧

မှုပိုင်

ရွှေရင်ကျော် ဂုဏ္ဍာသယ မဟာဗိန္ဓောဂိတ်တော်ကြီး

နာယက ဆရာကြီး ဦးစံသိန်း၊

အမှတ်(၂၈၇/၂၈၈)၊ မြသိန်းတန်လမ်း (၁၀)ရပ်ကွက်၊

ဓနုဖြူမြို့။

(တစ်ဆင့် ပြန်လည်ကူးယူပုံနှိပ်ခြင်း လုံးဝခွင့်မပြု)